

www.burmeseclassic.com
BURMESE CLASSIC
မိကိုရူးရင်
ဦးလေးကြီး
www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကိုရှူးစင်

## ဦးလေးကြီး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၇၇၀၅၁၀

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၀၉) ချစ်မင်းလွင်စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- [illegible]ာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- [illegible]ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူ
မောင်ကျော်လှိုင်
[illegible]


# မိကိုရှူးရင်

# ဦးလေးကြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

လူပျိုကြီး ဦးကျော်ကျော်မောင်ရဲ့ အကြည့်တွေ အောက်သို့ ကောင်မလေးတစ်ယောက်က တိုးဝင်လာရသည်။

"ဟင် ... "

ကောင်မလေးတစ်ယောက် ...

သူ့ အခန်းဘေးကို ပြောင်းလာတာပဲ ဖြစ်နိုင်သည်။

အကြည့်တွေက စူးစိုက်သွားရ၏။

ရင်တွေ ခုန်သွားသလိုပင်။

ဟာ ...

ဘယ်လိုဖြစ်ရတာလဲ။

ငါ ...

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး စိတ်မလှုပ်ရှားဘူး။

ဘာဖြစ်တာလဲ။

"ဟင်း ... "

သက်ပြင်းမောကြီးကို ချမိသည်။

အောက်မှာ ကောင်မလေးတစ်ယောက်။

ပစ္စည်းတွေကို သယ်ပိုးပြီး လှေကားတွေအတိုင်း တက်သွားသည်။

သူ့အခန်းဘေးမှာ အခန်းပြောင်းရွှေ့နေခြင်းဖြစ်၏။

မဖြစ်သေးပါဘူး။

ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ရပြီး သူ့စိတ်တွေက ရုတ်တရက် လှုပ်ရှားနေရသည်။

စိတ်တွေကို ထိန်းချုပ်ရ၏။

ကျော်ကျော်မောင် ...

မင်း ဘာဖြစ်နေတာလဲ။

ကောင်မလေးတစ်ယောက်ကို မြင်တာနဲ့ ဒီလောက်အထိ စိတ်လှုပ်ရှားရလား။

မဟုတ်သေးပါဘူး။

ဘဝတစ်သက်တာလုံး လူပျိုကြီးပဲ လုပ်တော့မယ်လို့ မင်း ဆုံးဖြတ်ထားခဲ့တာပဲ မဟုတ်လား။





ကောင်မလေး ... ဘယ်က ပြောင်းလာတာလဲ။

ရှော့ပင်နံအတိုလေးနဲ့ တီရှပ်အပျော့စားလေးကို ဝတ်ထားသည်။

ကျောမှာ ဆံပင်အရှည်ဖြောင့်ဖြောင့်တွေက ဘယ်ညာ ယိမ်းခါနေ၏။

ကြည့်ရတာ တစ်မျိုးပဲ။

ခေတ်ရေ့ပြေးမှုနှင့် ယဉ်ကျေးမှု။

သူမဝတ်စားပုံက ခေတ်မီပြီး ဆံပင်အရှည်ကြီး ကျောပေါ် ချထားတာတော့ ယဉ်ကျေးနေပြန်သည်။

စိတ်ဝင်စားဖို့ကောင်းတဲ့ ... ကောင်မလေးတစ်ယောက်ပဲ။

"မေမေ ... ဖျို့ လိုက်သယ်ပေးရဦးမလား ... "

"ရပါပြီ မေပျို့ဖြူရယ် ... တော်ပါပြီ ... ညည်းအနားဝဲယူပါတော့ ... "

"အဟက် ... "

အသံတွေ ကြားနေရသည်။

ဖျို့တဲ့ ...

မေပျို့ဖြူတဲ့။

ဦးကျော်ကျော်မောင်က တည်တည်တန့်တန့်နှင့် လုပ်ငန်းရှင်တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေနဲ့မနေချင်လို့ တပည့်တစ်ယောက်နှင့် လာနေတာပါ။

“ပျို့ရေ ... မမမွှန်းပဲ ပစ္စည်းတွေ နေရာချမယ်နော် ... ညည်း ငြိမ်ငြိမ်လေး ထိုင်နေတော့ ... ”

“အင်းပါ ... ”

မိန်းကလေးတစ်ယောက်အသံပဲ။

မမမွှန်းတဲ့။

သူ ...

မမြင်လိုက်။

“အာစရိ ... ”

“ဟင် ... ”

“အဟိ ... ဟိုဘက်ခန်းကို ကောင်မလေးချောချောနှစ်ယောက် ပြောင်းလာတယ် ... ”

“အဲ့ဒါ ဘာဖြစ်လဲ ... မင်းနဲ့ ဘာဆိုင်လို့လဲ ... ”

“လူပျိုလေ ... လူပျိုဆိုတာ မိန်းမပျိုလေးတွေကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားနိုင်တဲ့ အခွင့်အရေးရှိတယ်လေ ... ”

“မြခိုင် ... ”

“အမိန့်ရှိပါ အာစရိ ... ”

“ကိုယ့်ကို အထင်သေးအောင် မလုပ်နဲ့နော်”

“စိတ်ချပါ အာစရိ ... ”





“ကိုယ်မှာနန့်ကိုယ် နေရမယ်လေ ... ”

“ဟုတ်ကဲ့ ... ”

“ငါ့အတွက်ကတော့ ... ကောင်မလေးတွေက ဘာမှ စိတ်ဝင်စားစရာမရှိပါဘူး ... ”

သူ ... ရှုံးသွားဖို့ ပြင်နေမိသည်။

မြခိုင်က ပြောတော့ ကောင်မချောချောလေးနှစ်ယောက်တဲ့။

စိတ်မဝင်စားပါဘူး။

ဘာလုပ်ရမှာလဲ ...

လူပျိုကြီးပဲ လုပ်မယ်။

အပူအပင် သောကတွေ ဘာမှမခံစားနိုင်ပါဘူး။

“အခု ... ဘယ်လောက်လွတ်လပ်လဲ ... ”

“ဗျာ ... ”

“ဟင် ... ”

သူ့ ပါးစပ်က ရုတ်တရက်အသံတွေ ထွက်သွားတာပဲဖြစ်သည်။

“အာစရိ ... ”

“ဟင် ... ”

“ဟိုဘက်ခန်းက ... ကောင်မလေးနှစ်ယောက်အကြောင်း စဉ်းစားနေတာလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... ငါ လူဖျိုကြီးဘဝကောင်းကြောင်း လွတ်လပ်ကြောင်း တွေးနေမိတာပါ ... "

"ဟုတ်တော့ ဟုတ်တယ် အာစရိ ... ဒါကြောင့် ကျွန်တော်လည်း ကောင်မလေးတွေက ဘယ်လောက်ပဲ စိတ်ဝင်စားပါစေ ... ကျွန်တော် စိတ်မဝင်စားတာလေ ... "

"တော်စမ်းပါကွာ ... "

မြနိုင် ...

မင်းကို ဘယ်ကောင်မလေးက စိတ်ဝင်စားမှာလဲ။

ငါက ပြောတယ်ဆိုထားတော့။

"ငါ ရုံးသွားတော့မယ် ... မင်းတည်တည်တန့်တန့်နေနော်၊ သူများ အထင်သေးစရာ မဖြစ်စေနဲ့ ... "

"စိတ်ချပါ အာစရိ ... "

"သွားပြီ ... "

သူ ...

အပြင်ထွက်လာခဲ့သည်။

"ဟင် ... "

တစ်ဘက်ခန်းက ကောင်မလေးအပြင်ထွက်လာတာနဲ့ ဆုံမိသွားသည်။

"အဟဲ ... "

ကောင်မလေးက စပ်ဖြဲဖြဲနှင့် ပြုံးပြသည်။





သူလည်း ရောယောင်ပြီး ပြုံးပြလိုက်မိ၏။

"ဦးလေးကြီး ... "

"ဟင် ... "

"ဒီအခန်းမှာ နေတာလား ... "

"အင်း ... "

"ကျွန်မနာမည် မေပျိုဖြူပါ ... ဖျိုလို့လည်း ခေါ်တယ်လေ၊ ကျွန်မ မိတ်ဆက်တာပါ ... ဒီအခန်းကလေ အခုပဲပြောင်းလာတာပါ ... "

"သြော် ... ဟုတ်လား ... ဒီအခန်းကပဲ လိုအပ်တဲ့ အကူအညီရှိရင် ပြောနော် ... "

"အကူအညီရှိလို့ ... "

"ပြောလေ ... မင်း ဘာအကူအညီလိုလဲ ... "

"ဟိုလေ ... ဖေဖေ့ဆီကို ဖုန်းပြောချင်လို့ပါ ... ဦးလေးကြီးတို့ဆီမှာ ဖုန်းရှိလား ... "

"ရှိပါတယ် ... ဒီမှာ ဟမ်းဖုန်းလေ ... ရော့ ဆက်ပါ မေပျိုဖြူ ... "

"ကျေးဇူးပဲ ... "

မေပျိုဖြူဆိုတဲ့ ကောင်မလေးက အရမ်းရဲတင်းတဲ့ ကောင်မလေးပါလား။

သူ့ကို စတင်မိတ်ဖွဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

အေးဆေးစွာ ဖုန်းဆက်နေသည်။

"ဖေဖေလား ဟိုပါ ... အဲဒီမှာ သေတ္တာတစ်လုံးကျန်ခဲ့တယ်၊ လမ်းမကြီးပေါ်မှာတဲ့ ... မေမေဆက်ခိုင်းလို့လေ ... "

ကောင်မလေးက အနီးကပ်ကြည့်မှ တော်တော်ချစ် ရာကောင်းတဲ့ ကောင်မလေးပါလားဟု တွေးမိသည်။

ကျော်ကျော်မောင် ...

မင်း ဘာတွေတွေးနေတာလဲ။

ကောင်မလေးကြည့်ရတာ ထောင့်ကျိုးမဲ့ပုံ မရပါ ဘူး။

ငယ်လွန်းသည်။

ခေါ်တာက ကြည့်ပါလား ဦးလေးကြီးတဲ့။

စိတ်ပျက်သည်။

သူ့အသက်က ဒီကောင်မလေး ဦးလေးကြီးလို့ခေါ် လောက်အောင် မကြီးသေးပါဘူး။

တကယ့်ကို အောက်သက်သက်ပဲ။

"ဦးလေးကြီး ... "

"ဟင် ... "

"ကျေးဇူးပဲနော် ... "

သူ့ဟာမ်းဖုန်းကို ပြန်ပြီးကမ်းပေးလာသည်။





"နောက်လည်း လိုအပ်တဲ့အကူအညီ လိုရင်ပြောပါနော် ..."

"ဦးလေးကြီး ... "

"ပြော ... "

"နာမည်က ... "

"ဦးကျော်ကျော်မောင်ပါ ... "

"မိန်းမကရော ... ဦးလေးကြီးဇနီးလေ"

"ဒေါ်မမတဲ့ ... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... နောက်မှသွားပြီး မိတ်ဆက်မယ် နော် ... ကျေးဇူးပဲ ... "

ကောင်မလေး အခန်းထဲသို့ ပြန်ဝင်သွားတော့ သည်။

ဦးကျော်ကျော်မောင် ဆွံ့အသွားခဲ့၏။

ဦးလေးကြီးတဲ့ ...

သူ ...

အမြင်ကတ်ပြီး မိန်းမရှိသည်ဟု ပြောလိုက်မိသည်။

မြခိုင်နဲ့တွေ့မှာပဲ ... ။

သွက်လက်ဖျတ်လတ်တဲ့ ကောင်မလေး။

အကြောက်အလန့် ရှိပုံမရ။

ဒီလို မိန်းကလေးမျိုးနဲ့ မပတ်သက်တာ အကောင်း ဆုံးဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်လာခဲ့၏။

ဖုန်းဆက်ချင်လို့လာပြီး မိတ်ဆက်တာပဲ။

လူသစ်ဆိုတော့လည်း ဘာပဲလုပ်လုပ် အခက်အခဲရှိနေမှာပဲ။

အင်းလေ ...

အိမ်နီးနားခြင်းတွေပဲ။

သူတို့ တိုက်ခန်းတွေမှာက တစ်ယောက်ကိုတစ်ယောက် သိကြတာ မဟုတ်။

ကူညီရမှာပဲ။

သူ ...

တွေးနေမိသည်။

တစ်နေ့ကုန် ...

မေပျိုဖြူအကြောင်းတွေပဲ တွေးနေမိသည်။

ဦးလေးကြီးတဲ့ ...

သူ့အသက်က ဘယ်လောက်ရှိသေးလို့လဲ။

သုံးဆယ်ကျော်ပဲရှိသေးတာ။

လူကောင်က ထွားကျိုင်းပြီး တည်တည်ခန့်ခန့်နေတော့ လူကြီးတစ်ယောက်လို ဖြစ်နေတာပဲဖြစ်သည်။

"ဆရာ ..."

"ဟင် ..."





"လက်မှတ်ထိုးဖို့ ..."

"သြော် ... နေအုံး ... အေး"

"ဆရာ ဒီနေ့အရမ်းထူးဆန်းနေတယ်နော် ..."

"ဟင် ... ဘာဖြစ်လို့လဲ ညိုညို ..."

"ပြုံးစိစိနဲ့ တစ်ခုခုအတွက် ကျေနပ်ပီတိတွေ ဖြစ်နေသလိုပဲ"

အတွင်းရေးမလေးက သူ့ကိုကြည့်ပြီး ပြောနေသည်။

ဒီလောက်တောင် အမူအရာ ပျက်နေလား။

"ဘာမှ မဖြစ်ပါဘူး ... ညိုညို ... ပေး ... ပေး ဆရာ လက်မှတ်ထိုးပေးမယ် ..."

သူ ... လက်မှတ်ထိုးပေးလိုက်သည်။

ညိုညို ပြန်ထွက်သွား၏။

သူ ဒီလောက်တောင်ပဲ အမူအရာတွေ ပျက်နေပြီလား။

မဖြစ်ဘူး။

ဟန်ဆောင်မှပဲ ... ။

ဘာမဟုတ်တဲ့ကောင်မလေးအတွက် သူဒီလောက်အထိ အမူအရာ မပျက်သင့်ဘူး။

မြခိုင်ရော ...

ဒီကောင့်ဆီ ဖုန်းဆက်ရင် ကောင်မလေး အချို့များ သိရမလား။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ချင်နေမိသည်။

ဦးမောင်မောင်ကျော် အလုပ်ထဲမှာ စိတ်မဝင်စားနိုင်တဲ့ ဖြစ်ခဲလား။

သိချင်နေသည်။

စိတ်ကမရ။

မေပျိုဖြူဆိုတဲ့ မိန်းကလေးကို မင်းစိတ်ဝင်စားနေပြီလား။

ဒုက္ခပါပဲကွာ ...

အလုပ်ထဲမှာ စိတ်ကို သွင်းထားလို့မရဘဲ ဖြစ်နေသည်။

မြနိုင်ဆီ ဖုန်းဆက်မေးဖို့ကရော ကောင်းပါ့မလား။

ဒီကောင်ကလည်း ဘာမှ အကျိုးအကြောင်းဖုန်းဆက် မပြောဘူး။

နေမရ ... ၊ ထိုင်မရ ... ။

အလုပ်တွေကို ဖိပြီး လုပ်နေရတော့သည်။

နေလည်ရောက်တော့ မြနိုင်က ထမင်းချိုင့်လာပို့၏။

မေပျိုဖြူ့အကြောင်း ဘာပြောမလဲဟု နားစွင့်နေမိသည်။

မပြောပေ ...





မေးရလည်း အခက်။

သူက စပြီး မေပျိုဖြူအကြောင်း မေးတော့လည်း မကောင်းပေ။

ဒီကောင်က စနောက်နေဦးမည်။

မမေးတော့ဘူး။

ဒီကောင်မလေးအကြောင်း မတွေးတာဘဲ ကောင်းသည်ဟု တွေးနေလိုက်သည်။

"ကိုမြနိုင် ... "

"ဘာလဲ ညိုညို ... "

"ဒီနေ့ ... အာစရိ ထူးခြားနေလို့ ... "

သူ ... အထိတ်တလန့်နှင့် ဖြစ်သွားရသည်။

ညိုညိုဆိုတဲ့ကောင်မလေး ဘာတွေလျှောက်ပြောဦးမလဲ။

"ဘာတွေ ထူးခြားနေလို့လဲ ညိုညို ... "

"ဝိတိတွေဖြစ်လာသလိုပဲလေ ... "

"ဟုတ်လား ... "

"ညိုညို ဘာတွေလျှောက်ပြောနေတာလဲ ... အလုပ်လုပ်တော့ ... "

"ဟုတ်တယ် ညိုညိုရေ ... တို့ အာစရိ ဒီနေ့အရမ်းဝိတိတွေ ဖြစ်လာရတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ... မင်းဘာတွေ လျှောက်ပြောဦးမလို့လဲ ... မြန်တော့ ... "

"အာစရိ ... "

"ဘာလဲ ... "

"ကောင်မလေးက လာပြီးမိတ်ဆက်တယ် ... "

"ဟင် ... "

"ဘယ်က ကောင်မလေးလည်းကွိုမြခိုင် ... ဆရာ့အသိလား"

ညိုညိုကပါ လှမ်းမေးနေသည်။

မြခိုင်က ကောင်မလေးအကြောင်းတွေကို ပြောနေ၏။

ဦးကျော်ကျော်မောင် စိတ်မဝင်စားသလို လုပ်နေလိုက်ရသည်။





## အခန်း (၂)

... 

ကားရပ်သည်နှင့် သူ့ရင်တွေ ခုန်နေပြီ။

အပြန်တွင် ယခင်ကလို အေးစက်ခြောက်သွေ့မနေတော့။

စိတ်တွေ လှုပ်ရှားနေရသည်။

သူ့ ကားရပ်သည်နှင့် မြခိုင်က ဆီးပြီးကြိုဆိုနေ၏။

"အာစရိ ... "

"ဟင် ... "

"အစ်မကလည်းချောတာပဲ ... "

"ဟာကွာ ... "

သူက ...

အစ်မအကြောင်း စိတ်မဝင်စား။



www.burmeseclassic.com

www.burmeseclassic.com



မေပျိုဖြူဆိုတဲ့ ကောင်မလေးအကြောင်းပဲ စိတ်ဝင်စားတယ်။

"အာစရိနဲ့ နေရာချင်းလဲပစ်လိုက်ချင်တယ် ... "

"တော်စမ်းပါကွာ ... "

"အာစရိကတော့ ... တုကယ့်ကို လူပျိုကြီးစစ်စစ်ဖြစ်တော့မှာပဲ ... "

"ဟ ... ဒါက လူပျိုကြီးပဲ လုပ်တော့မှာပဲ ... "

"အာစရိရာ အရွယ်ငယ်ပါသေးတယ် ... အသက်ကြီးတော့ ဆေးပေးမီးယူ မရှိရင် ... ဒုက္ခရောက်ရမယ်နော် ... "

"ဂျါမှာ ပိုက်ဆံရှိတာပဲ ... အစေအပါးတွေပေါလွန်းလို့"

"မဟုတ်သေးဘူး အာစရိ"

သူ ...

လှေကားထစ်တွေအတိုင်း ရှေ့ကနေ တက်လာခဲ့မိသည်။

သူ့အခန်းထိပ်ရောက်တော့ စိတ်တွေလှုပ်ရှားနေရ၏။

ကောင်မလေး ထွက်လာမလားလို့ မျှော်လင့်နေရသည်။

တံခါးကြီးက ပိတ်ထား၏။

သူ့ အခန်းထဲမဝင်ချင်သေး ... ။

နောက်မှ ... မြနိုင် ကပ်ပါလာသည်။





"ကွို ... "

တစ်ဘက်ခန်းမှ တံခါးပွင့်လာသဖြင့် သူ ဝမ်းသာအားရ လှည့်ကြည့်မိသည်။

"ဟင် ... "

"ဟယ် ... ကျော် ... နင် ... နင် ကျော်ကျော်မောင်လား"

"ဟုတ်တယ် ... သော်သော်မွန် ... နင် ... နင်"

"ဟုတ်တယ် ... ဒီဘက်ခန်းကို ပြောင်းလာတာလေ ... နင်က ဒီအခန်းကလား ... "

"အေး ... "

"ညီမလေး ပျို ဖုန်းဗွားဆက်တဲ့လူလား ... "

"ကျော် ... "

"ဟင် ... "

"နင် လူပျိုကြီးပဲ မဟုတ်လား ... "

"အင်း ... "

"ဟာ ... ပျိုက ဒီအခန်းက နင့်ဇနီးကိုပါ သွားနှုတ်ဆက်မယ်ပြောနေလို့ ... "

"တမင်နောက်လိုက်တာပါ မွန် ... "

"ဝမ်းသာတယ်ဟာ ... ကျော်နဲ့ အိမ်နီးနားချင်း ဖြစ်ရတာ"

"လာလည်ဦးလေ ... "

ကောင်မလေးပါ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေ ဖြစ်နေတာ တွေ့ရတော့ ဝမ်းသာအားရဖြစ်သွား၏။

"ဟယ် ... ဦးလေးကြီးက မမအသိလား ... "

"ဟုတ်တယ် ဖျို ... မမနဲ့ ကျောင်းနေဘက်အရမ်းရင်းနှီးတာကျော်က လူဖျိုကြီးပါဟ ... မိန်းမ လုံးဝ မရှိပါဘူး ... "

"ဟုတ်လား ... ဦးလေးကြီးက နောက်တာပဲ ... "

"ဟဲ့ ... ဖျိုကလည်း ကျော် ဒီလောက်အသက်မကြီးသေးပါဘူး ... အစ်ကိုခေါ်ပါ ... "

"ဟင့်အင်း ... ဦးလေးကြီးပဲ ခေါ်မယ်နော် ... "

"ခေါ်ပါ ... ခေါ်ပါ ... မေဖျိုဖြူကြိုက်သလို ခေါ်ပါ"

"ဖျိုက မွန်းနဲ့အသက်ကွာတယ်လေ ... မွန်းဆယ်တန်းရောက်မှ ညီမလေးကို မွေးတာပါ ... "

"ဟုတ်တယ် ... ဒါကြောင့် မွန်း ညီမလေးရှိတာ မသိတာဘဲ ... "

"ဦးလေးကြီးနဲ့မမက ဆယ်တန်းထဲက ကျောင်းနေဘက်တွေလား ... "

"ဟုတ်တယ်လေ ... ဆယ်တန်းအောင်ပြီးမှ ကွဲသွားကြတာပဲ ... မမျှော်လင့်ဘဲ ပြန်ဆုံရတာပါ ... "

"မွန်းလိုအပ်တဲ့ အကူအညီရှိရင်တောင်းနော် ... အားမနာနဲ့ ... "





"ဖျိုကတော့ တောင်းမှာနော် ... အားမနာဘူး ... "

"တောင်းပါ ... တောင်းပါ"

"ဒါက ညီမလေးဖျိုလေ ... အကူအညီတောင်းတဲ့နေရာမှာတော့ ချန်ဝီယံပဲ ... ဆယ်တန်းအောင်ထားပြီးသားလေကျော် ... "

"ဟုတ်လား ... "

"ကဲ ... နောက်မှပဲ တွေ့မယ်နော်ကျော် ... အပြင်သွားစရာရှိလို့ ... "

"ကောင်းပြီလေ ... "

"ရှင်နဲ့တွေ့ရတာ အရမ်းဝမ်းသာတာပဲကျော်ရယ် ... နောက်မှ အေးအေးဆေးဆေး တွေ့မယ် ... "

"အိုကေ ... "

ညီမနှစ်ယောက် နှုတ်ဆက်ပြီးအောက်ကို ဆင်းသွားကြသည်။

သူ ... အခန်းထဲ ဝင်လာခဲ့သည်။

"အာစရိ ... "

"ဟင် ... "

"ရောက်နဲအသင့် ကြာအသင့်ပဲနော် ... "

မွန်း ...

သော်သော်မွန်း ... ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အထက်တန်းမှာတုန်းက ခင်ခဲ့တဲ့သူငယ်ချင်း။

မတွေ့ကြတာ ဆယ်နှစ်ရှိပြီ။

မွန်း နည်းနည်းတော့ ရင့်သွားသည်။

အိမ်ထောင်မကျသေးဘဲ အပျိုကြီးဖြစ်နေတဲ့ပုံပင်။

"ဖူးစာရေးနတ်ကတော့ ... မှင်ရေးချယ်ထင်တယ် ... "

"ဘာဖြစ်လို့လဲကွ ... "

"အပျိုနဲ့ လူပျိုကြီး ငယ်သူငယ်ချင်းတွေ လာဆုံကြပြီလေ"

ငယ်စဉ်က သော်သော်မွန်းနှင့် သူ အတွဲများခဲ့ကြသည်။ ချစ်သူတွေတော့ မဖြစ်ကြ။

မိန်းမတွေကို သိပ်ပြီး စိတ်မဝင်စားတတ်တာ သူ့ငယ်စဉ်က အကျင့်ပင်။

သော်သော်မွန်းကတော့ သူ့ကို အလွန်အမင်း စိတ်ဝင်စားခဲ့သည်။ သံယောဇဉ် တွယ်ခဲ့၏။

မိတ်ဆွေ သူငယ်ချင်းစိတ်ကလွဲပြီး တခြားစိတ်တွေ မရှိခဲ့။

သူ အမှန်အတိုင်း ဝန်ခံရလျှင် မေပျိုဖြူ့ကို စိတ်ဝင်စားနေခဲ့မိတာပါ။

ရင်ခုန် လှုပ်ရှားနေခဲ့သည်။

ဦးလေးကြီးဟု ခေါ်တဲ့ အသံတွေက သူ့နားထဲတွင် စွဲလမ်းနေခဲ့၏။





"တကယ့်ကို ဖူးစာပဲ အာစရိ ... အိုင်တင်ခံမနေနဲ့နော် ... အသက်အရွယ်ရလာရင် ဆေးပေးမီးယူ လိုအပ်တယ် ... ငယ်သူငယ်ချင်းဆိုတော့ ... တစ်ယောက်အကြောင်းတစ်ယောက်သိ အိုကေပဲ ... "

"တော်စမ်းပါကွာ ... "

သူ ... အခန်းထဲဝင်လာခဲ့သည်။

အရင်ကလို ...

ရှင်လန်း တက်ကြွမနေတော့ဘဲ လေးလေးလံလံကြီး ဖြစ်နေသည်။ စိတ်တွေ လှုပ်ရှားနေ၏။

ကျော်ကျော်မောင်

မင်း ...

ဘယ်လိုဖြစ်ရတာလဲ။

မေပျိုဖြူဆိုတဲ့ ကောင်မလေးနဲ့ကျမှ မင်းစိတ်တွေ လှုပ်ရှားနေတယ်။

တကယ်တမ်း ...

သူ စိတ်ဝင်စားရမှာက သော်သော်မွန်းကိုပဲ။

"ဦးလေးကြီးလို့ပဲ ခေါ်မယ် ... ဖျိုကတော့ အကူအညီ တောင်းမှာနော် ... အားမနာဘူး ... "

မေပျိုဖြူသည် သွက်လက်ချက်ချာတဲ့ မိန်းကလေးပဲဖြစ်သည်။ ချောမောနုပျိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ …

မိန်းကလေးတွေနှင့်အကင်းရှင်းဆုံး နေထိုင်ခဲ့သည်။

အိမ်ထောင်ပြုရမှာ မပြောနှင့် ချစ်သူထားရမှာပင် ဝန်လေးမိ၏။

မထင်မှတ်ဘဲ …

မေပျိုဖြူဆိုတဲ့ မိန်းကလေးနှင့် ဆုံတွေ့ခင်မင်မိခဲ့သည်။ စိတ်တွေလှုပ်ရှားနေမိ၏။

"မေပျိုဖြူ … ဦးလေးကြီး စိတ်တွေလှုပ်ရှားနေတယ် … မင်းကို သတိရနေပြီကွာ … "

သူ … မေပျိုဖြူကို သတိရနေမိသည်။

မေ့ပစ်လို့ မရပေ။

မြနိုင်ပြောသလို ဖူးစာဖက်ဆိုတာပဲလား။

သော်သော်မွန်းကိုတော့ စိတ်မဝင်စားခဲ့ပေ။

ဘယ်တုန်းကမှ ရင်မခုန်ခဲ့။

ဦးလေးကြီးဆိုတဲ့ အသံလေးကို သူ ကြားယောင်လာမိပြီး နှုတ်ခမ်းပေါ်မှာ ပြုံးယောင်သမ်းသွားရသည်။

"အာစရိ … "

"ဟင် … "

"ညစာ စားတော့မလား … "

"ဟင် … "





သူ … ဘာမှ မလုပ်ရသေးပေ။

မေပျိုဖြူအကြောင်း စဉ်းစားပြီး ရေချိုးအဝတ်အစားလဲဖို့ပင် မေ့နေရသည်။

"ဆရာ … "

"လာမယ်ဟေ့ … ငါ ပင်ပန်းလို့ နားနေတာ … ရေတောင် မချိုးရသေးဘူး … "

"ဘယ်လို ဖြစ်ရတာလဲ အာစရိရာ … အမြဲတမ်းရွှင်လန်းတက်ကြွနေတာပါ … ဘာလဲ ငယ်ချစ်တောင်းကို တွေ့ပြီး ခံစားကြေကွဲနေတာလား … "

အိပ်ရာပေါ်ကနေ မထနိုင်ဖြစ်နေတဲ့ သူ့ကို မြနိုင် တအံ့တသြနှင့်ကြည့်ပြီး ပြောနေသည်။

"အာစရိ … ရေချိုးတော့လေ … ညနေစောင်းနေပြီ"

"ငါ အသက်မကြီးသေးပါဘူးကွာ … ရပါတယ် … "

"ဟ … ဟိုနေ့ကတော့ အာစရိအသက်ကြီးပြီဆို … ဘုရားတရားဘက်တောင် လိုက်ရတော့မယ်ဆို … "

တုတ်တယ်။

သူ … စကားလွန်မိသည်။

အသက်ကြီးပြီဆိုတာကို အမြဲ နှလုံးသွင်းထားတတ်၏။

အခုတော့ … ငါ အသက်မကြီးသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရှိသေးလို့လဲ။

သုံးဆယ်ကျော်ကျော်လေးပဲ ရှိသေးတယ်။

"ဟုတ်တယ်ကွာ ... စိတ်ကိုပြောင်းပစ်ရတော့မယ် ... တဖြည်းဖြည်းလေးလာလို့ ... "

"ဟုတ်တယ် အာစရိ ... အသက်သုံးဆယ်ကျော်က ဘာရှိသေးလို့လဲ ... အာစရိက တည်တည်ခန့်ခန့်နေတော့ကြီးသလိုဖြစ်နေတာကြောင့်ပါ ... "

သူ ... ထလိုက်သည်။

ဒီနေ့ကစပြီး အိုမင်းရင့်ရော်အောင် မနေတော့ပါဘူး။

နုပျိုအောင်နေမယ်။

ဟုတ်ပါတယ်။

သူက လူကြီးဆန်နေတယ်။

ကောင်မလေးက ဦးလေးကြီးခေါ်တာတောင်နည်းသေးတယ်။

မဖြစ်တော့ဘူး။

ပြုပြင်ပြောင်းလဲမှ ... ။

"ငါ ရေချိုးတော့မယ် ... မင်း ထမင်းပွဲပြင်ပြီး အဆင်သင့်စောင့်နေ ... "

"ဟုတ်ကဲ့ ... "

ရေချိုးခန်းထဲ ဝင်လာခဲ့သည်။





စိတ်တွေကို နုပျိုအောင်စပြီး လေ့ကျင့်ရတော့မယ်။

မှန်ရှေ့မှာ ရပ်မိသည်။

အလုပ်တာဝန်တွေနှင့် လုံးပန်းနေရတဲ့အပြင် သူ့ကိုသူ လူကြီးစိတ်ပဲ အမြဲသွင်းထားခဲ့မိ၏။

ဒီနေ့ကစပြီး ...

လူငယ် စတိုင်လ်နေရမယ်။

ရင့်လိုက်တာ။

ငါ့အသက် ဘယ်လောက်ရှိသေးလို့လဲ။

သော်သော်မွှန်းတောင် နုပျိုလှပနေဆဲပဲ ရှိတယ်။

ပြင်ပြီ ... ။

မှန်ရှေ့မှာ ရပ်ပြီး မျက်နှာကို နုပျိုသွားအောင် သန့်ရှင်းရေးလုပ်မိသည်။

ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေ လုပ်နေမိ၏။

"တစ်"

"နှစ်"

"သုံး"

"လေး"

"ငါး"

"ခြောက်"



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်"

"ရှစ်"

"ရှစ်"

"ခွန်"

"ခြောက်"

"ငါး"

"လေး"

"သုံး"

"တန်းရပ်"

လေ့ကျင့်ခန်းတွေ လုပ်ရင်း သူ့ကိုယ်သူ နပျိုအောင် လေ့ကျင့်နေမိသည်။

ကောင်မလေး စိတ်ထဲမှာ ... သူ့ကို ဦးလေးကြီး တစ်ယောက်လို့များ ထင်မလား။

ဒီလောက်အထိ ပစ်စလက်ခတ် မနေသင့်ဘူးဟု တွေးမိလာသည်။

"တစ်"

"နှစ်"

"သုံး ... လေး"

"အာစရိ"

"အာစရိ"





"ဝုန်း ... "

"အာစရိ ရေအကြာကြီး မချိုးနဲ့လေ ... အအေးပက်မယ် မိုးချုပ်နေပြီ ... "

အပြင်မှ ...

မြခိုင်က အော်ဟစ်သတိပေးနေသည်။

ဒီကောင်ကတော့လေ ...

ငါ အသက်မကြီးသေးပါဘူးကွဟု စိတ်ထဲက အော်ဟစ်ပြောမိသည်။

"အေး ... အေး ပြီးပြီဟေ့ ... "

မြခိုင်ကို အော်ပြောလိုက်ပြီး ရေအမြန်ချိုးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"မမ ... "

"ဟင် ... "

"ဦးလေးကြီးနဲ့ မမက ... "

"ဟဲ့ ... ကောင်မလေး ... ဘာတွေပြောနေတာလဲ ... မမတို့က ရိုးရိုးသားသား ခင်တာပါနော် ... ကျော်ကတော့ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီနိုင်ပဲ ပျို့ ... "

"မမရော ကြိုက်လား ... "

"ဟယ် ... ပျို့နော်"

"အပျို့ကြီး ရှက်နေပြီ ... "

"ဒီကောင်က ... မိန်းကလေးတွေကို သိပ်ပြီးစိတ်မဝင်စားဘူး ပျို့ ... "





"ဟုတ်လား ... "

"လူပျို့ကြီးပဲ လုပ်မှာတဲ့ ... "

ကျော်ကျော်မောင်ကိုတွေ့တော့ သော်သော်မွန်း ဝမ်းသာနေမိသည်။

ငယ်စဉ်က မွန်းလည်း ကျော့်အပေါ် မျှော်လင့်ချက်တွေ ထားခဲ့မိ၏။

ကျော်ကျော်မောင်က မိန်းမတွေကို စိတ်မဝင်စား။

စီးပွားရေးပဲ ... ။

"မမ ... "

"ဟင် ... "

"ဖူးစာဆိုတာပဲလား ... "

"ဘာလဲ ပျို့ ... "

"မမနဲ့ ဦးလေးကြီးက ဖူးစာရှင်မှန်လို့ လူပျို့ကြီး ... အပျို့ကြီးဘဝနဲ့ ပြန်တွေ့ကြတာလားပဲ ... "

ဟုတ်ရင်တော့ ကောင်းမှာပဲဟု သူ့စိတ်ထဲမှာ တွေးနေမိသည်။

ကျော် ...

နင်က မိန်းမတွေကို စိတ်ဝင်စားမှုရှိမှရှိသေးရဲ့လား။

လူပျို့ကြီးပဲလုပ်ဖို့ ဆုံးဖြတ်ထားပြီးပြီလား။

"မမ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ဘာတွေ တွေးနေတာလဲ ... "

"ပျိုနော် ... "

မမကို နောက်နေရတာပင် ပျိုပျော်နေမိသည်။

ပျိုက တစ်မျိုးပဲ။

ပျော်ပျော်နေတတ်သည်။

စနောက်နေချင်၏။

မမက အရမ်းရှက်တတ်တဲ့ အပျိုကြီး။

လူပျိုကြီးတစ်ယောက်ရောက်လာတော့ ပိုပြီး ပျော်ရာကောင်းနေသည်။

"ပျို ... "

"ဟင် ... "

"နင်က ကိုကျော်ကျော်မောင်ကို ဦးလေးကြီးလို့ မခေါ်ပါနဲ့"

"တမင်နှမ်နှိမ်ပြီး ခေါ်တာလေ ... အဖိုးကြီးဖြစ်နေပြီဆိုတဲ့ သဘောပေါ့ ... "

"အသက်ကမှ သိပ်ကြီးသေးတာမှ မဟုတ်တာဘဲ အစ်ကိုကြီးခေါ်ပါဟ ... "

"ဟင့်အင်း ... ဦးလေးကြီးဆိုတာပဲ ကောင်းတယ် ... ဦးလေးကြီးပဲ ခေါ်မယ် ... "

မှုန်းကတော့ ကျော်ကျော်မောင်နဲ့ ပြန်ဆုံရတာ





ဝမ်းသာနေမိသည်။

"ဦးကျော်ကျော်မောင်နဲ့ အဖော်နှစ်ယောက်ပဲ နေတာထင်တယ် ... "

"အေး ... "

"အပျိုကြီးရင်တွေဘာတွေ **ခုန်နေပြီလား** ... "

"ကောင်မလေးနော် ... "

"မမကလည်း ... ချစ်ရေးဆိုတဲ့ သူတွေဝိုင်းဝိုင်းလည်နေတဲ့ အပျိုကြီးပါနော် ... "

ကျော်နဲ့မှုန်းက ဖူးစာပဲလား။

နှစ်ယောက်စလုံး လူလွတ်တွေဘဝနဲ့ လာပြီးတွေ့ဆုံကြတာပဲ မဟုတ်လား။

မှုန်း ...

စိတ်ကူးတွေယဉ်နေမိသည်။

အထက်တန်းကျောင်းသူဘဝထဲက ကျော့်ကို စိတ်ဝင်စားခဲ့ရတာပါ။

မှုန်းကိုများ စောင့်နေတာလားကျော်။

ကြည့်ပါဦး ...

အိမ်နီးချင်းတွေပဲ။

ကျော့်ကို မှုန်း ငယ်စဉ်လေးထဲက မျှော်လင့်ခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



"မမ ... "

"ဘာလဲ ... "

"ဦးလေးကြီးက ချောတယ်နော် ... ခန့်တယ်"

"အဲ့ဒါကြောင့် ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို့ ပြောတာပေါ့ ဟဲ့ ... "

ကျော့ကို ပြုစုရမယ်။

စားသောက်စရာတွေ စီမံချက်ပြုတ်ကျွေးမွေးရမယ်။

စိတ်ကူးတွေ ယဉ်နေမိသည်။

"ပြန်ကြမယ် ပျို့ ... "

"နေပါဦး ... မမရဲ့ ဝယ်စရာတွေရှိသေးတယ် ... "

"တော်ရောပေါ့ ... ဟဲ့ နိုင်တောင်မနိုင်တော့ဘူး ... "

မမမွန်းပြန်ချင်နေမှန်းသိ၍ ပျို့တမင် အချိန်ဆွဲထား နေမိခြင်းပင်။

အပျို့ကြီး ...

ကဲကိုကဲတယ်။

မမမွန်း ပြန်ချင်၍ မျက်နှာကြီး ရှုံ့မဲ့နေတာကိုတွေ့ လိုက်ရသည်။

"ဝယ် ... ဝယ် ... မြန်မြန်ဝယ်ပါ"

"အဟဲ့ ... "

"ပျို့နော် ... "





အိမ်မှာ အသုံးလိုတဲ့ ပစ္စည်းတွေ လာဝယ်ခြင်းဖြစ် သည်။

"မမမွန်း ... "

"ဟင် ... "

"ဦးလေးကြီးက ချမ်းသာတယ်ဆိုပြီး ... ဒီတိုက်ခန်းလေးမှာ လာနေတယ် ... "

"သူက ကပ်စေးနှဲနေပြီးနေတာ ဖြစ်မယ် ... "

"မမမွန်း ... "

"ဟင် ... "

"ဦးလေးကြီးကို စိတ်ဝင်စားလား ... "

"အင်း ... "

"ပျို့ အောင်သွယ်ပေးရမလား ... "

"နင်အောင်သွယ်စရာ မလိုဘူး ... တို့တွေက အဆင်ပြေပြီး သားပါနော် ... "

"အဟက် ... "

"ကောင်မလေး ... ရှင် သိပ်လေရှည်မနေနဲ့ မြန်မြန်ဝယ်ပြီး မြန်မြန်ပြန်ကြမယ် ... "

"အင်းပါ ... "

ပျို့ ...

ရယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖျိုကြီး အရမ်းရှက်နေတာကိုကြည့်ပြီး သဘော
[illegible]

“ဖိုး ”
“ဘင် ... ”
“မြန်မြန်ဝယ်ပါဆို ... ”
“အင်းပါ ... ”
“နင်ဟာလေ တမင်လုပ်နေတာမဟုတ်လား ဖျို”
“မမက ပြန်ချင်နေတာပါ ... လွန်တယ် ... လူဖျိုကြီးက ထွက်ပြေးမသွားပါဘူး ... ”
“ကောင်မလေးနော် ... ”

လိုအပ်တဲ့ ပစ္စည်းတွေ အမြန်ဝယ်ပြီး ပြန်လာကြသည်။

“မမ ... ”
“ဟင် ... ”
“ဦးလေးကြီးကို မနက်ဖြန် မနက်စာဖိတ်ကျွေးလိုက်ပါလား”
“နေပါဦးဟ ... မေမေ့ကို မေးရဦးမယ် ... ကျော်လည်း အားမအား မေးရဦးမယ်လေ ... ”

မမ ... ရှက်နေသည်။

မျက်နှာလေးရဲနေ၏။

အဖျိုကြီး ရှက်လေ ဖျိုကစချင်လေပဲဖြစ်သည်။





“မေမေကရပါတယ် ... ဖျိုပြောမယ် ... ”
“နင့်သဘောပဲ ... ”
“ဖျိုက မမအတွက် ပြောပေးတာပါနော် ... ”
“ကောင်မလေး ... ”

လှေကားထစ်တွေအတိုင်း တက်လာကြသည်။

ဖျို ပစ္စည်းတွေကို တပွေ့တပိုက်သယ်ပြီး တက်လာခဲ့၏။

“ဖျို ... နင်က သိပ်ပြီးသွက်လက်တာပဲ ... ကျန်းမာသန်စွမ်းပြီး ပျော်နေတာပဲ ... ”
“မမကရော ... စိတ်ညစ်စရာတွေ ရှိလို့လား ... ”
“မရှိပါဘူးဟယ် ... ဒါပေမဲ့ ... နင့်လောက်ကို မသွက်လက်တာပဲ ... ”
“အဟက် ... ”

နှစ်ယောက်သား အခန်းထဲသို့ ဝင်လာခဲ့သည်။

“ပြန်လာကြပြီလား ... ”
“ဟုတ်တယ် မေမေ ... ”
“လိုတာတွေ ပြည့်စုံရဲ့လားမွန်း ... ”
“ပြည့်စုံသလောက်ပါပဲမေမေ ... နောက်မှ လိုအပ်တာတွေ သွားဝယ်လေမေမေ ... ”
“အေး ... အေး”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... "

"ဘာလဲပျို ... "

"ဟိုဘက်အခန်းက ဦးလေးကြီးက မမမွန်း သူငယ်ချင်း"

"ဟင် ... ဦးလေးကြီးက ဘယ့်နှယ့်ကြောင့် သမီးကြီး သူငယ်ချင်းဖြစ်ရတာလဲ ... "

မေမေက တအံ့တသြနှင့် မေးနေသည်။

"ပျိုလေ ... သမီးရွယ်တူကို ဦးလေးကြီးသွားခေါ်နေတာ"

"ပျို ... "

"တမင်ခေါ်တာပါ နာမ်နှိမ်တာ ... "

"ကောင်းတာပေါ့ကွယ် ... အိမ်ဦးနားချင်းက မိတ်ဆွေ သူငယ်ချင်းဆိုတော့ အားကိုးရတာပေါ့ ... "

"မေမေ ... "

"ဟင် ... "

"မနက်ဖြန်မနက် တနင်္ဂနွေနေ့ဆိုတော့ ... ဦးလေးကြီးတို့ အလုပ်ပိတ်မှာပဲ ... သမီးတို့ ထမင်းဖိတ်ကျွေးရအောင်"

"ကျွေးလေ ... "

မေမေကတော့ ပျိုသဘောဆန္ဒအတိုင်းပဲ ဖြစ်စေသည်။

ပျိုလုပ်ရင် မိပြော။

အလိုလိုက်သည်။





ဖေဖေက ရန်ကုန်ကို လိုက်မလာသေးဘဲ နယ်မှာ တာဝန်ကျနေ၏။

ပျိုတို့ပဲ ပြောင်းလာတာပါ။

"ဒါဆို ... ပျိုသွားပြီး ဖိတ်လိုက်မယ်နော် ... "

"ဟဲ့ ... ပျို ... မိုးချုပ်နေပြီလေ မနက်မှဖိတ်ပါဟယ်"

"ဟုတ်သားပဲကွယ် ... မနက်မှ ဖိတ်"

"အဲ့ဒါကြောင့် ပြောတာပေါ့ ... မေမေတို့ ဖုန်းတပ်ပါလို့... ဖုန်းရှိရင် ဦးလေးကြီးကို ဖုန်းဆက်ပြီးချိန်းလို့ ရတယ်လေ့"

"အေးပါကွယ် ... မကြာခင်တပ်ပါ့မယ် ... "

မေမေကတော့ သမီးတွေက တောင်းဆိုလိုက်ရင် အမြန်ဆုံး ဖြည့်စွမ်းပေးချင်နေသည်။

"ဖုန်းတပ်ခိုင်းတာ ... ပျိုလျှောက်ဆက်မလို့နော်မေမေ ... ပျိုအကြောင်း မွန်းသိတယ် ... "

"အဟက် ... "

"အင်းပါ ... မေမေ တပ်ပေးပါ့မယ် ... ကဲ ... ထမင်းစားကြမလား ... မေမေ အဆင်သင့်ချက်ပြုတ်ထားပြီးပြီ ... "

"အင်း ... စားမယ်"

"ပျို ရေချိုးဦးမှာ ... "

"ပျိုလေး ... သမီးလေးပြီးမှ အားလုံး စားကြတာပေါ့"

"ခဏနော် ... "



www.burmeseclassic.com

www.burmeseclassic.com



ဖျို့ကတော့ အမြဲတမ်း သွက်လက်စွာ ဖြတ်လတ်နေသည်။

ရေချိုးခန်းထဲ ဝင်သွား၏။

"မွန်း ... "

"ရှင် မေမေ ... "

"တစ်ဘက်ခန်းက လူတွေက ယုံကြည်စိတ်ချရတဲ့လူတွေလား ... "

"ဟုတ်ပါတယ် မေမေ ... သူတို့က ကိုယ်ကျင့်တရား ... ကောင်းပါတယ် ... အရမ်းလည်း ချမ်းသာတယ် ... ဒီမှာလာနေတာ သူ ရှုတ်လုပ်ချင်လို့ ဖြစ်မှာပေါ့ ... "

"သမီးနဲ့အရွယ်တူလား ... "

"ဟုတ်တယ် မေမေ ... "

"ပျို့အတွက် မေမေအရမ်းစိတ်ပူနေတယ် ... ဒီကောင်မလေးက နေချင်သလိုနေ ... စားချင်တာစား ... လုပ်ချင်သလိုလုပ်နေတာဗျ ... "

"ဒီကောင်မလေးက လူလည်မလေး ... မေမေ ဘာမှမပူနဲ့"

"မွန်း ... "

"ရှင် ... "

"ညီမလေးကို စောင့်ရှောက်နော် ... "

"အင်းပါ ... "





"မေမေတို့ အသက်ကြီးပြီနော် ... မွန်းလက်ထဲပဲ အပ်ထားရမှာ ... "

"စိတ်ချပါ မေမေ ... မွန်းနဲ့ ပျို့က တစ်ယောက်ကိုတစ်ယောက်အရမ်းချစ်ကြတဲ့ ညီအစ်မတွေပါနော် ... "

"မေမေ ထမင်းပွဲပြင်တော့မယ် ... "

"မွန်းလည်း ဝိုင်းပြင်ပေးမယ်နော် ... "

မေမေက အိမ်ဖော်မငှားဘဲ အိမ်မှုကိစ္စတွေကို ကိုယ်တိုင်လုပ်သည်။

သမီးတွေကိုလည်း သင်ကြား လေ့ကျင့်ပေးခဲ့၏။

ပျို့ကမရ ...

အိမ်မှုကိစ္စတွေကို စိတ်မဝင်စား။

အလုပ်တွေကိုလည်း ဝိုင်းကူလုပ်ပေးလေ့ မရှိပေ။

"ဖေဖေရော မေမေပါ ... ပျို့ကို ဘယ်လိုထိန်းကျောင်းလေ့ကျင့်ပေးရမလဲဆိုတာ ... အမြဲတမ်း ပူပင်နေရတယ်"

ဒေါ်တင်မမကလည်း ပျို့ကို အသက်ကြီးမှ မွေးလာပြီး အငယ်ဆုံးဖြစ်၍ အလိုလိုက်နေမိသည်။

အလွန်အမင်း ချစ်မိ၏။

ပျို့ဆန္ဒလည်း မိဘတွေရဲ့ ဆန္ဒတွေပဲ ဖြစ်ရသည်။

"ကိုကျော်ကျော်မောင်က ဂုဏ်သိက္ခာကြီးမားပြီး ... ကိုယ်ကျင့်တရား ကောင်းမွန်တဲ့ လူတစ်ယောက်ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သမီးတွေမွေးထားတော့ ...စိတ်ပူရတယ်ကွယ်"

"မပူပါနဲ့ မေမေ ... အားလုံး သူ့ဟာသူဖြစ်သွားမှာပါ"

"မေမေကတော့ ... သမီးတွေကို စိတ်ချပါတယ်"

ဒေါ်တင်မမ စိတ်က သမီးကြီးထက် သမီးငယ်ပဲဖြစ်နေသည်။

သမီးကြီးက လိမ္မာ၏။

ဖျို့ပဲ ...

မိသားစုအတွက် ကိုယ်တိုင်ပြင်ဆင်နေမိသည်။





## အခန်း (၄)

"ကရင် ... ကရင်"

"ကရင် ... ကရင်"

လူခေါ်ဘဲလ်သံကြောင့် မြနိုင် တံခါးဖွင့်ပေးလိုက်သည်။

"ဟင် ... "

"ဦးလေးကြီးရှိလား ... "

"ရှိတယ် ... အိပ်တုန်းလေ ... "

"ဟင် ... ဒီအချိန်ကြီးတောင် အိပ်နေတုန်းပဲလား ... အိပ်ပုပ်ကြီးလိုက်တာ ... "

"ထိုင်ပါ မေပျိုဖြူ ... "

"ဦးလေးကြီးကို နှိုးလိုက်ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် — ဟုတ်ကဲ့"

မြခိုင် ကဗျာကယာနှင့်ဆရာ့အခန်းကို ခေါက်လိုက်သည်။

"ဆရာ ... ဆရာ"

"ဟင် ... "

"ကောင်မလေးရောက်နေတယ် ... "

"ဟင် ဘယ်ကကောင်မလေး ... "

"မေပျိုဖြူ ... "

"ဟင် ... "

မေပျိုဖြူဆို၍ ဦးကျော်ကျော်မောင် အထိတ်တလန့် ဖြစ်သွားရသည်။

အိပ်ရာမှ လူးလဲထလိုက်၏။

"ငါ လာခဲ့မယ် ... မျက်နှာသစ်လိုက်ဦးမယ်နော် ... မင်း ဧည့်ခံထားလိုက် ... "

သူ အပြေးအလွှားနှင့်ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်ပြီး သန့်ရှင်းရေးတွေ လုပ်နေမိသည်။

ပြီးမှ ... ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ မေပျိုဖြူ ထိုင်နေ၏။

"မေပျိုဖြူ ... "





"ဟင် ... ဦးလေးကြီး"

"ကိစ္စရှိလို့လား ... "

"ထမင်းစား ဖိတ်မလို့ ... ဟွန်း အိပ်ပုပ်ကြီးလိုက်တာ... ဒီလောက်တောင်ပဲ လုပ်ရလား ... "

"ဟုတ်တယ် မေပျိုဖြူ ... ကိုယ်က ညဆို အလုပ်တွေလုပ်ရတယ် ... စာရင်းဇယားတွေ ကြည့်ရတယ် ... ဒီနေ့ ရုံးပိတ်တော့ တမင်ညဥ့်နက်အောင် လုပ်မိသွားတာပါ ... "

"ဦးလေးကြီးနော် ... အဲဒီလို လုပ်ရင် ကျန်းမာရေး ထိခိုက်မယ် ... အလုပ်လုပ်ချိန်မှာလုပ် ... အနားယူတဲ့အချိန်မှာ အနားယူလေ ... "

"ဟုတ်ပါပြီ ... မေပျိုဖြူ့စကားကို နားထောင်ပါ့မယ်"

"အကောင်းပြောနေတာပါ ... ဦးလေးကြီးက အသက်ကြီးနေပြီလေ ... "

"ဟင် ... "

မေပျိုဖြူက အသက်ကြီးနေပြီပြော၍ အတော်လေး စိတ်ပျက်သွားရသည်။

သူ ...

အသက်အရမ်းကြီးနေပြီလား။

ဒုက္ခပါပဲ။

"ဦးလေးကြီး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"မနက်စာကို ကျွန်မတို့ အိမ်မှာစားဖို့လာဖိတ်တာပါ"

"မနက်စာ ... "

"အင်းလေ ... ဆယ့်တစ်နာရီခွဲလောက်ပေါ့ ... "

"လာခဲ့မယ်လေ ... "

"မေမေက ဖိတ်ခိုင်းတာပါ ... မမမွန်းကလည်း ဦးလေးကြီး အကြောင်း အရမ်းပြောတာပဲ ... "

"ဟင် ... ဘာတွေလဲ ... "

"ကောင်းတာတွေပါ ... အရင်က ... ဟို ဦးလေးကြီး ငယ်ငယ်ကလေ ... ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆို ... "

"ဟာကွာ ... မွန်းကလည်း ... "

လူပျိုကြီး ရှက်နေပြီ။

အရှက်အကြောက်ကြီးတဲ့ လူပျိုကြီး အပျိုကြီးတွေကို စနောက်ချင်လာရသည်။

ရယ်ရတယ်။

တော်သေးတယ်။

စနောက်စရာ လူပျိုကြီးနဲ့ အပျိုကြီးရှိနေလို့ သူမ အပျင်းပြေနေတာပါ။

"ဦးလေးကြီး ... "

"ဟင် ... "





"စောစောက ကျန်းမာရေးအကြောင်း ပြောရဦးမယ် ... "

"ပြောလေ ... ပြောပါ ... "

"အသက်ကြီးပြီဆိုတော့ ညဦးနက်မှမအိပ်နဲ့ ... စောစောထ ကျန်းမာရေးလုပ် ... အဲ့ဒါမှ စိတ်ရွှင်လန်းကျန်းမာမှာ ... "

"ဟုတ်တယ် မေပျိုဖြူ ... ကိုယ် ညဦးနက်အောင် အလုပ် လုပ်တတ်တယ် ... "

"မလုပ်နဲ့လေ ဦးလေးကြီးရဲ့ ... ကျန်းမာရေးထိခိုက်မှာပေါ့ အသက်ကြီးပြီ ... "

အသက်ကြီးပြီပြောလိုက်တိုင်း သူ့ရင်ထဲမှာ အောင့်က်သက်ဖြစ်သွားရသည်။

ကောင်မလေးမျက်စိထဲမှာ သူ့ကို အဘိုးကြီးလို့များ နေလား။

ပြုပြင်ရမယ်။

အစွမ်းကုန်ပြုပြင်ရမယ်။

မဖြစ်တော့ဘူး။

"အအိပ်အစား မှန်မှန်လေး နေထိုင်လုပ်ကိုင်သင့်တယ်လေ၊ ပျို့ဖေဖေဆို ခုထိ ကျန်းမာရေးလုပ်စားတုန်းပဲ ... "

"ကျေးဇူးပါပဲ မေပျိုဖြူ ... ကိုယ်လည်း ကျန်းမာရေးကို လိုက်စားပါ့မယ် ... "

"အခု ဦးလေးကြီးခန္ဓာကိုယ်က ဝ,နေတယ် ... ကျစ်လျစ်



www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းမှု လုံးဝမရှိဘူး ... ”

မေပျိုဖြူကတော့ မညှာမတာပင် ဝေဖန်ပြောဆိုနေသည်။

မင်းက ...

ငယ်ရွယ်နုပျို ဖျတ်လတ်နေတာပဲ မဟုတ်လား။

ကြည့်လို့ကောင်းလိုက်တာ။

တောင့်တင်းဖြောင့်စင်းနေသည်။

အသားက အပိုအလိုမရှိ။

“ပျို့ဆို ကျွန်းမာရေး အရမ်းလိုက်စားတာပဲ ... မနက်စောစောထပြီး လေ့ကျင့်ခန်းတွေလုပ်တယ် ... ”

“ကောင်းတယ် ... မေပျိုဖြူ ကိုယ်လည်း မေပျိုဖြူ့အကြံအတိုင်း လုပ်ရမယ် ... ”

“ဦးလေးကြီးအတွက်ပါ ... မမလည်း ဒီလိုပဲ ... ကျန်းမာရေး မလိုက်စားတော့ အိပုံ့ပုံ့ကြီးဖြစ်နေတယ် ... ”

“ဟုတ်တယ်နော် ... ”

ကောင်မလေးကို အလိုက်အထိုက်ပြောနေမိသည်။

“ပျို့ ပြန်မယ်နော် ... ဦးလေးကြီး ဆက်ဆက်လာခဲ့ပါနော်”

“စိတ်ချလာခဲ့မယ် ... ”

မေပျိုဖြူ ပြန်သွားသည်။

မခိုင် ထွက်လာ၏။





“အာစရိ ... ”

“ဟင် ... ”

“အိုကေပြီ ... ”

“သွားရမှာတောင် စိတ်ညစ်တယ်ကွာ ... မိန်းကလေးနှစ်ယောက်ရှေ့မှာ စားရတော့ ... ငါ မနေတတ် မထိုင်တတ်တော့ ဖြစ်မှာပဲ ... ”

အရေးကြီးတာက မေပျိုဖြူပဲ။

ဒီကောင်မလေးနှင့်ပတ်သက်ပြီး စိတ်တွေ ဘာတော်လှုပ်ရှားနေရသည်။

မနက်စာ သွားစားဖို့ပင် သူ့စိတ်တွေ မတည်မငြိမ်နေရ၏။

“မသော်သော်မွန်းနဲ့ အာစရိ သိပ်လိုက်ဖက်တဲ့အတွဲပဲ”

ဘယ်က သော်သော်မွန်းလဲ။

မေပျိုဖြူကွဟု ထုတ်ဖော်ပြောပစ်လိုက်ချင်မိသည်။

မဖြစ်သေးဘူး။

ကောင်မလေးက သူ့ထက်ငယ်နေတော့ ခက်နေ

“ငါ ပြင်တော့မယ်ကွာ ... ”

“စောပါသေးတယ် အာစရိရဲ့ ... အခုမှ ကိုးနာရီပဲရှိသေးတာ ... မနက်စာက ဆယ့်တစ်နာရီကျော်မှလေ ... ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက အဆင်မပြေ၊ အစောကြီးပြင်ထားမှဖြစ်မည်။

အခန်းထဲဝင်လာခဲ့သည်။

"အာစရိတို့များ ကံထချင်တော့ ကောင်မလေးချောချော တွေနဲ့မှ မိတ်ဆွေဖြစ်ရတယ်လို့ ... "

မြခိုင် ပြောပြီးကျန်ခဲ့သည်။

သူကတော့ အခန်းထဲဝင်ပြီး မနက်စာ သွားစားမယ်။ ဒီခိုင်းကို စိတ်တိုင်းကျ ရွေးချယ်ဝတ်ဆင်နေမိ၏။

မေပျိုဖြူ ...

ကိုယ် ကလေးကလားဆန်နေပြီလား။

မှန်ရှေ့မှာရပ်ပြီး အနေအထားအမျိုးမျိုးနှင့် ကြည့်နေမိသည်။





## အခန်း (၅)

"ကျော် လာလေ ... "

မေပျိုဖြူကို မတွေ့။

မှန်းက ဆီးကြိုနေသည်။

ညှော်ခန်းမှာ ထိုင်မိကြ၏။

"မေမေပါ ... မှန်းနဲ့ကျောင်းနေဘက် သူငယ်ချင်း ကျော်ကျော်မောင်တဲ့ ... ဟိုဘက်ခန်းကလေ မေမေ ... "

"အေးကွယ် ... အခုလို မိတ်ဆွေတွေ ပြန်ဆုံကြတာ ဝမ်းသာစရာပဲ ... "

"ကျော် ... ဒါ မေမေလေ ... ဒေါ်တင်မမတဲ့ ... ဖေဖေကတော့ နယ်မှာပဲ ... ဖျို့ပညာရေးအတွက် ဒီကိုပြောင်းလာကြတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ... လိုအပ်တဲ့အကူအညီရှိရင်လည်း အားမနာဘဲ ...
ဆောင်းပါ ... အခန်းနီးချင်းတွေပဲလေ ... "

သူ ... မေပျိုဖြူ့ကို ရှာနေမိသည်။

ဒီကောင်မလေး ထမင်းစားလာဖိတ်ပြီး ပျောက်နေ
သည်။

အရိပ်အယောင်မျှပင် မတွေ့။

နပျိုနေအောင် ဝတ်စားပြင်ဆင်ပြီး လာခဲ့ခြင်းဖြစ်
သည်။

နေရာတကာ ဆရာလုပ်တတ်တဲ့ ကောင်မလေး
ဘယ်ရောက်သွားလဲ။

မတွေ့တော့ဘူး။

"သမီးတို့ စကားပြောကြ ... မေမေ ထမင်းပွဲသွားပြင်လိုက်
ဦးမယ်နော် ... "

မေမေ ထသွားသည်။

"မေမေက ကိုယ်တိုင်ချက်ပြုတ် ပြင်ဆင်ကျွေးရမှာ ကျေနပ်
တာလေ ... "

"ကောင်းတယ်... မွန်း ... အိမ်ရှင်မပီသတာ အရမ်းကောင်း
တယ် ... "

"မွန်းတို့ကိုလည်း မေမေက ငယ်စဉ်လေးတည်းက လေ့
ကျင့်သင်ကြားပေးထားတာ ... "





မေပျိုဖြူရော ...

ဘယ်ရောက်နေလဲ။

အစအနတောင် မတွေ့ရ။

"ပျိုကတော့ အိမ်မှုကိစ္စတွေကို ဝါသနာမပါဘူး ကျော် ...
ဒီကောင်မလေးက ပညာတော့ ကြိုးစားတယ် ... ဂုဏ်ထူး
တွေ အများကြီးထွက်တာ ... "

မေပျိုဖြူရောဟု မေးချင်တာ နှုတ်ခမ်းတွေက လှုပ်
ရှားမရ။

"သမီးရေ ... အဆင်သင့်ပြင်ပြီးပြီဟေ့ ... ထမင်းစားကြ
မယ် ... "

"ဟုတ်ကဲ့ ... လာလေ ကျော် ... "

မေပျိုဖြူရော ...

သူက ထမင်းလက်ဆုံစားရမယ်လို့။

သွားပြီ။

ဘယ်လိုလုပ်ရမလဲ။

မျှော်လင့်ချက်တွေ မှဲ့သွားပြီး စိတ်ညစ်သွားရသည်။

"သမီးတို့ပဲ စားကြ ... မေမေ နောက်မှပဲ စားတော့မယ်၊
မောင်ကျော်ကျော်မောင် အားမနာနဲ့နော် ... "

"ဟုတ်ကဲ့ ... "

"ကဲ ... စားကြတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ ...

မေဖျိုဖြူကိုပဲ တွေ့ချင်နေမိသည်။

ကိုယ် ပြင်ဆင်လာတာ မင်းအတွက်လေ။

အစောကြီး ထမင်းစားလာဖိတ်ပြီးထဲက ပျောက်သွားသည်။

မင်း ဘယ်သွားနေတာလဲ။

ဦးလေးကြီးကိုအလေးအနက်မထားတာလားကွာ။

မေဖျိုဖြူဆိုတဲ့ကောင်မလေးကို မြင်မြင်ချင်းပဲ ချစ်ခင်နှစ်သက်သွားမိသည်။

စိတ်ဝင်စားနေမိ၏။

မေဖျိုဖြူကတော့ သူ့ကို အလေးအနက်မထားပါဘူး။

သူ ထမင်းလာစားမယ်ဆိုတာ သိသိကြီးနှင့် ရှောင်နေတာလား။

"ကျော် ... "

"ဟင် ... "

"စားလေ ... "

"အင်း ... "

"ကောင်းရဲ့လား ... မေမေနဲ့ မွန်းတို့နှစ်ယောက်ပေါင်းချက်တာလေ ... "





"ကောင်းပါတယ် မွန်း ... ကိုယ်တောင် ဒီလိုလက်ရာမျိုး မစားရတာ ကြာပြီပဲ ... "

"စားနော် ... နောက်ဆို အမြဲတမ်းစားရတော့မှာပါနော်"

ကျော်ကျော်မောင့်အပေါ် မွန်း မျှော်လင့်ချက်တွေထားမိသည်။

ငယ်ရွယ်စဉ်ကတည်းကပါ။

ကျော်က မိန်းကလေးတွေကို စိတ်မဝင်စားခဲ့။

မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ ဆက်ဆံခဲ့သည်။

မမျှော်လင့်ဘဲ ကျော်နဲ့ ဆုံရတာပါ။

"စားနော် ကျော် ... "

"မွန်းလည်း စားပါ ... "

"ကျော် ... "

"ဟင် ... "

"မွန်းတို့အိမ်မှာပဲ စားပါလား ... "

"အမြဲတမ်းတော့ မကောင်းပါဘူး ... မွန်းရယ် ... မကြာခဏတော့ စားပါ့မယ် ... "

"ကျော် အခု ဘာတွေလုပ်နေလဲ ... "

"သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလေ မွန်း ... "

"ကောင်းတယ် ... မွန်းကတော့ ဒီမှာရွှေဆိုင်ပဲထွက်မလားလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ ...

မေပျို့ဖြူ့ကို ရှာနေမိသည်။

ဦးလေးကြီးကို အလေးအနက်မထားတာလား မေပျို့ဖြူရယ်။

စိတ်တွေက မပျော်တော့။

သော်သော်မွန်းနဲ့ စကားပြောနေရတာ ပင်ပန်းနွမ်းနယ်နေရသည်။

စားပြီးသွား၏။

မွန်းက ညှော့ခံနေသည်။

မေပျို့ဖြူကိုတော့ အရိပ်အယောင်မျှပင်မတွေ့။

အချိန်တွေကြာသွားသည်။

ကိုယ်ပြန်မှ ဖြစ်တော့မည်ဟု ထင်လာရ၏။

"မွန်း ... ကိုယ့်ကို ခွင့်ပြုပါဦး ... "

"ပြန်လေ ... "

"အန်တီရော ... "

"မေမေရေ ... မြမှာ ကျော်က ပြန်တော့မယ်တဲ့ ... "

မွန်း မေမေ ထွက်လာသည်။

"ပြန်တော့မလားကွယ် ... အေး အေး၊ နောက်လည်းလာလည်ပေါ့ ... အားမနာပါနဲ့ ... မိတ်ဆွေတွေပဲကွယ် ... "

"ဟုတ်ကဲ့ အန်တီ ... ခွင့်ပြုပါဦးနော် ... "





"အေး ... အေးကွယ် ... "

သူ ...

ပြန်မည်အလုပ် ...

"ကျွို ... "

တံခါးပွင့်လာပြီး မေပျို့ဖြူ အပြင်ကနေ ပြန်လာတာ တွေ့ရသည်။

ဘယ်လိုလုပ်ရမလဲ။

သူက ထနေပြီ။

"ဦးလေးကြီး စားပြီးပြီလား ... ပျို့ သူငယ်ချင်းတစ်ယောက်က လာခေါ်လို့ လိုက်သွားရတာယ် ... "

သူ ...

ခေါင်းစားသွားရသည်။

သူငယ်ချင်းက ယောကျ်ားလေးလား၊ မိန်းကလေးလား။

မေပျို့ဖြူ့မှာ ချစ်သူရှိလား။

သူ ဆက်ထိုင်နေလို့လည်း မကောင်းတော့ဘူးဟု ထင်မိသည်။

"ပြန်တော့မယ်နော် ... "

"ဟုတ်ကဲ့ ... နောက်လည်း မကြာမကြာလာလည်ပါနော်"

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့မိသည်။

"အာစရိ ... "

"ဟင် ... "

"မျက်နှာမသာမယာနဲ့ ဘာဖြစ်လို့လဲ ... "

မြနိုင်က မေးသည်။

"ငါ ထမင်းစားရတာ စိတ်ရှုပ်ပြီး မနေတတ်မထိုင်တတ်ကြီး ကွ ... "

တကယ်တော့ ...

မေပျိုဖြူ့ကို မတွေ့လို့ပါ။

သူငယ်ချင်းနှင့် လိုက်သွားသည်ဆို၍ သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။

"အာစရိ ... "

"ဟင် ... "

"သော်သော်မွန်နဲ့ ထမင်းလက်ဆုံစားကြတာလား ... "

"အင်း ... "

"သော်သော်မွန်က မဆိုးဘူးနော် ... အာစရိ အရမ်းလိုက်ဖက်တယ် ... "

သူ ...

စိတ်ဝင်စားနေတာ မေပျိုဖြူပဲ။

ဘယ်လိုလုပ်ရမလဲ။





ရင်ဖွင့်ချင်လိုက်တာ။

ကောင်မလေးကို ချစ်နေမိပြီလားဟု တွေးမိနေသည်။

အခန်းထဲ ဝင်လာခဲ့၏။

အိပ်ရာပေါ် ပစ်လှဲချလိုက်ပြီး ကောင်မလေးအကြောင်းတွေကိုပဲ စဉ်းစားနေမိသည်။

မေပျိုဖြူ ... မင်းကိုပဲ သတိရနေတယ်။

ဘာဖြစ်လို့လဲကွာ။

မဖြစ်နိုင်ဘူး ထင်တယ်။

မင်းလို ကောင်မလေးတစ်ယောက်ကို ... ငါ့လိုလူတစ်ယောက်က ချစ်ပါတယ်လို့ ဘယ်လိုရင်ဖွင့်ပြောရမလဲ။

ကလေးကလား ဖြစ်နေမှာပဲ။

သူ ... သော်သော်မွန်ကိုပဲ ရွေးရမလား။

အချစ်ဆိုတာ မရှိဘူး။

စိတ်တွေ ငြိမ်သက်နေတယ်။

မေပျိုဖြူ့ကိုပဲ သူ ချစ်မြတ်နိုးမိနေတာ သိနေသည်။

"ဦးလေးကြီး ကျန်းမာရေးလိုက်စားနော် ... အသက်ကြီးပြီလေ ... "

ကျန်းမာရေးလိုက်စားဖို့ ညွှန်ကြားနေတဲ့ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



သူက အလုပ်တာဝန်တွေ ဖိစီးပြီး တစ်ခါတစ်ရံ စိတ်ပင်ပန်းနေတတ်သည်။

ကျွန်းမာရေး မလိုက်စားမိ။

အိုမင်းနေပြီလား။

သူ အိပ်နေရာမှ ထပြီး မှန်ထဲမှာရုပ်ကြည့်နေမိသည်။

အသက်က သိပ်မကြီးသေးပါဘူး။

ဒီကောင်မလေးက လူတွေကို ခပ်ကျော့ကျော့ ဆက်ဆံချင်တာပဲ။

ဦးလေးကြီးတဲ့။

အသက်ကြီးပြီဆိုတဲ့စကားကို မကြာခဏ ပြော၍ စိတ်မောရသည်။

ထမင်းစားချိန်။

ကောင်မလေး မရှိပေ။

ဦးလေးကြီးကို အရေးအရာ မလုပ်တာဘဲ မဟုတ်လား။

စိတ်ထဲမှာ လေးလံနေရသည်။

ဘာလိုနေမှန်းမသိ။

သူ ...

အပြင်သို့ ပြန်ထွက်လာခဲ့မိသည်။

"အာစရိ ..."





"ငါ အပြင်သွားမယ်ကွာ ..."

"အနားမယူတော့ဘူးလား ... အာစရိ ..."

"ကိစ္စရှိလို့ ..."

သူ့စိတ်တွေထဲမှာ နေမထိထိုင်မသာကြီး ဖြစ်နေမိသည်။

လေးလံနေ၏။

အပြင်ထွက်မယ်။

အိမ်ထဲမှာ ခွေနေတာကြီးက ကျန်းမာရေးကို ထိခိုက်စေသည်ဟု ထင်မိသည်။

"ဦးလေးကြီး ကျန်းမာရေးလိုက်စားနော် ..."

သူ ...

ထလိုက်သည်။

စိတ်ဓာတ်တက်ကြွအောင်ပဲ ဖြစ်၏။

"ငါ သွားတော့မယ် ..."

"ဟုတ်ကဲ့ ..."

သူ ...

အပြင်ထွက်လာခဲ့သည်။

"ဦးလေးကြီး ..."

"ဟင် ..."

တံခါးအဖွင့်တွင် ကောင်မလေးနှင့်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ ... "

"အပြင် ... "

"ဖျိုလည်း အပြင်သွားမလို့ ... "

"ဟင် ... မင်း စောစောကပဲ အပြင်ကနေ ပြန်လာတာ မဟုတ်လား ... "

"ဟုတ်တယ်လေ ... ပိုက်ဆံမလောက်လို့ လာပြန်ယူတာ၊ သူငယ်ချင်းတွေနဲ့ ချိန်းထားသေးတယ် ... "

ကောင်မလေး မင်း အပြင်ပဲသွားနေတာပဲလား။

"မင်း ကားပါလား ... "

"မရှိပါဘူး ... ကျွန်မတို့က ကားမှမစီးနိုင်သေးတာဘဲ ... လမ်းလျှောက်တာက ကျန်းမာရေးပိုကောင်းတယ် ... "

"ကိုယ် ကားနဲ့လိုက်ပို့ပေးမယ်လေ ... မေပျိုဖြူ ဘယ်သွားမှာလဲ ... "

"ဒါဆိုလည်း ကောင်းတာပဲ ဦးလေးကြီး ... ကျေးဇူးပဲ"

"တက်လေ ... "

"ဟုတ် ... "

ကောင်မလေး ကားပေါ်တက်လိုက်လာ၍ သူ ဝမ်းသာသွားသည်။

ဘယ်သူတွေနဲ့ ချိန်းထားတယ်၊ ဘယ်သွားမလဲ ဆိုတာ သိရပြီပဲ။





မေပျိုဖြူရယ်။

မင်းကို ငါ ဘယ်လောက်အထိ စိတ်ဝင်စားနေလဲ ဆိုတာ မင်းသိရဲ့လား။

"ဦးလေးကြီး ... "

"ဟင် ... "

"ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ ... "

"ဟင် ... "

"လူပျိုကြီးဖြစ်နေတာ ... မစွံတာလား ... ဇီဇာကြောင်နေတာလား ... "

သူ ...

မဖြေမိ။

ချစ်ရမဲ့သူ မတွေ့လို့ဟုပဲ ဖြေရမည်ဖြစ်သည်။

အခု ...

တွေ့ပြီ။

"လူပျိုကြီးပဲ တစ်သက်လုံးလုပ်တော့မှာလား ... "

"ဖူးစာဖက် မတွေ့သေးလို့ပါ မေပျိုဖြူ ... "

"အဟက် ... တွေ့ရင်တော့ လူပျိုကြီးဘဝကို စွန့်လွှတ်မယ်ပေါ့ ... "

"အင်း ... "

"ဦးလေးကြီး ဇီဇာကြောင်နေတာ ဖြစ်မှာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်လွန်းတဲ့ သူမကို သူ စိတ်ဝင်စားမိသွားတာ အံ့ဩစရာဝင်။

မဖြစ်သင့်ပါဘူး ... ။

ဖွင့်ပြောဖို့ဆိုတာ အတော်လေး ခက်ခဲမှာပဲဟုတွေးရင်း စိတ်ထဲမှာ လေးလံနေမိသည်။





## အခန်း (၆)

... 

"ကျေးဇူးပဲနော် ... ဦးလေးကြီး ... "

ပျို့ ကားပေါ်ကဆင်းသည်။

"ပျို့က ဒီအခန်းပေါ်အထိ တက်ရမှာ ဦးလေးကြီး ... "

"အမြင့်ကြီးပါလား ... ကိုယ် အပေါ်လိုက်တက်ပေးရမလား ပျို့ ... "

ပျို့ ...

ဘယ်သူတွေနှင့် ပတ်သက်နေတာလဲဆိုတာ သိချင်သည်။

ယောက်ျားလေးလား။

မိန်းမလား။

ပျို့ ဘာတွေလုပ်နေလဲဆိုတာ သိချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“နေပါစေ ဦးလေးကြီးရယ် ... ပျို့ဘာသာပဲ တက်သွားပါတော့မယ် ... ကျေးဇူးပဲ ... ”

ပျို့ ... တက်သွားသည်။

သူ ...

တစ်နေရာကနေ ကားရပ်ပြီးစောင့်ကြည့်နေမိသည်။

ကောင်မလေး အထပ်တိုက်ကြီးပေါ်တက်သွားပြီး ပြန်မဆင်းလာတော့။

သူ စောင့်နေမိသည်။

မဆင်း။

ဘာဖြစ်လို့ ဒီတိုက်ခန်းတွေ ပေါ်ကနေ ပြန်မဆင်းလာရတာလဲ။

စိတ်ပူနေမိသည်။

လိုက်သွားရင်ကောင်းမလား။

မဖြစ်သေးပါဘူး။

မိန်းကလေးတစ်ယောက်က ဒီလောက်အိမ်လည်နေတာ မကောင်းပေ။

ကိုယ် စိတ်ပူနေတယ်။

ပျို့ ... မင်းအတွက် ကိုယ် အရမ်းစိတ်ပူနေတယ်။

စိတ်သောကတွေ ရောက်နေတယ်။

သူ ... ပျို့ကို ချစ်နေမိပြီ။





ဘယ်လိုဖြစ်ရတာလဲ။

ကိုယ့်ရင်ထဲမှာ ပျို့ကိုချစ်တဲ့စိတ်တွေ အရမ်းများပြားနေပြီ။

သံယောဇဉ်တွေ တွယ်မိနေပြီ။

မဖြစ်သေးပါဘူး။

ပျို့က ငယ်ရွယ်သူပဲ။

သူနှင့် မသင့်တော်ပေ။

ပြန်တော့မည်ဟု စိတ်ကူးလိုက်ပြီး ကားပေါ်တက်လိုက်သည်။

ကားစက်ကို နှိုး၏။

မရပေ။

သူ့လက်တွေက မလှုပ်ချင်။

ကောင်မလေး ပြန်ဆင်းလာမလားဆိုတဲ့ မျှော်လင့်ချက်ရှိနေသေးသည်။

စောင့်နေမိ၏။

ခဏကြာတော့ ...

မေပျို့ဖြူနှင့် ကောင်မလေးတစ်ယောက် ကောင်လေးတစ်ယောက် တွဲပြီးဆင်းလာကြသည်။

“ဟင် ... ”

ကောင်လေးနဲ့ မေပျို့ဖြူက တွဲလျက်ဖြစ်နေသည်။



www.burmeseclassic.com

သူ —

ခပ်လှမ်းလှမ်းကနေ ကြည့်နေမိသည်။

ကောင်လေးက မေပျိုဖြူနှင့် ရင်းနှီးကျွမ်းဝင်ပုံပေ

သူ ... စိတ်ပူမိသွားသည်။

မေပျိုဖြူနှင့်ကောင်လေးက ချစ်သူတွေများလာ ပြန်မယ်။

သူ ရပ်စောင့်ကြည့်နေတာတွေ့သွားရင် မကောင်း ပါဘူးလေ။

ကားစက်ကို နှိုးလိုက်သည်။

ကောင်မလေးတစ်သိုက်က အငှားကားနှင့် အပြ ထွက်သွားကြ၏။

သူ ဆက်မောင်းသွားသည်။

စိတ်တွေလေးနေ၏။

မေပျိုဖြူဆိုတဲ့ ကောင်မလေးအတွက် စိတ်မအေ နိုင်ပေ။

အပြင်နေရတာလည်း စိတ်ပင်ပန်းလာရသည်။

အိမ်ပြန်လာခဲ့မိ၏။

မေပျိုဖြူ —

မင်းမှာ ချစ်သူရှိနေလား။

ဟိုကောင်လေးက မင်းချစ်သူလား။





မေပျိုဖြူဆိုတဲ့ကောင်မလေးကို အစွဲအလမ်းကြီး စွဲလမ်းနေမိသည်။

ချစ်မိနေ၏။

"အာစရိ ... "

"ဟင် ... "

"အာစရိကို ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲ ... "

"အလုပ်ကိစ္စတစ်ခုကြောင့်ပါကွာ ... "

သူ ...

အခန်းထဲဝင်လာခဲ့သည်။

အိပ်ရာပေါ် အိပ်လိုက်၏။

မေပျိုဖြူဆိုတဲ့ကောင်မလေးတစ်ယောက်အကြောင်း ပဲ တွေးနေမိသည်။

လှုပ်ရှားမှုဟန်လေးတွေကိုပဲ သတိရနေမိ၏။

"ဆရာ ... "

"ဟင် ... "

"မသော်သော်မွန်း ရောက်နေတယ် ... "

"ဟင် ... "

သူ ...

ထွက်လာခဲ့ရသည်။

ဧည့်ခန်းမှာ သော်သော်မွန်း ထိုင်နေတာတွေ့၏။

www.burmeseclassic.com



"မွန်း ... "

"ကျော် ... စန္ဒာတို့ဆီ သွားလည်မလို့ ... အဲ့ဒါ ကျော့်ကို လာခေါ်တာ ... "

"ဟင် ... "

မွန်းရော စန္ဒာရော သူငယ်ချင်းတွေပဲ။

"ကျော် သိတယ် မဟုတ်လား ... မွန်းတွေ့ချင်လို့လေ ... စန္ဒာတို့အိမ် ကျော်ပဲ သိတာ ... "

"လိုက်ပို့မယ်လေ ... "

သော်သော်မွန်းကလည်း သူ့ကျောင်းနေဘက်သူငယ်ချင်းဖြစ်နေသည်။

ပြီးတော့ ...

မေပျိုဖြူ့အကြောင်း စပ်စုရမယ်။

ချစ်သူရည်းစားရှိ မရှိ။

သူ့စိတ်တွေက မေပျိုဖြူအကြောင်းတွေပဲ အရမ်းသိချင်နေသည်။

သော်သော်မွန်းနှင့် အပြင်ထွက်လာခဲ့၏။

စန္ဒာတို့အိမ်သွားမလို့တဲ့။

"မွန်း ... "

"ဟင် ... "

"အခု ဘာလုပ်နေလဲ ... "





"ရွှေဆိုင်ဖွင့်မလို့ လုပ်နေတယ် ကျော် ... ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းငှားထားပြီးပြီ ... "

"ဟုတ်လား ... "

နယ်မှာလည်း သော်သော်မွန်းတို့က ရွှေဆိုင်ဖွင့်ခဲ့တာပဲ။ ရန်ကုန်ကို အခုမှ ချေချတာပါ။

"မွန်း ... "

"ဟင် ... "

"မေပျိုဖြူက အခုမှရောက်ပြီး အပေါင်းအသင်းဆန်နေသားပဲ... "

"ပျိုက ရန်ကုန်မှာ ကျောင်းလာတက်ဖူးတယ်လေ ... ဆယ်တန်းကို ရန်ကုန်ကဖြေတာပဲ ... "

"ကိုယ်တောင် စောစောက သူငယ်ချင်းအိမ်လိုက်ပို့ရသေးတယ် ... "

"ဟုတ်လား ... "

"အဆင်းမှာတွေ့လို့လေ ... "

"ပျိုက မွန်းလိုမဟုတ်ဘူး ... အပေါင်းအသင်း အရမ်းဆန်တာပဲ ... သူငယ်ချင်းတွေလည်းများတယ်လေ ... ဖေဖေနဲ့ မေမေကလည်း အရမ်းအလိုလိုက်တာပဲ ... "

"မိန်းကလေးဆိုတော့ အရမ်းသတိထားရမယ် ... ညီမလေးကို မွန်း လွှတ်မထားနဲ့နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"မွန်းလည်း မနိုင်ဘူး … ဖျိုက အရမ်းလည်းစွာတယ် … ယောက်ျားလေးတွေကိုလည်း သိပ်အထင်ကြီးတာ မဟုတ်ဘူး … "

ကောင်လေးတစ်ယောက်။

ဘယ်က ကောင်လေးလဲ။

မေဖျိုဖြူနှင့် အနီးကပ်တွဲနေတာ တွေ့ရသည်။

စိတ်မချ။

ကိုယ် စိတ်ပူနေတယ်။

မင်းအကြောင်းတွေပဲ ကိုယ်တွေးပူနေမိတယ် … မေဖျိုဖြူ။

"ဖျိုက စိတ်ချရပါတယ် … ရည်းစားတွေ ဘာတွေလည်း မထားတတ်ဘူးရှလေ … "

"မွန်း ပြောပြမလား … "

"ပြောတယ် … ဖျိုက သူ လုပ်တာတွေ ဖြစ်ပျက်နေတာတွေအားလုံး မွန်းကိုပဲ ပြောပြပါတယ် … "

ချစ်သူယောက်ျားလေး မရှိဘူးဆို၍ သူ စိတ်အေးသွားရသည်။

"ဖျို့ကိုပဲ အစစအရာရာ အားကိုးနေရတာလေ … အမြဲတမ်း သွက်လက်ဖျတ်လတ်နေတဲ့ ကောင်မလေး … "

ဖျို …





မင်းရဲ့သွက်လက်မှုတွေကို ကိုယ်သဘောကျတာပဲ ဖြစ်လိမ့်မယ်။

ကိုယ့်ဘဝတစ်သက်တာမှာ ကိုယ် ပထမဆုံး စိတ်ဝင်စားမိတဲ့ မိန်းကလေးက မေဖျိုဖြူပဲလေ။

စန္ဒာတို့အိမ် ရောက်လာသည်။

သူငယ်ချင်းတွေ အလုအယက်စကားပြောနေကြပြီ။

"ကျော် … နင်က သိပ်ကြီးကျယ်တဲ့ကောင် အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး ဖြစ်နေတော့ ဘဝင်မြင့်နေလိုက်တာ … "

စန္ဒာကလည်း အပျိုကြီးတစ်ယောက် ဖြစ်နေသည်။

သူ …

ဘယ်သူနဲ့မှ မပတ်သက်တော့။

စီးပွားရေးလုပ်ငန်းတွေမှာပဲ စိတ်တွေကို နှစ်မြှုပ်ထားမိသည်။

"မွန်း … "

"ဟင် … "

"ကျော်နဲ့ငါ အခုမှ တွေ့ကြတာ သိလား … နင်နဲ့ အခန်းချင်းကပ်ကျသွားလို့ တွေ့ရတာ … "

"ကျော် အလုပ်တွေ များနေလို့ပါ စီးပွားရေးမှာပဲ စိတ်တွေကို နှစ်ထားတာလေ … "



www.burmeseclassic.com

www.burmeseclassic.com



"ကျော် –"
"ဟင် –"
"မိန်းမရော မယူတော့ဘူးလား ..."
"ယူတော့မယ် ..."
"ဟင် ... ဘယ်သူနဲ့လဲ ... ရှင့်မှာ ချစ်သူရှိနေပြီလား"
"ရှိနေပြီ ... ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးကို တွေ့နေပြီလေ ..."
"ဟုတ်လား ... တို့ရော မသိဘူးလား ..."
"လောလောဆယ်တော့ မပြောပြနိုင်သေးဘူးလေ ... နောက်မှ ပြောပြမယ် ... ကိုယ့်ရင်ထဲကပဲ ချစ်နေတာလေ၊ ဖွင့်မပြောရသေးဘူး ..."

ကျော့်စကားကြောင့် သော်သော်မွှန်း ရင်ထဲမှာ နွေးထွေးသွားရသည်။

သူမလား။

ကျော့်ကို ငယ်စဉ်ဘဝတည်းက မျှော်လင့်နေခဲ့မိတာပဲဖြစ်သည်။

"ဘယ်ကလဲ ကျော် ... ဒါလေးတော့ ပြောဟာ ... စိတ်ဝင်စားလို့ ..."

စန္ဒာက အတင်းမေးနေသည်။

"ပြောမှာပါ ... မကြာခင် ပြောပြမှာပါ ... စိတ်ထဲမှာ ရည်





မှန်းထားတဲ့ အဆင့်ပဲရှိသေးလို့ပါဟ ..."

"လူပျိုကြီး ဖွန့်မယ်ဆိုတော့ ရှင် စိတ်ဝင်စားတဲ့မိန်းကလေးက သာမန်အဆင့်မှာတော့ ရှိမယ်မထင်ဘူးနော် ..."

အားလုံး သိချင်နေကြသည်။

"ကျော် ..."
"ဟင် ..."
"တို့တွေ ပြန်ဆုံတဲ့ အထိမ်းအမှတ်အဲနေနဲ့ ညစာကျွေးရမှာနော် ..."
"ကျွေးပါ့မယ်ဟာ ... နင်တို့နှိပ်စက်သမျှ ငါ ခံပါ့မယ် ..."
"ရှင့်ကို လူပျိုကြီးဘဝမှာ နှိပ်စက်ရတာနော် ... မိန်းမယူရင် နှိပ်စက်လို့ရမှာ မဟုတ်တော့ဘူး ..."

မွှန်းကတော့ တစ်ကိုယ်လုံးနွေးထွေးပြီး ရှက်နေမိသည်။ အခုမှတွေ့တာတဲ့။

ဘယ်သူလဲ။

ကျော်လို ယောကျ်ားတစ်ယောက်က သာမန်မိန်းကလေးတစ်ယောက်အပေါ် စိတ်ဝင်စားမှာ မဟုတ်ပေ။

မွှန်းပဲ ထင်တယ်။

ယောကျ်ားတွေအပေါ် စိတ်မဝင်စားတတ်တဲ့ မွှန်းကလည်း အပျိုကြီးအဖြစ် အရိုးထုပ်တော့မည်ဟု ဆုံးဖြတ်ထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားကြသည်။

ကျော်ကျော်မောင်က မေပျိုဖြူ ကြိုက်တတ်တဲ့ အစားအစာတွေကို ဝယ်ပေးလိုက်ချင်၏။

"မွှန်း ... "

"ဟင် ... "

"မေပျိုဖြူနဲ့အန်တီစားဖို့ တစ်ခုခု ဝယ်ဦးလေ ... "

"နေပါစေ ... "

"ဝယ်ပါ ... ပျို ဘာကြိုက်လဲ ... "

"ကြက်ကောက်ညှင်းကြိုက်တယ်လေ ... "

"ဝယ်ပါ ... ဝယ်လေ ... "

ကြက်ကောက်ညှင်းနှင့် ခေါက်ဆွဲကြော်ဝယ်ရသည်။

ပျို့အတွက်ပါ။

ကိုယ်ချစ်တဲ့ပျို့အတွက်ပဲ။

"တော်ပြီ ကျော် များနေပြီ ... လူမှသိပ်မရှိတာဘဲ"

စန္ဒာကိုတော့ ပါဆယ်ဝယ်ပေးဖို့ သတိမရပေ။

"နင် မျက်နှာလိုက်တယ်နော် ... ကျော် ... ငါ့အတွက်ရော ပါဆယ် ဝယ်ပေးဦးလေ ... "

"ယူလေဟာ ... နင်တို့အိမ်သားတွေ ဘယ်နှစ်ယောက် ရှိမှန်း မသိလို့ပါ ... ဝယ်လေ ... "

စန္ဒာက နောက်တာပဲဟုပြောပြီး မဝယ်ပေ။





သူ ...

ပျို့ကို အမြဲတမ်း သတိရနေတာပါ။

စားစားသွားသွား ပျိုဆိုတဲ့ကောင်မလေးကိုပဲ သတိ ရနေမိသည်။

"ပျို့အတွက်လေ ... ကိုယ် အရမ်းသတိရနေတာ ပျို့ပဲ"

သူ့စိတ်ထဲကနေ ပျို့ကိုပဲ တမ်းတနေမိသည်။

အိမ်ပြန်လာကြ၏။

စားစရာတွေပါလာ၍ ပျို့ ဝမ်းသာအားရနှင့် ဆီးကြို ခဲ့သည်။

"ကျေးဇူးပဲနော် ဦးလေးကြီး ... ပျိုက ကြက်ကောက်ညှင်း ဆို အရမ်းကြိုက်တာပဲ ... "

သူ ...

အမောပြေသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မေမေ ... ပျို့ ဟမ်းဖုန်းပဲ ဝယ်လိုက်တော့မယ် ... သူငယ်ချင်းတွေနဲ့ စကားပြောချင်နေပြီ ... "

"အခုလည်း တွေ့နေရတာပဲ မဟုတ်လား ပျို့ ... မမတောင် အလုပ်လုပ်ရမဲ့သူက ဖုန်းမကိုင်သေးဘူး ... "

"ပျို့က ပျို့ပဲ ... ဒီမှာ အပေါင်းအသင်းတွေကို ချိန်းရတာ ဘယ်လောက်ဒုက္ခရောက်လဲ ... မေမေက ဖုန်းတပ်ပါဆိုလည်း မတပ်ဘူး ... "

"တပ်ဖို့လုပ်နေပြီလေ ပျို့ ... ညည်း တော်တော်ကိုကျွတဲ့ ကောင်မလေးတစ်ယောက်ပဲ ... "

"မမ ... "

"ဟင် ... "





"ကျွန်မ အရေးကြီးနေလို့ ဟိုဘက်အခန်းမှာ ဖုန်းသွားဆက်မလို့ ... "

"ပျို့ ... ဟိုမှာ ယောက်ျားလေးတွေပဲနေတာနော် ... မသွားနဲ့ ... "

"ဦးလေးကြီးက သဘောကောင်းပါတယ် ... ယောက်ျားပီသတယ် ... ဘာမှ စိတ်ပူစရာမလိုပါဘူး မေမေရ"

"သမီးကို မျက်စိနောက်ရင် မကောင်းဘူးထင်တယ်နော်"

"ဘာဖြစ်လို့ နောက်ရမှာလဲ ... ပျို့က ပေါင်းတတ်ပါတယ်"

"မောင်ကျော်ကျော်မောင်က လူရည်သန့်လေးပဲ ... စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်တယ် ... တော်လိုက်တာကွယ် ... "

"မေမေ ... "

"ဟင် ... "

"သမက် မတော်ချင်ဘူးလား ... "

"ဟယ် ... ဒီကောင်မလေး မဟုတ်တာတွေ ပြောတော့မယ် ... ဘာတွေပြောနေတာလဲ ... "

"အဟဲ့ ... မမမွှန်းနဲ့လေ ... "

"ပျို့နော် ... "

"ငယ်ချစ်ဟောင်းတွေ ပြန်ဆုံကြတာလေ ... ဖူးစာဖက်တွေဖြစ်ရမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ... "

"အဟက် ... "

"ကောင်မလေးနော် ... "

"ပျို ဖုန်းသွားဆက်လိုက်ဦးမယ် ... ဦးလေးကြီးနဲ့ မဇော်
အောင်သွယ်မလို့ပါ ... "

"ဟဲ့ ... ဟဲ့ကောင်မလေး ပေါက်ကရသွားမပြောနဲ့နော်"

"ပြောမယ် ... "

ပျို ...

ထွက်လာခဲ့သည်။

တစ်ဘက်ခန်းကို ရောက်လာ၏။

"ဦးလေးကြီး ... "

လူခေါ်ဘဲလ်ကို အဆက်မပြတ်နှိပ်ထားလိုက်သည်

"ကျို ... "

"ဟင် ... "

"ဦးလေးကြီးရှိလား ... "

"ရှိတယ်လေ ... "

"ဝင်မယ်နော် ... "

"ဝင်ပါ ... "

သူမ ...

ဝင်လာခဲ့သည်။





"ဦးလေးကြီးတို့ အခန်းပြင်ထားတာတော့ တကယ့်ကို အပျို
စားပဲနော် ... "

ဧည့်ခန်းမှာ ထိုင်မိသည်။

တိုက်ခန်းလေးကို ပြင်ဆင်ထားတာ တကယ့်ကို
အထက်တန်းကျ၏။

ပျို ကြိုက်လိုက်တာ ...

မေမေက အရမ်းကပ်စေးနှည်းတယ်။

ငွေနှင့်ရွှေကိုပဲ စုဆောင်းတတ်သည်။

ဦးလေးကြီးတို့လောက်လည်း ပျိုတို့က မချမ်းသာ
သားလေ။

"ပျို ... "

"ဟင် ... "

"အစောကြီးပါလား ... ပျို ရောက်လာတာ ကိစ္စရှိလို့လား"

"ရှိလို့ ... "

"ပြော ... "

"ဖုန်းဆက်ချင်လို့ ... "

"ဆက်လေ ... ဆက်ပါ ... ဟိုမှာ ဖုန်းရှိသားပဲ ... "

"ဦးလေးကြီး ရုံးသွားတော့မလား ... "

"အင်း ... "

"ကျေးဇူးပဲနော် ... "



www.burmeseclassic.com

www.burmeseclassic.com



သူ ...

ညှော်ခန်းထဲမှာ ထိုင်မိသည်။

မေပျို့ဖြူ ဘယ်ကို ဖုန်းဆက်မလဲဆိုတာ စော

ကြည့်ချင်၍ ဖြစ်၏။

"ဟဲလို ... ဗလလား ... ပျို့ပါ ... ဒီနေ့သွားစရာရှိတဲ့ကို

ဆိုဖို့လေ ... အဲ့ဒါ ... ဆယ့်တစ်နာရီမှနော် ... ပျို့ မအားလို့

ဗလတဲ့ ...

ဘယ်ကလဲ။

ဟိုနေ့က ကျောင်းလေးလား။

ဘာကြောင့် ချိန်းနေကြတာလဲ။

သော်သော်မွန်းက ပြောတော့ ပျို့မှာ ချစ်သူလုံး

မရှိဘူးတဲ့။

ဒီကောင်လေးက ဘယ်ကကောင်လေးလဲ။

ရိုးမသွားနိုင် ...

နားစွင့်နေမိသည်။

"ဗလ ... ရှင်စောင့်နော် ... ပျို့ ကြောင်နေမယ် ... တစ်ခါ

မသွားဘူးတော့ ရှင်ပါမှဖြစ်မှာ ... "

ပျို့ ဘယ်သွားမှာလဲ။

မရောက်ဘူးတဲ့ နေရာတဲ့။

ဒီကောင်လေးနဲ့ သွားစရာမလိုပါဘူး။





"ဗလ ... "

"ဟဲ့ဗလ ... ပျို့ကို ခုကွရောက်အောင်တော့ ရှင်မလုပ်နဲ့နော်

ဒါပဲ ... "

ပျို့ ဖုန်းပြောပြီးသည်။

"ကျေးဇူးပဲနော် ဦးလေးကြီး ... "

ပျို့က ညှော်ခန်းက ဆိုဖာတစ်လုံးပေါ်တွင် ဝင်ထိုင်

သည်။

ဗလဆိုတဲ့ ကောင်လေးက မင်းအဆက်လားဟု

မေးချင်မိ၏။

စပ်စုသည်ဟု ထင်ဦးမည်။

"ဦးလေးကြီး ... "

"ဟင် ... "

"ဟမ်းဖုန်းတစ်လုံးနဲ့ အိမ်ဖုန်းတစ်လုံးလောက် လိုချင်လိုက်

တာဦးလေးကြီးရယ် ... တတ်နိုင်ရင် ကူညီပေးစမ်းပါ"

သူကတော့ ပျို့လက်ထဲ ဟမ်းဖုန်းရောက်သွားမှာပဲ

တွေးပူမိနေသည်။

ကောင်လေးတွေနဲ့ ဆက်သွယ်နေမလားယဲ။

"ဒီကပဲ လာဆက်နော် ... မင်း မိတ်ဆွေအပေါင်းအသင်း

တွေကိုလည်း ဖုန်းနံပါတ်ပေးထားလေ ... "

"အခုတော့ ... အဲ့ဒီလိုပဲ လုပ်ရတော့မှာပဲလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့ ပျို ... ကိုယ်တို့က မိတ်ဆွေတွေပဲ"

"ဦးလေးကြီး ... "

"ဟင် ... "

"ဦးလေးကြီး ဘာလို့ လူပျိုကြီးဖြစ်နေရတာလဲ ... မမက ပြောတော့ ဦးလေးကြီး ကြိုက်တဲ့သူရှိနေပြီဆို ... "

"မွန်းကပြောလား ... အင်း ... ရှိနေပြီ"

"တွေ့တာမကြာသေးဘူးပေါ့ ... "

"အင်း ... "

"ဦးလေးကြီးကို ပျိုက ဆွေမျိုးတော်ချင်တာလေ ... "

"ဟင် ... "

"အဟက် ... "

သူမ ရယ်နေသည်။

မင်းပြောလိုက်တဲ့ အဓိပ္ပာယ်ကို ကိုယ် သိနေပါတယ်။

သော်သော်မွန်းနဲ့ရည်ရွယ်ပြီး မင်းပြောနေတာ မဟုတ်လား။

ကိုယ် ချစ်မြတ်နိုးနေတာ မင်းပဲပျို။

မင်းလေ ...

ဦးလေးကြီး ရင်တွေကို လှုပ်ရှားနိုင်စွမ်းပေးနိုင်သူက ပျိုပါ။





ပျိုကို တွေ့မှ သူ့စိတ်တွေလှုပ်ရှားလာရတာ အံ့သြရေပင်။

မိန်းမတွေကို ဘယ်တော့မှ စိတ်မဝင်စားခဲ့တဲ့သူ။

လူပျိုကြီး လုပ်မယ်လို့ ဆုံးဖြတ်ချက်တွေ ခိုင်မာစွာချထားသူပါ။

"အသက်ကြီးလာတော့ ဆေးပေးမီးယူလိုတယ်နော် ... ဦးလေးကြီး ... လူပျိုကြီးတော့ မလုပ်ပါနဲ့ ... "

သူမကတော့ ဦးလေးကြီးအား အမျိုးတော်ချင်နေမိသည်။

ရိုးသားတည်ကြည်သူပဲ။

မမမွန်းနဲ့သာ လက်ထပ်လိုက်ရင် အိုကေပြီ။

ဖြစ်စေချင်လိုက်တာ။

အောင်သွယ်ရမယ်။

ဦးလေးကြီးလို ယောကျ်ားကောင်းတစ်ယောက်နဲ့ မလက်ထပ်စေချင်တယ်။

"သင့်တော်မဲ့သူတွေ့ရင် ... လက်ထပ်ပါလား ဦးလေးကြီး"

"ကိုယ် စိတ်ကူးထားမယ်လေ ... "

"ကောင်းတာပေါ့ ... ပျို ရှာပေးရမလား ... "

"မရှာပါနဲ့ ... ဦးလေးကြီး ရှာထားပြီးပါပြီ ... "

"ဘယ်သူလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ပျို့သိမှာပေါ့ ... "

"ပြောနော် ... "

"အင်း ... "

"သင့်တော်မဲ့သူ တွေ့ရင်ပျို့ပြောမယ် ... ရှိတယ်နော်"

မင်း အစ်မ့မဟုတ်လား။

ပျို့ရယ် ...

ဦးလေးကြီး ချစ်တာကဲ ပျို့ပါ။

ပျို့ကိုပါ။

"မမမွန်းကိုလည်း ချစ်ကြိုက်တဲ့သူတွေအများကြီး ရှိတယ် သိလား ဦးလေးကြီး ... အဲ့ဒါ ဇီဇာကြောင်ပြီး လက်မခံတာ သိလား ... မမမွန်းကဲ အိပ်မှုကိစ္စတွေလည်း ကျွမ်းတယ်... စီးပွားလည်း ရှာတတ်တယ် ... အဖက်ဖက်ကနေ ပြည့်စုံတဲ့ မိန်းမလေ ... "

ဦးလေးကြီးကို ခင်လို့ပါ။

မမနဲ့ သဘောတူတယ်။

ပျို့က မမကို လူတိုင်းနဲ့ သဘောတူတာ မဟုတ်ဘူး နော်။

"ဣန္ဒြေသိက္ခာလည်းရှိ ... လက်ထပ်ခွင့်တောင်းတဲ့ လူတွေလည်း ဝိုင်းဝိုင်းလည် ... မမနဲ့ လက်ထပ်ခွင့်ရမဲ့သူဟာလည်း အရမ်းကံကောင်းမှာပဲ ... "





ပျို့ ...

အောင်သွယ်နေသည်။

"ဦးလေးကြီး ကျေးဇူးပဲနော် ... ပျို့ သွားတော့မယ်"

ပျို့ ထွက်သွားသည်။

"အာစရိ ... "

"ဟင် ... "

"အောင်သွယ်တော်တော့ တွေ့ပြီ ... "

"တော်စမ်းပါကွာ ... "

"စိတ်ကူးမလွဲပါနဲ့နော် အာစရိ ... သော်သော်မွန်းက အဖက်ဖက်က ပြည့်စုံနေတဲ့ မိန်းမကောင်းလေးပဲ ... "

မြနိုင် ...

အချစ်ဆိုတာကို မင်းသိရဲ့လား။

ခံစားလို့ မရဘူးကွ။

သော်သော်မွန်းကို ဘယ်လိုမှ ခံစားလို့မရဘူး။

ပျို့ပဲ ...

ကိုယ် စိတ်လှုပ်ရှားတာပျို့။

မေပျို့ဖြူလေ ...

"အာစရိ ဘဝအတွက် ... အကောင်းဆုံး မိန်းကလေးက သော်သော်မွန်းပဲ ... "

ပျို့ကို ချစ်နေမိပါတယ်ဟု ပြောဖို့ ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဖွင့်ပြောရမလဲ။

ခက်နေသည်။

ဖျို့အပေါ်ပဲ သူ့စိတ်တွေက ခံစားလို့ရနေ၏။

"ဖျို့ကတော့ အောင်သွယ်တော် လုပ်ပေးမယ်ထင်တယ် ... အာစရို အိုက်တင်ခံမနေနဲ့ဦး ... "

"သွားမယ် မြခိုင် ... ဟင်းကောင်းကောင်း ချက်ပြီးလာပို့"

"မသောက်သော်မွှန်းကို ချက်ခိုင်းမယ်နော် အာစရို ... "

"ဟော့ မချက်ခိုင်းနဲ့နော် ... သွားမရှုပ်နဲ့မြခိုင် မင်းဟာမင်းလုပ် ... "

"အာစရို ... "

"သွားပြီး"

သူ ...

ထွက်လာခဲ့သည်။

ဗလဆိုတာ ဘယ်သူလဲ။

မင်းချစ်သူလား။

ဖျို့ကတော့ သူ့ကို ရိုးသားဖြူစင်စွာ ဆက်ဆံနေသည်။

အစ်မနှင့်ပင် အောင်သွယ်နေ၏။

သူ ချစ်မြတ်နိုးတာကဖျို့ ...

ဘယ်လို ရင်ဖွင့်ရမလဲ။





ဖျို့ကို ချစ်တယ်လို့ပြောချင်တယ်။

ဦးလေးကြီး ရင်ထဲက ခံစားချက်တွေကို ဖျို့သိအောင် ဘယ်လိုလုပ်ရမလဲ။

ရုံးကိုရောက်သွားသည်။

နာရီကိုကြည့်လိုက်၏။

ဗလဆိုတဲ့ ကောင်လေးနှင့်ချိန်းထားတဲ့အချိန် ...

နှစ်ယောက်တည်း သွားမှာလား။

စိတ်တွေ ပူနေသည်။

"အာစရို ... "

"ဟင် ... "

အာစရိုဆိုတဲ့ အသံကြောင့် သူ့အထိတ်တလန့် ဖြစ်ရသည်။

မြခိုင်လားလို့။

"ဆယ့်တစ်နာရီမှာ အစည်းအဝေးရှိတယ်နော် ... "

"ဟင် ... ဆယ့်တစ်နာရီ ဘယ်တုန်းက ချိန်းလိုက်တာလဲ"

သူ့လက်ထောက် ငွေရကလာပြီး သတိပေးသည်။

"အာစရိုပဲ ချိန်းထားတာလေ ... မနေ့က ချိန်းတာပဲ"

"ဟုတ်သားပဲ ... "

"ဘာဖြစ်လို့လဲဆရာ ... ဆယ့်တစ်နာရီ မအားလို့လား"

"အားပါတယ် ... အားပါတယ် ... ကိုယ် မေ့နေလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးချိန်းတဲ့အချိန်နှင့် တိုက်နေ၍ သူ အင်ကြင်းရွှတ်လို့ မရတာ စိတ်ပျက်သွားမိသည်။

အလုပ်ကပဲ အရေးကြီးပါတယ်လေ။

မေဖျိုဖြူကို မေ့ပစ်ဖို့ သူကြိုးစားရမည်ဖြစ်သည်။



## အခန်း (၈)

မေပျိုဖြူကို မေ့မရ။

သတိရနေသည်။

အလုပ်ထဲမှာ စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေရသည်။

ကောင်လေးနှင့် ချိန်းထားတဲ့ ဆယ့်တစ်နာရီကို သတိရနေ၏။

နှစ်ယောက်တည်း ချိန်းထားတာလား။

အဖော်တွေနဲ့လား။

ဗလတဲ့ ...

သူ ...

သွားပြီး ကြည့်ချင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျှိုဆိုတဲ့ ကောင်မလေးကို သူ အစွဲလမ်းကြီးစွဲလမ်း [illegible]

နေလို့မရ။

ဒုက္ခပါပဲ ...

ခက်နေပြီ။

သူ့ဘဝတစ်သက်တာတွင် ပျှိုဆိုတဲ့ ကောင်မလေးကိုပဲ နှစ်သက်စွဲလမ်းနေမိသည်။

"အာစရိ ... "

"ဟင် ... "

"အစည်းအဝေးအတွက် စီစဉ်လိုက်မယ်နော် ... "

"ငွေရ ... "

"ဗျာ ... "

"အစည်းအဝေးကို ညနေဘက်ရွှေ့လိုက်နော် ... "

"ဟုတ်ကဲ့ ... ဘာဖြစ်လို့ ရွှေ့ရတာလဲအာစရိ ..."

"ဘာပဲဖြစ်ဖြစ်ကွာ ... မနက်ပိုင်း ငါမအားလို့ပါ ... "

"ဟုတ်ကဲ့ ... ကျွန်တော် အခုပဲ ဖုန်းတွေဆက်ပြီး ရွှေ့လိုက်ပါမယ် ... "

ငွေရ ဖုန်းတွေနှင့်အလုပ်တွေ ရှုပ်ထွေးသွားရတော့သည်။

မတတ်နိုင်ဘူး။





သူ ...

ပျှိုနဲ့ဗလတို့အခြေအနေကို စောင့်ကြည့်ချင်လာမိသည်။

နေလို့မရတော့ ... ။

"ငွေရ ... "

"ဗျာ ... "

"ငါ အပြင်သွားစရာရှိတယ် ... "

"ဟုတ်ကဲ့ ... "

"စိတ်ချပါရစေနော်"

"ဟုတ်ကဲ့ ... "

သူ ... အပြင်ထွက်လာခဲ့သည်။

ဆယ့်တစ်နာရီမထိုးသေး၍ ပျှို ရောက်မလာသေးပေ။

ဗလဆိုတဲ့ ကောင်လေးကတော့ စောင့်နေပြီဖြစ်သည်။

တစ်ယောက်တည်းပဲ ...

ပျှိုနှင့်ဗလက သာမန်အဆင့်ထက်ပင်မကတော့။

နှစ်ယောက်တည်း ချိန်းတာပဲ။

ဗလအပေါ် ပျှိုကလည်း စိတ်ကစားနေပုံရသည်။

သူ ... ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက်ပဲ ကိုယ်အရေးတကြီး ဖြစ်နေရတယ်။

အစည်းအဝေးကိုတောင် ကိုယ်ဖျက်သိမ်းပစ်လိုက်တယ်။

မင်းသိရဲ့လား။

ပျို့ဆိုတဲ့ ကောင်မလေးအတွက် စိတ်တွေ လှုပ်ရှားနေရသည်။

ခဏကြာတော့ ... ပျို့ ရောက်လာသည်။

အလှအပတွေ ပြင်ဆင်ထားတဲ့ ပျို့သည် ဒေါင်းပျို့မလေးကဲ့သို့ ရှင်လန်းတက်ကြွနေ၏။

ဗလကလည်း ဆီးကြိုနေသည်။

ဘယ်လိုလုပ်ရမလဲ။

ဒီနှစ်ယောက်ကို ဘယ်လိုတားဆီး ပိတ်ပင်ရမလဲ။

မှန်းကို ပြောရမလား။

မဖြစ်ဘူး။

သူ တားဆီးရမယ်။

ဗလနှင့်ပျို့တို့ကို အနီးကပ်မနေရအောင် ပိတ်ပင်ရမယ်။

ကားကို အဝေးကနေရပ်ပြီး ကြည့်နေစဉ် ဗလတို့နှစ်ယောက်တည်း ကားလေးနှင့် မောင်းထွက်သွားသည်။

ဗလက ကားရှိနေ၏။





သူ့စိတ်ထဲမှာ ဗလကို မနာလိုဝန်တို ဖြစ်နေမိသည်။

ဒီကောင်ဗလနဲ့ ဘယ်လိုယှဉ်ရမလဲ။

ပျို့ ... မင်းကို ချစ်တယ်ကွာ။

ဘယ်လို လုပ်ရမလဲ။

ကိုယ့်ဘဝ တစ်သက်တာမှာ ပျို့ဆိုတဲ့ မိန်းကလေးကို အချစ်ဆုံးပဲ။

ကားပေါ်တက်လိုက်ပြီး ပျို့တို့နောက် လိုက်မိသည်။

ပျို့နဲ့ဗလက သူငယ်ချင်းတွေအိမ်လျှောက်သွားနေ၏။

သူ ... မလိုက်နိုင်တော့။ ရုံးကို ပြန်လာခဲ့သည်။

"ဧွေရ ... "

"ဗျာ ... "

"အစည်းအဝေးရွှေ့ကိစ္စ အဆင်ပြေလား ... "

"သိပ်တော့ မပြေဘူး အာစရိ ... သူတို့လည်း တိုင်ပင်နဲ့ကိုက်ထားကြတာလေ ... ဒါပေမဲ့ အစည်းအဝေးကိုတော့ ရွှေ့ထားပါတယ် ... "

အစည်းအဝေးရွှေ့လိုက်တဲ့အတွက် အဖွဲ့ဝင်ဒါရိုက်တာတွေ မကျေမနပ်ဖြစ်မှာတော့ သေချာသည်။

ကျေနပ်အောင် သူရှင်းပြရမည်။

မတတ်နိုင်ဘူး။



www.burmeseclassic.com

သူ့အတွက်ကတော့ လေလောဆယ် ပျို့ပဲအရေ

ကြီးတာယ်။

ကံကြမ္မာပဲလား။

ပျို့ကိုချစ်နေမိပြီ။

ရုံးကို ပြန်ရောက်လာပေမဲ့ စိတ်ကမငြိမ်။

ပျို့နောက်ကို လိုက်ချင်နေမိသည်။

သူ ထလိုက်၏။

"အာစရိ ... ဘယ်သွားဦးမလို့လဲ ... "

"ကိစ္စရှိသေးလို့ ... "

သူ ... ပြန်ထွက်လာခဲ့သည်။

ပျို့ ... မင်း ဘာတွေလုပ်နေလဲ။

ပျို့ သူငယ်ချင်းအိမ်ကနေ ထွက်သွားပြီလား သိချ

လာသည်။

"အာစရိ ... "

"ဟင် မြခိုင် ... "

"ထမင်းချိုင့် လာပို့တာလေ ... အာစရိ မနက်စာစားချိန်

ဘယ်သွားမလို့လဲ ... "

ထမင်းစားဖို့ပင် မေ့နေသည်။

စိတ်တွေ လှုပ်ရှားပြီး ရင်ထဲမှာ ပုလောင်ပြည့်

နေ၏။





"အာစရိ ... "

"ဟင် ... "

"မနက်စာ စားဖို့ ... "

"မစားတော့ဘူးကွာ ... မင်းပြန်ယူသွား ... ငါအပြင်မှာပဲ စားတော့မယ် ... "

"အာစရိ အလုပ်တွေ ရှုပ်နေလို့ထင်တယ် ... ဒါဆိုလည်း ချိုင့်ပြန်ယူသွားမယ်လေ ... သော်သော်မွန်းက ငပိထောင်း နဲ့ ငါးဘတ်မွှေဟင်းထည့်ပေးလိုက်တယ် ... အာစရိ အရမ်း ကြိုက်နှစ်သက်တဲ့ဟင်းတဲ့ ... "

"နောက်မှပဲစားမယ်ကွာ ... ထားလိုက်တော့"

"သော်သော်မွန်းကတော့ အမြဲတမ်းအာစရိအကြိုက်တွေပဲ တွေးနေတာပဲ ... "

"သွားပြီကွာ ... ဒီမှာ အလုပ်ကိစ္စအရေးကြီးနေလို့ ... "

မြခိုင်ကို ကပျာကယာ နှုတ်ဆက်ပြီး ထွက်လာခဲ့

ဖလန့်ပျို့ ဘယ်ရောက်နေလဲ။

ပျို့သွားတတ်တဲ့ သူငယ်ချင်းတစ်ယောက်အခန်းသိ

သူ ... ကားတစ်စီးနှင့်ရှာမိသည်။

မတွေ့ ... ။

www.burmeseclassic.com



ညနေ အစည်းအဝေးရှိသည်။

ရှေ့လို့မရတော့။

ဒီနားတဝိုက်ကို ဖျိုလာတတ်၍ ယောင်လည်လည် နှင့်မျှော်မိသည်။

ဖျိုကို မတွေ့ရ။

နှစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်တဲ့ ဘယ် နေရာကို ရောက်နေပြီလဲ။

စိတ်တွေ ပူနေမိသည်။

ဖျို ...

ဒီကောင်မလေး ... ယောက်ျားလေးတစ်ယောက် နောက်ကို ဒီလောက်ပဲ အလွယ်တကူ လိုက်သွားရလား။

ဗလကို အတော်လေးစိတ်ဝင်စားပုံပင်။

ကားတစ်စီးနှင့် ယောင်ချာချာ ဖြစ်နေရတော့သည်။



## အခန်း (၉)

... 

"ဦးလေးကြီး ... "

"ဟင် ... "

"ဘာလာလုပ်တာလဲ ... "

"ဟို ... ဟို ... "

ကောင်မလေး တွေ့သွားသည်။

သူ ...

ဘာပြောရမှန်း မသိ။

"ကိုယ် ... ဒီမှာ အသိတစ်ယောက်ရဲ့အခန်းကို ရှာနေတာ လေ ... "

"တွေ့လား ... "

"မတွေ့သေးဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဗလက ဒီအထပ်မှာအမျိုးရှိတယ် ... လိပ်စာပေးလေ ဗလကို ရှာခိုင်းမယ် ... "

"လိပ်စာ ... "

"အင်း ... "

သူ ...

လိပ်စာတောင်း၍ ခက်သွားရသည်။

ပျို့ကို လာပြီးကြည့်တာပါ။

ဘာအသိမှ မရှိပေ။

"ပေးလေ လိပ်စာ ... ဟိုမှာ ဗလထိုင်နေတယ် ... ပျို့ ရှာခိုင်းမယ် ... "

အအေးဆိုင်လေးတစ်ခုမှာ ဗလဆိုတဲ့ ကောင်လေးထိုင်နေသည်။

သူ ...

ယောင်ချာချာလုပ်နေတာကို ပျို့က တွေ့သွားခြင်းပင်။

"လိပ်စာ မရှိပါဘူး ပျို့ ... ဦးလေးကြီး အသိက အခန်းနံပါတ်ခြောက်လေ ... "

"ဘာပဲဖြစ်ဖြစ် ဗလကိုမေးပေးမယ်လေ ... နာမည်ကရော ဘယ်သူလဲ ... "

"ဦးတင်စိန်လေ ... "





"ခဏနော် ... "

သူ လာမိတာမှားပြီ။

အခန်းခြောက်ဆိုပြီး ပါးစပ်ထဲတွေ့တာပြောလိုက်သည်။

ဦးတင်စိန်ဆိုတာလည်း ရှိမှာမဟုတ်။

သွားပြီ။

တစ်ကိုယ်လုံး ထူပူလာသည်။

ပျို့က တစ်မျိုးထင်မှာလည်း သူ စိုးရိမ်လာရ၏။

"ဦးလေးကြီး ... "

"ဟင် ... "

"အခန်းခြောက်ကို ဗလကလိုက်ပြမယ်တဲ့ ... "

ဗလဆိုတဲ့ ကောင်လေးက အအေးဖိုးရှင်းပြီးထလာသည်။

သူ ...

တုန်လှုပ်နေမိသည်။

အခန်းခြောက်နဲ့ ဦးတင်စိန်ဆိုတာ သူ့ပါးစပ်ထဲတွေ့တာ ပြောခြင်းပင်။

လူကြီးဖြစ်ပြီး ခိုးကြောင် ခိုးဝှက်လာချောင်းတာ သိသွားရင် ရှာစရာကြီးပဲ။

သေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ရှောင်ရမလဲ။

“ဗလ ... ”

“ဟင် ... ”

“ဒါလေ ... ဝိတ္တိုပြောပြတဲ့ ဦးလေးကြီးဆိုတာပေါ့ ... မမ မိတ်ဆွေလေ မထင်မှတ်ဘဲလာဆုံကြတာလေ ... ဦးမောင်မောင်ကျော်တဲ့ ... ဦးလေးကြီး သူက ဗလတဲ့ ပျို့သူငယ်ချင်း ... ”

“ဩော် ... တွေ့ရတာဝမ်းသာပါတယ် ဗလ ... ကိုယ့်ကို မှတ်ထားပါ ... ပျို့မမနဲ့က ငယ်သူငယ်ချင်းတွေလေ”

“ဟုတ်ကဲ့ အစ်ကို ... တွေ့ရတာ ဝမ်းသာပါတယ် ... ပျို့က ဦးလေးကြီးဆိုတော့ ... ဗလက အသက်အတော်လေးကြီး ပြီထင်နေတာ ... ”

“ပျို့ထက်အသက်ကြီးလို့လေ ... မမနဲ့ ပျို့ကလည်း အသက်အရမ်းကွာတာ ... ပျို့က လေးစားလို့ခေါ်တာပါနော် ဦးလေးကြီး ... ”

“ပျို့ကလည်း အစ်ကို့ကို အားနာစရာပဲ ... ”

“ခေါ်ပါစေ မောင်ဗလ ... ”

“ဗလပဲ ခေါ်ပါ ... ”

“အေးကွာ ... ဗလ”

“လာလေအစ်ကို ... ကျွန်တော်ရှာပေးမယ် ... ဒီတိုက်ခန်းတွေက ကျွန်တော်နဲ့ရင်းနှီးပါတယ် ... ”





“နေပါတော့ကွာ ... ကိုယ်သွားစရာရှိသေးတယ် ... အချိန်နောက်ကျနေပြီ ... ”

သူ ...

ကားပေါ်တက်လိုက်သည်။

“ကိုယ်ရှာနေတာကြာပြီ ... နောက်မှပဲ လာရှာတော့မယ် သွားမယ်နော် ... ”

“ဟုတ်ကဲ့ ... ”

သူ ...

ပြန်လာခဲ့သည်။

ပျို့နဲ့ ဗလက ရင်းနှီးလွန်းနေ၏။

နှစ်ယောက်တည်း တွေ့ကြတဲ့အဆင့်ထိတောင် ရောက်နေသည်။

စိတ်ပူစရာပဲ။

ချစ်သူတွေလား။

အရင်းနှီးဆုံး သူငယ်ချင်းတွေလား။

အတွေးနှင့်ပင် ရှုပ်ထွေးချင်နေမိသည်။

ရုံးပြန်ရောက်လာ၏။

“အာစရိ ... ”

“ဟင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"အစည်းအဝေး လူစုံနေပြီ ... "

"အေး ... အေး"

သူ ...

အစည်းအဝေးကို အချိန်ရွှေ့ခဲ့သည်။

လူစုံနေပြီတဲ့။

ခပ်ကြောင်ကြောင်နှင့် အလုပ်တွေကို ထားခဲ့ပြီး ကောင်မလေးကို သွားပြီးချောင်းကြည့်ခဲ့သည်။

လူကြီးမဆန်သလို ဖြစ်နေပြီ။

သိသွားရင် ရှက်စရာပဲ။

"ကျွန်တော် တခြားကိစ္စတွေ ခေါင်းပူနေလို့ ... အစည်းအဝေးကို ဖျက်သိမ်းလိုက်ပါတယ် ... "

သူ ...

ပြောလိုက်မိသည်။

အာရုံတွေ မရတော့ဘူး။

စိတ်တွေထဲမှာ ပူလောင်နေပြီး အလုပ်တွေကို ဆွေးနွေးလို့ရမှာ မဟုတ်။

အဖွဲ့ဝင်တွေ ပြန်သွားသည်။

"အာစရိ ... "

"ဟင် ... "

"ဘာတွေ ဖြစ်နေလို့လဲ ... "





သူ့လက်ထောက်ငွေရောက တအံ့တဩနှင့် မေးနေသည်။

"အာစရိ ... ဘာအလုပ်တွေရှိလို့လဲ ... အာစရိကို ကြည့်ရတာ တော်တော်လေး ခေါင်းပူနေပုံပဲ ... "

"ကိုယ့်ကိစ္စပါ ... အလုပ်နဲ့ မဆိုင်ပါဘူး ... "

"အပျိုကြီး သော်သော်မွန်းကြောင့်လား ... "

"မဟုတ်ပါဘူး ... "

"မြခိုင်ပြောလို့ပါ ... ဆရာ့ငယ်သူငယ်ချင်း အပျိုကြီးက ချောတယ်ဆို ... "

"ဒီကောင် ဘာတွေပြောနေတာလဲ ... ကိုယ်ကအပျိုကြီးပဲ လုပ်မှာပါ ... အဲ ... လူပျိုကြီးပဲ လုပ်မှာပါ ... "

"ဟင်း ... ဟင်း ... အဲ့ဒီလိုလည်း မဆုံးဖြတ်ပါနဲ့ လူပျိုကြီး ဘဝက အသက်ကြီးရင် ဆေးပေးမီးယူမရှိဘဲ ဖြစ်နေပါမယ်"

"ကိုယ့်မှာ တပည့်တွေရှိတာပဲ ... "

"မဟုတ်ဘူးလေ ... ဇနီးမယားပဲ အနီးကပ်ပြုစုရမှာပဲပေါ့။ ဒါမှ ကောင်းတာဆရာ ... စိတ်ကူးမလွဲနဲ့ ... အပျိုကြီးကလည်း မျှော်လင့်နေမှာပါ ... "

သော်သော်မွန်းနှင့်ပဲ လက်ထပ်ဖို့ပြောနေ၍ သူ စိတ်ရှုပ်နေမိသည်။

သူ ချစ်တာက ပျိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခဖြစ်သင့်ဘူးဆိုတဲ့အသိတွေ ဘယ်လောက်ပဲရှိရှိ သူကတော့ ပျို့ကို ချစ်နေမိသည်။

မြတ်နိုးနေမိ၏။

ပျို့အတွက် ဘာပဲလုပ်ပေးရ လုပ်ပေးရဖြစ်နေသည်။

"အာစရိ ... "

"ဟင် ... "

"ဘာတွေ ခက်ခဲနေလဲ ... "

"မခက်ခဲပါဘူး ... ကိုယ့်မှာ တခြားကိစ္စတွေ ရှိနေလို့ပါ"

ငွေရ ပြန်ထွက်သွားသည်။

ပျို့ရယ် ...

ကိုယ်အရမ်းခံစားနေရတယ်။

မင်းကို ချစ်ပါတယ်လို့ ကိုယ်ရင်ဖွင့်ခက်နေပြီ။

ငယ်ရွယ်တဲ့ ကောင်မလေးကိုမှ သူက စွဲလမ်းစွာ ချစ်နေမိသည်။

ဦးလေးကြီး ဘယ်လိုရင်ဖွင့်ရမလဲ။

ရင်တွေပူနေသည်။

ဗလဆိုတဲ့ ကောင်လေးနဲ့ ချစ်သူတွေဆိုရင်တော့ သေပြီ။

ခက်တယ်။

သော်သော်မွန်းကို ဘယ်လိုမှ စိတ်ဝင်စားလို့မရဘူး။





အရာရာပြည့်စုံနေတဲ့ မိန်းကလေးဖြစ်ပေမဲ့ အချစ်တွေက ခက်တယ်။

မချစ်ဘူး။

ခံစားလို့လည်း မရဘူး။

လူပျို့ကြီးဘဝနဲ့ နေတာပဲကောင်းပါတယ်လေဟု တွေးနေမိသည်။

ဗလ ...

မင်းကတော့ မိန်းကလေးတွေ စိတ်ဝင်စားလောက်တဲ့ရုပ်ရည်လက္ခဏာရှိပါတယ်။

ငါ ဘယ်လို ယှဉ်ရမလဲ။

ကောင်မလေး နှုတ်ခမ်းလေးတွေက ဗလ ဗလဖြစ်နေသည်။

ခေတ်မီသားနားတဲ့ကောင်လေးတစ်ယောက်ပဲ။

"အား ... "

ရင်ထဲမှာလေးနေမိသည်။

ဘာမှလည်း စိတ်ဝင်စားလို့မရဘဲ ကောင်လေး အကြောင်း တွေးနေမိ၏။

ရုံးဆင်းတော့ သူ အိမ်ပြန်လာခဲ့သည်။

သူ့အခန်းအရောက်တွင် တဘက်ခန်းကို နားစွင့် လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းအသံ မကြားရ။
ဒီကောင်မလေး ပြန်မလာသေးဘူးလား။
ဗလနဲ့ လည်နေတာများလား။
သော်သော်မွန်းတို့ကလည်း ဖုန်းကို လွတ်လပ်စွာနေ စေသည်။
သွားမေးရင် ကောင်းမလား။
မဖြစ်သေးပါဘူးလေ။
အမူအရာ သိပ်ပျက်နေလို့ မကောင်းသေးပါဘူး။
လူခေါ်ဘဲလ်နှိပ်လိုက်သည်။
"ဟင် ... "
တံခါးလာဖွင့်ပေးသူက သော်သော်မွန်း ဖြစ်နေသည်။
"သော်သော်မွန်းပါလား မြခိုင်ရော ... "
"သူ့ရွာက အမျိုးတွေရောက်နေလို့တဲ့ ... ဖုန်းဆက်ခေါ်တာနဲ့ သွားတယ်လေ ... ကျွန်မကို အပ်ထားခဲ့တာပဲ ... ရှင်စားသောက်ရေးအတွက် ကျွန်မ စီစဉ်နေတာလေ ... "
သူ ...
အခန်းထဲဝင်လာခဲ့သည်။
မြခိုင်တော့ လုပ်ချသွားပြန်ပြီ။
"ကျော် ... ရေချိုးလေ ... မွန်း ဟင်းတွေနွှေးလိုက်မယ်"





"အားနာစရာကြီး မွန်းရယ် ... ဟိုက်ဘက်မှာလည်း အလုပ်တွေရှိနေမှာပဲ ... ပြန်လေ ကိုယ့်ကိုထားခဲ့ပါ ရပါတယ်"
"ရပါတယ် ကျော်ရာ ... အိမ်မှာ အလုပ်တွေပြီးနေပြီ ... မွန်းကိုအားမနာပါနဲ့ ... တစ်ယောက်နဲ့တစ်ယောက် ပြောစရာမလိုတဲ့ လူတွေပါ ... "
မွန်းကတော့ ကျော့်ကို အမြဲတမ်း မျှော်လင့်နေတဲ့ သူပါ။
အသက်အရွယ်ရနေတဲ့ မွန်းကို ဖေဖေက ရွေးချယ်ခွင့်ပေးထားခဲ့သည်။
ဖုန်းကိုလည်း မချုပ်ချယ်ပါဘူး။
ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပဲ နေထိုင်ခွင့်ပြုထားသည်။
ကျော်ရယ် ...
ရှင့်ကို မွန်းမျှော်လင့်နေတာပါ။
မိန်းမတွေကို ခုထိတောင် ရှင်စိတ်မဝင်စားသေးဘူးလား။
လူပျိုကြီးဘဝနဲ့ပဲ အရိုးထုပ်တော့မှာလားကျော်။
"ကဲ ... ကျော် ချိုးလေ ... မွန်းအဆင်သင့်ပြင်ဆင်ပြီး စောင့်နေမယ် ... "
မြခိုင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် တမင်လုပ်သွားတာပဲ။

ရှောင်ပေးတာ။

ငါက ဖျို့ကို ချစ်တာကွ ... ။

မင်း ဖျို့နဲ့ငါ့ကိုပဲ အောင်သွယ်ပေးပါလား မြနိုင်ရ

သူ ...

ဖျို့ကို ချစ်နေပါတယ်လို့ ပြောရင် မြနိုင်ဘာပြော

မလဲ။

ကန့်ကွက်မှာပဲ။

လက်ခံမှာ မဟုတ်။

ရေချိုးသည်။

စိတ်ထဲမှာ အေးချမ်းမသွားဘဲ ပူလောင်နေရ၏။

သော်သော်မွန်းနဲ့အတူ နေရတာပင် စိတ်ရှုပ်နေ

သည်။

ဖျို့ ...

မင်းပြန်လာပြီလား။

သော်သော်မွန်းကို မေးချင်ပေမဲ့ သူ့စိတ်တွေ မ

မလဲဖြစ်နေရသည်။

မမေးဖြစ်တော့ ...

"မွန်း ပြန်မယ်နော် ... "

"ကျေးဇူးပဲ မွန်း ... "





"မွန်းလက်ရာတွေကို ကျော်ကြိုက်ရဲ့လား ... "

"ကြိုက်ပါတယ် ... အားလုံးကောင်းပါတယ်မွန်း ... "

"ဟင်း ... ရှင်ချီးမွမ်းတာကလည်း အေးစက်စက်ကြီး မလွဲ

သာလို့ပြောတာ မဟုတ်လား ... "

"မဟုတ်ပါဘူး မွန်းရာ ... ကောင်းလို့ ကောင်းတယ်ပြော

တာပါ ... မြနိုင်နဲ့တခြားစီပဲ ... ကိုယ်အကျင့်ပါသွားမှာ

တောင် စိုးရိမ်တယ် ... "

"ဘာဖြစ်လဲ ... မွန်းချက်ကျွေးနိုင်ပါတယ် ... မေမေက

ငယ်ငယ်လေးထဲက လက်ထပ်သင်ပေးတာလေ ... "

မွန်း ပြန်သွားမှ သူ စိတ်တွေချောင်သွားရသည်။

တစ်ဘက်ခန်းမှ ဖျို့အသံ မကြားရ။

ဒီကောင်မလေး ငြိမ်နေသည်။

မရောက်သေးဘူးလား။

မြနိုင် ပြန်ရောက်လာသည်။

စပ်ဖြဖြနှင့် အာစရိအတွက် အကွက်ဖန်ထားခဲ့ကာ

သွဲ့။

"ငါ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးမြနိုင် ... မင်း ဖန်တီးပေး

လည်း အပိုပဲ ... "

သူ ...

ပြောပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမလွဲနဲ့နော် အာစရိ ... သော်သော်မွန်းလို အရာရာ ပြည့်စုံနေတဲ့ မိန်းကလေးမျိုးရှားတယ် ... အာစရိ ဘဝ အတွက် အသင့်တော်ဆုံးပဲ ... "

သူ ...

ထွက်လာခဲ့သည်။

အခန်းထဲရောက်မှ ကောင်မလေးအကြောင်းတွေ တွေးပစ်လိုက်၏။

မေပျိုဖြူ မျက်နှာလှလှလေးက သူ့ မျက်လုံးအိမ်ထဲမှာ ထင်ဟပ်နေသည်။





အခန်း (၁၀)

သူ

အစောကြီးထသည်။

ကောင်မလေးက ပြောတယ် အိပ်ပုပ်ကြီးရင် ကျန်းမာရေး ထိခိုက်မယ်တဲ့။

"မနက်အစောကြီးထပြီး ... ပျို့ လမ်းလျှောက်ထွက်တတ်တယ် ... ကျန်းမာရေးလိုက်စားရမယ်လေ ... "

ပျို့ ...

ထသွားပြီလား။

အဝတ်အစားကို နပျိုအောင် ရွေးချယ်ဝတ်ထားမိ သည်။

မှန်ရှေ့မှာ ရပ်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မဆိုးဘူး။

နုပျိုသွားပဲ။

ပျိုနဲ့ယှဉ်ရမှာ ...

ပြိုင်ဘက်က ဗလ ...

မင်းနောက်ကောက်ကျသွားမှာပဲဗလ။

"အာစရိ ... "

"ဟင် ... "

"အစောကြီး ... "

"လမ်းလျှောက်ထွက်မလို့ ... "

"တယ်ဟုတ်ပါလား ... အခုလိုဆိုတော့လည်း အရမ်းကို နုပျိုနေတာပဲ ... "

ကောင်မလေးက ဦးလေးကြီးအရမ်းအိပ်ပုပ်ကြီး တာပဲဟု ပြောပြီးထဲက သူ စောစောထဖို့ ကြိုးစားနေမိသည်။

ကျန်းမာရေး လိုက်စားရမယ်။

တည်တည်ခန့်ခန့်ကြီးနဲ့ လူကြီးဆန်နေလို့ မဖြစ် သေးပါဘူး။

"ကောင်းတယ်အာစရိ အရမ်းကောင်းတာပဲ ... ဟိုဘက် အခန်းက အဘိုးကြီးလည်း ထပြီးလမ်းလျှောက်မယ်ထင် တယ် ... "

"မြနိုင် ... မင်း သော်သော်မွန်အကြောင်း မပါရင် မပြော





တတ်တော့ဘူးလား ... "

"အာစရိ အတွက်ပါ ... "

"ငါ သွားတော့မယ် ... "

ပျိုဆိုတဲ့ကောင်မလေးနဲ့ စနောက်ရင်ဘယ်လောက် ကောင်းမလဲ။

အပြင်ထွက်လာခဲ့သည်။

"ကျွိ ... "

"ဟင် ... "

"ပျို ... "

"ဦးလေးကြီး ... "

ပျိုတစ်ယောက်တည်း ထွက်လာတာနဲ့ သွားပြီး ဆုံ မိတော့သည်။

"လမ်းလျှောက်မလို့လား ... "

"ဟုတ်တယ်ပျို ... ကိုယ်လည်း ကျန်းမာရေးလိုက်စား တယ်လေ ... "

"အဟက် ... ဦးလေးကြီးက အရမ်းနုပျိုသွားတာပဲ ... ဦးလေးကြီးလို့ ခေါ်ရတာတောင် အားနာစရာကောင်းနေ ပြီ ... "

ကိုကိုလို့ခေါ်ပါလား ပျိုရယ်ဟု ပြောနေမိသည်။

"လာလေ ... ပျိုလည်း အဖော်ရတာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ ...

ဝမ်းသာသွားမိသည်။

ပျို့နှင့်နှစ်ယောက်တည်း ဖြစ်နေ၍ ကျေနပ်နေမိသော

နှစ်ယောက်သား ထွက်လာကြသည်။

အလုပ်တွေများလွန်းတဲ့ သူ့အတွက် မနက်စော

စော အိပ်ရာထနိုင်ခြင်း မရှိခဲ့။

ညဉ့်နက်အောင် အလုပ်တွေ လုပ်တဲ့အကျင့်တွေ

ရှိနေသည်။

ပျို့က ပြောသဖြင့် ညကအလုပ်မလုပ်ဘဲ မနက်

အစောကြီးထနိုင်အောင် ကြိုးစားရ၏။

"ဦးလေးကြီး ... "

"ဟင် ... "

"ညဘက် အလုပ်တွေမလုပ်တော့ဘူးလား ... "

"မလုပ်တော့ဘူး ... ပျို့ ပြောထားလို့ ကိုယ်ကျန်းမာရေး

လိုက်စားတာလေ ... "

"ကောင်းတယ် ... ကျန်းမာရေးအတွက် လုပ်သင့်တယ်

မမလည်း မနက်ဘယ်တော့မှ မထဘူး ... အိမ်မှုကိစ္စတွေ

လုပ်ရတော့ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်စရာမလိုဘူး

တဲ့ ... "

အတော်ပဲ ...





မမမွန်းကိုလည်း နိုးရမယ်။

ဦးလေးကြီးနဲ့ အောင်သွယ်ပေးမလို့။

ပျို့ ...

ကျိတ်ပြီး ကြံစည်နေမိသည်။

ဦးလေးကြီးက တကယ့်ကို လူကြီးလူကောင်းပီသ

တဲ့သူပဲ။

မမကို စွံအောင် လုပ်ရမယ်။

လူပျိုကြီး အပျိုကြီးတွေက ကြားခံသူမရှိဘဲ စွံကြမှာ

မဟုတ်။

"ဦးလေးကြီး ... "

"ပြော ... "

"မောလား ... "

"မမောပါဘူး ... "

ပျို့က ... ရှင်လန်းတက်ကြွနေတဲ့ ဦးလေးကြီးကို

သဘောကျစွာ ကြည့်မိသည်။

"ဦးလေးကြီးကို ကြည့်ရတာ ... လူငယ်တစ်ယောက်လိုပဲ

နော် ... ဖျတ်လတ်တက်ကြွနေတယ် ... "

"ကိုယ် အသက်သိပ်မကြီးသေးပါဘူး ပျို့ရာ ... မင်းလုပ်တာ

နဲ့ ဘိုးဘွားရိပ်သာသွားရတော့မယ်ထင်တယ်နော် ... "

"လေးစားလို့ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ …

ဝိုဖြီး သွက်လက်စွာဖြင့် လျှောက်ပြနေမိသည်။

ပျို အထင်ကြီးအောင်ပါ။

ကိုယ် …

အဘိုးကြီးမဟုတ်ဘူး။

"ကန်တော်ကြီးဘက်ကို လျှောက်မယ်နော် ဦးလေးကြီး…"

"ကောင်းတယ် … "

ကိုယ်ကတော့ မင်းနဲ့သာ အတူတူလျှောက်ရရင် ကမ္ဘာ့အပြင်ဘက်အထိ လျှောက်သွားချင်တာပဲ။

ပေါ့ပါးသွက်လက်နေသည်။

ပျော်နေ၏။

ကန်တော်ကြီးစောင်းရောက်လာသည်။

အေးစိမ့်တဲ့လေနုအေးက သွေးနှလုံးသားတွေထဲ တိုးဝင်လာ၏။

"လေလေးက အသက်ရှူလို့ ကောင်းလိုက်တာပျို … ကိုယ် ဒီလို အရသာမျိုး တစ်ခါမှ မခံစားဖူးဘူး … "

"ပျို့ကို ကျေးဇူးတင်ပါတယ်ဗျာ … "

ပျို …

လေ့ကျင့်ခန်းတွေ လုပ်နေသည်။

ချောလိုက်တာ …





ငယ်ရွယ်နုပျိုလန်းဆန်းနေတဲ့ အလှတွေ ပေါင်းစုံနေသည်။

ရှော့ပင်နီလေးကို ဝတ်ထားတဲ့ ပျို့ခြေသလုံးသားလေးတွေက ဖြူဝင်းအိစက်နေ၏။

ချစ်စရာ ကောင်းလိုက်တာ။

လမ်းလျှောက်ကြတဲ့ လူတွေက သူနှင့်ပျို့ကို ကြည့်ကွက် ကြည့်ကွက်ဖြစ်နေကြတော့သည်။

ပျို့က အရေးမစိုက်။

သူကတော့ မျက်နှာပေါ် လေနုအေးအစား အပူငွေ့တွေ ရိုက်ခတ်နေသလိုပင်။

ရှက်နေမိသည်။

ငယ်ရွယ်တဲ့ကောင်မလေးနှင့်တွဲလာရတာ ပတ်ဝန်းကျင်က မျက်စိနောက်စရာ ဖြစ်နေမလားပဲ။

မဖြစ်ဘူး။

ဝေးဝေးနေမှ …

ကောင်မလေးနှင့် မသိမသာ ခွာနေရသည်။

မောင်မောင်ကျော် …

မင်း … ဆင်ခြင်သင့်တယ်။

ပျို့ဆိုတဲ့ ကောင်မလေးကို မင်း ဘယ်နည်းနဲ့မှ မချစ်သင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သော်သော်မွှန်းကို ချစ်သင့်တာပါ။

မဟုတ်ဘူး။

သူချစ်မြတ်နိုးတာက ပျို့ပဲ။

ပျို့ ...

မင်းကို ချစ်တယ်။

ကိုယ့်နှလုံးသားတွေကို လှုပ်ခတ်နိုင်တာက မင်းပဲ။

"ဦးလေးကြီး ..."

"ဟင် ..."

"မနက်ဖြန် မမကိုပါနှိုးလိုက်ရင်ကောင်းမယ်နော် ... ဦးလေးကြီး အဖော်ရှိတော့ မမက လိုက်မှာ ..."

ပျို့ကတော့ ဦးလေးကြီးနှင့် မမကို အောင်သွယ်ရန် အကွက်ပဲ ချောင်းနေမိသည်။

ဦးလေးကြီးကို အမျိုးတော်ရမယ်။

"မွှန်း ပင်ပန်းပါ့မယ်ကွာ ... နေပါစေ"

ကိုယ်က ပျို့နဲ့နှစ်ယောက်တည်း ဒီလိုပဲနေချင်တာပါ။

"မမကို ကျန်းမာရေးလိုက်စားစေချင်တာလေ ဦးလေးကြီးရဲ့ အသက်ကြီးပြီလေ ..."

"မွှန်းက အိမ်မှုကိစ္စတွေရော ... ဆိုင်ကိစ္စတွေရော လုပ်နေတာလေ ... အိပ်ပါစေ ... အနားယူပါစေ ... သူက လှုပ်ရှားနေရတော့ ကျန်းမာရေးလုပ်ပြီးသား ဖြစ်နေပြီပဲ ..."





"ခေါ်မယ် ... ခေါ်မယ် ... ရအောင်ခေါ်ရမယ် ဦးလေးကြီး မမလည်း ပျော်မှာ ..."

သူ ...

စိတ်ညစ်သွားရသည်။

လူတွေက သူ့ကို သော်သော်မွှန်းနဲ့ပဲ အောင်သွယ်နေကြ၏။

ဘယ်လို ပြောရမလဲ။

ကိုယ်က ပျို့နဲ့နှစ်ယောက်တည်း လမ်းလျှောက်ချင်တာပါ။

"ဟယ် ... ဟိုမှာ ဗလ"

ခပ်လှမ်းလှမ်းမှာ ကားနှင့်ဗလက ရောက်လာပြီး ပျို့ကို လက်ပြနေသည်။

"ခဏနော် ... ဦးလေးကြီး"

ပျို့ ထွက်သွားသည်။

ဗလကို တွေ့လျှင် ပျို့ မြူးတူးတက်ကြွသွားတာ တွေ့ရ၏။

သူ ... စိတ်မောသွားရသည်။

"ဟူး ..."

စောစောက ရွှင်လန်းတက်ကြွမှုတွေ ပျောက်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗလ ...

ဘာလာလုပ်တာလဲ။

ဒီကောင်တော်တော် နှောင့်ယှက်တာပဲ။

ဗလနှင့် ကောင်မလေးက နှစ်ယောက်တည်း ရယ်စကား ပြောနေသည်။

ပျို ...

မင်းက ဗလအပေါ် အရေးပေးလွန်းနေတာလား။

သူတစ်ယောက်တည်း ရယ်နေရသည်။

လှေကျင့်ခန်းလုပ်ဖို့အတွက် စိတ်မပါတော့။

ဗလ ...

မင်းကို ငါ ဘယ်လိုယှဉ်ရမလဲ။

ငယ်ရွယ်တဲ့ ဗလကိုပဲသူယှဉ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။

စိတ်မောတယ်ကွာ ...

ပျို့ကို ချစ်မိတဲ့စိတ်တွေကို ဘယ်လိုမှ ထိန်းချုပ်၍ မရ။

သူ ...

ထိုင်နေမိသည်။

ဗလက သူ့ကိုလှမ်းနှုတ်ဆက်ပြီး ကားလေးနှင့် ပြန်ထွက်သွား၏။

"ဦးလေးကြီး ... "





"ဟင် ... "

"လှေကျင့်ခန်း လုပ်လေ ... "

"အင်း ... "

"သွေးအေးသွားမယ် ... "

ပျို့ရောက်လာမှ သူ့စိတ်တွေပြန်ပြီး တက်ကြွလာသည်။

"ပျို ... "

"ရှင် ... "

"ဗလ ... "

"အဟက် ... "

"မင်း အဆက်လား ... "

"ဟာ ... မဟုတ်ပါဘူး ... ရိုးရိုးသားသား ခင်မင်ကြတာပါ"

"တကယ်လား ... "

"တကယ်ပါ ဦးလေးကြီးရဲ့ ... ဗလကတော့ ပျို့ကို ... "

သူ ...

ဆက်မကြားရဲတော့။

လှေကျင့်ခန်းလုပ်သလိုနှင့် အဝေးကို ရှောင်ထွက်လာခဲ့မိသည်။

ပျို့ကိုဆိုတည်းက သူ သဘောပေါက်သွားရ၏။

မင်းကရော ...



www.burmeseclassic.com

www.burmeseclassic.com



ဖလကို သဘောကျနေတာ မဟုတ်လား။

ဖလကိုတွေ့ရင် မင်း တက်ကြွနေတယ်။ မနာလို

သိုဘ်တာ။

"ဦးလေးကြီး ... "

"ဟင် ... "

"ပြန်ကြရအောင် ... "

သူ ... မပြန်ချင်သေး။

ရုံးကို သွားရဦးမည်။

"ပြန်မယ်လေ ... "

နှစ်ယောက်သား လမ်းပြန်လျှောက်လာခဲ့မိသည်။

သူ့စိတ်ထဲမှာ အလိုမကျသလိုကြီး ဖြစ်နေရ၏။

"ပျို ... "

"ရှင် ... "

"မင်းကရော ဖလကို စိတ်ဝင်စားလား ... "

"အဟက် ... "

"စိတ်ဝင်စားနေတယ် မဟုတ်လား ... "

"စဉ်းစားနေဆဲပါ ... ပျို အဲ့ဒီလောက် အညာမှလွယ်ပါဘူး ဦးလေးကြီး ... "

"ကောင်းတယ် ... မင်း မာနနဲ့တွဲပြန်မှ မင်းအပေါ် အထင်ကြီးမှာပဲ ... "





"ပျိုသိပါတယ် ... ဒါပေမဲ့ ဖလကတော့ ဦးလေးကြီး ငယ်ငယ်ကလိုပဲ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်နော် ... "

"ဦးလေးကြီး ထင်တာကတော့ ... အားကိုးလောက်တဲ့ ယောကျ်ားတစ်ယောက်မဟုတ်ဘူးလို့ ... "

"ဦးလေးကြီးကလည်း ဖလတို့က ချမ်းသာတယ် ... ဖလကလည်း စာအရမ်းတော်တယ်လေ ... လုပ်ငန်းတွေလည်း အများကြီး ပိုင်တာပဲ ... "

ဦးလေးကြီးလောက် ချမ်းသာလားဟု မေးပစ်ချင်မိသည်။

အင်းလေ ...

ပျိုက ငယ်ရွယ်သူပဲ။

သူ့ကို စိတ်ဝင်စားမှာ မဟုတ်။

ပြန်ရောက်လာကြသည်။

"ဟယ် ... ကျော်ပါထပြီးလျှောက်တာလား ... ဒီလိုမှန်းသိရင် မွန်းပါထပြီး လျှောက်ပါတယ်နော် ... "

သူ ...

စိတ်ညစ်သွားရသည်။

ပျိုနှင့် နှစ်ယောက်တည်း သွားချင်ပါတယ်ဆိုမှ ဘော်သော်မွန်းက လိုက်ရှုပ်ဦးမည်။

"လာ ကျော်ဝင်ထိုင်ဦး ... တို့ကော်ဖီတိုက်မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မဝင်တော့ပါဘူး ... ရုံးသွားရဦးမယ် ... "

မဝင်ချင်တော့။

သော်သော်မွန်း ပြုစုနေတာကိုလည်း မခံယူချင်ပေ။

အခန်းထဲပြန်ဝင်လာခဲ့သည်။

"နောက်နေ့တော့ ... မွန်းပါထပြီး လမ်းလျှောက်မယ် ... အတော်ပဲ အဖော်ရှိတုန်းလုပ်ရတာ ... ကျန်းမာရေးလိုက်စားဦးမှပဲ ... "

စိတ်အပျက်ဆုံးပဲ။

သော်သော်မွန်းနှင့် သွားရမှာကို စိတ်ပျက်နေမိသည်။

ရုံးသွားဖို့ပင် အားမရှိ။

"အာစရိ ... "

"ဟင် ... "

"စားစရာတွေ အဆင်သင့်ဖြစ်နေပါပြီ ... "

စားသောက်ချင်တဲ့ စိတ်တွေပင် မရှိအောင် ဖြစ်နေမိသည်။

ပျို ... မင်းတော်တော် ဒုက္ခပေးတာပဲ။

ဗလကို အားကျလာမိသည်။

စားသောက်ပြီး ရုံးကို ထွက်လာခဲ့ရပေမဲ့ စိတ်က မပါပေ။





သူ ...

ဘာဖြစ်ရတာလဲ။

ထိန်းချုပ်၍မရသော ပျို့ကို ချစ်တဲ့စိတ်တွေအပေါ် မကျေမနပ်နှင့် ဒေါသတွေဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မမ ... "

"ဟင် ... "

"ဗလကို အိမ်မှာ ထမင်းဖိတ်ကျွေးချင်တယ် ... "

"ပျို့ ... "

"ရှင် ... "

"ဗလက ညီမလေးရဲ့ချစ်သူလား ... "

"စဉ်းစားနေတုန်းပဲ ... ဗလကို ပျို့ရွေးချယ်သင့်လား မသင့်ဘူးလားဆိုတာ ... မမဆုံးဖြတ်ပေးဖို့ အကဲခတ်ရအောင်လေ ... "

"ပျို့က ဘယ်ဆိုးလို့လဲ ... မိသားစုဝင်တွေကို အကဲခတ်ခိုင်းတာ ကောင်းတယ်ဖိတ်လိုက် ... မမအကဲခတ်မယ်နော်"





ဗလမှာက ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ မဟုတ်လား။

ပျို့ စဉ်းစားရသည်။

လောလောဆယ်တော့ ...

ပျို့အပေါ် အရေးတယူနှင့် ဂရုစိုက်မှုရှိနေသည်။

ဒါ ...

ဟန်ဆောင်နေတာလား။

"ဗလ ... ပျို့ကို ချစ်တယ်လို့ပြောတာ မကြာသေးဘူးမမ အရင်ကတော့ ... သူငယ်ချင်းတွေပဲလေ ... "

"ပျို့ ... "

"ဟင် ... "

"ရှင့်ဘက်ကရော ... ဒီကောင်လေးအပေါ် မေတ္တာရှိရဲ့လား"

"ဗလကို မယုံသလိုပဲ ... "

သူ့အနားမှာက ကောင်မလေးတွေ ဝိုင်းနေတာလေ ... ကို ချစ်တယ်ပြောတာကိုပဲ ပျို့ မယုံသေးတာ။

မမကို အကဲခတ်ခိုင်းရမယ်။

မေမေကတော့ အေးအေးဆေးဆေးနေတတ်ပြီး ...လပ်စွာ နေထိုင်ဆုံးဖြတ်ခွင့်တွေ ပေးထားသည်။

"မမက စဉ်းစားဆင်ခြင်တတ်တယ်လေ ... ပျို့က ချစ်သူထားရင် အဲ့ဒီလူကိုပဲ လက်ထပ်ချင်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် … ပျို့ ထမင်းစားဖိတ်လိုက် … မမအကဲ
ခတ်ပေးမယ် … "

"မမ … "

"ဟင် … "

"ဒါဆို ဦးလေးကြီးတို့အိမ်က ဖုန်းသွားဆက်လိုက်ဦးမယ်"

"ကျော့်ပါ ဖိတ်ခဲ့ ပျို့ … ဒါမှ မမတို့နှစ်ယောက် အကဲခတ်
လို့ရမှာ … "

"ကောင်းတယ်မမ … ပျို့ ဖိတ်ခဲ့မယ် … ဦးလေးကြီးနဲ့
တော့ တွေ့ဖူးပါတယ် … အင်းလေ … အနီးကပ်အကဲခတ်
ရတာပေါ့လေ … "

"သွား … သွား … ညနေစာနော် … ကျော်ရှုံးသွားတော့
မယ် … သွားဖိတ်လိုက် … "

"ဟွန်း … သူ့အဆက်ကြီးပါ ဖိတ်မယ်ဆိုတော့ အရမ်းတက်
ကြွနေတယ်ပေါ့လေ … "

"ကောင်မလေးဟာလေ … "

"မမ … "

"ဘာလဲ … "

"ဦးလေးကြီးကို ချစ်လား … "

"ပျို့နော် … ဘာတွေ လာမေးနေတာလဲ … "

"အပျို့ကြီးကလည်း … မရှက်ပါနဲ့ … ဘာဖြစ်လဲ … ဝန်





လိုက်စမ်းပါ … ပျို့က အောင်သွယ်ပေးမလို့"

"ကျော်က မိန်းမတွေကို လုံးဝစိတ်မဝင်စားဘူး ပျို့ရဲ့ …
မမက ငယ်ငယ်လေးထဲက နာမည်ကြီးတဲ့အချောအလှပဲ
သူက မိတ်ဆွေအပေါင်းအသင်းအဖြစ်ပဲ ဆက်ဆံခဲ့တာ"

မှန်းကတော့ ကျော့်ကို အမြဲတမ်း မျှော်လင့်နေမိ
တာပါ။

ဒါပေမဲ့ …

ရှင်က အေးစက်နေတယ်။

ခုထိတောင် …

မှန်းအပေါ် မရိုးသားတဲ့ အမူအရာတွေ လုံးဝမရှိ
ဘူး။

"ပျို့ … "

"ပြော … "

"သွားဖိတ်လေ … "

"အင်း … သွားပြီနော်"

"သူက အားနာပြီး ငြင်းရင်လည်း … ဇွတ်အတင်းပဲ ဖိတ်
လာခဲ့နော် … "

"အင်းပါ … "

"ညီမလေးဖြစ်ချင်တာလည်း ပြောပြခဲ့ … ဒါမှ ကျော် အကဲ
ခတ်လို့ရမှာ … "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... "

ပျို့ ထွက်လာခဲ့သည်။

ဦးလေးကြီးကို ဆုံးဖြတ်နိုင်းရင် ပိုကောင်းမှာပဲ။

ယောက်ျားအချင်းချင်း မဟုတ်လား။

အသိချင်ဆုံးက ...

ဗလရဲ့ နှလုံးသားတွေထဲက အချစ်တွေပဲ။

မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ဗလ ပျို့ကို ချစ်တာမှ ဟုတ်ရဲ့လား။

အပျော်ကြံတာလား။

ဗလက မာနခပ်ကြီးကြီး ...

ကြီးကျယ်ခမ်းနားတဲ့ကောင်။

ပျို့ကို ချစ်တယ်ဟု ပေါ့ပေါ့ဆဆအလွယ်တကူ ပြောလိုက်သည်။

ပျို့ တစ်ဘက်ခန်းသို့ ကူးလာခဲ့၏။

"ဦးလေးကြီး ... "

အခန်းတံခါး ဖွင့်ပေးသူက ကိုမြနိုင်ပင်။

"ဦးလေးကြီးရော ... "

"ရုံးသွားဖို့ ပြင်ဆင်နေတယ် ... "

"ပျို့လာတယ်လို့ သွားပြောပေးပါ ... "

"အေး အေးပါ ... "





ပျို့ ဧည့်ခန်းမှာ ထိုင်နေမိသည်။

ခေတ်မီလှပတဲ့ ဒီဧည့်ခန်းလေးကို ပျို့ သဘောကျမိ၏။

နေချင်လိုက်တာ။

မမကိုလည်း ဦးလေးကြီးနဲ့ လက်ထပ်စေချင်မိသည်။

ဗလက ချမ်းသာတယ်။

ပျို့က ဗလဘက်က မိသားစုတွေနဲ့ မနေချင်ပါဘူး။

သီးသန့်ပဲ နေချင်တယ်။

ဒီလို တိုက်ခန်းမျိုးလေးနဲ့လေ ... ။

ဦးလေးကြီးက တကယ့်ကို စိတ်ကူးကောင်းတာပဲ။

"ပျို့ ... "

"ဟင် ... ဦးလေးကြီး"

"ကိစ္စ ... "

"ထမင်းစားလာဖိတ်တာလေ ... "

"ဟင် ... "

"ညနေစာပါ ... မမက လာဖြစ်အောင် လာပါတဲ့ ... အရေးကြီးတဲ့ ညစာစားပွဲဖြစ်နေလို့ပါ ... "

"ဘာတွေ အရေးကြီးနေတာလဲ ပျို့ ... "

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ကျော့မော့နေအောင် ပြင်ဆင်ထားတဲ့အချိန် ပျို့ ရောက်လာ၍ သူ ကျေနပ်သွားရသည်။

"ဦးလေးကြီးက အရမ်းစမတ်ကျတာပဲ ... "

ပျို့က ချီးမွမ်းလိုက်၍ သူ သဘောအကျကြီးကျသွားရသည်။

"ပျို့ကို ညစာပြန်ကျွေးရမလို ဖြစ်နေပြီ ... "

"ဦးလေးကြီး ... "

"ပြော ... "

"အခု ညစာစားပွဲမှာ ဗလလည်းပါမှာ ... "

"ဟင် ... "

"ဗလကို အိမ်နဲ့မိတ်ဆက်ပေးမလို့လေ ... "

"ဟင် ... ဗလနဲ့ မင်း့မင်းက ... "

"ချစ်သူတွေ မဖြစ်သေးပါဘူး ... ဗလဘက်က ပရယ်ပို့စ်လုပ်ထားတာပဲ ရှိသေးတာ ... ပျို့ စဉ်းစားဖို့အတွက် မှမနဲ့ ဦးလေးကြီးကို အကဲခတ်ခိုင်းမလို့ ... "

"ဟင် ... "

"ဗလက ပျို့ကို ချစ်မချစ် ... မိန်းကလေးတစ်ယောက်အနေနဲ့ ရွေးသင့်မရွေးသင့်လေ ... "

"ပျို့က အဆန်းပဲ ... လူကြီးတွေ ဆုံးဖြတ်ချက်နဲ့ ရွေးချယ်မှာလား ... "





"အင်း ... "

တော်ပါသေးရဲ့။

ဗလက ပျို့ချစ်သူတော့ မဟုတ်သေးပေ။

သူ့ကို အကဲခတ်ပေးပါတဲ့။

ဗယ်တယ်။

ဗလဆိုတဲ့ ကောင်လေးကို ရှိ လုံးဝလက်မခံရပါဘူး။

"ဦးလေးကြီးလာနော် ... ဗလမှာက ကောင်မလေးတွေ အရမ်းများတယ် ... ဒီအထဲကမှ ပျို့ကို ရွေးချယ်တာလေ"

ပျို့ရယ် ...

ဦးလေးကြီးရဲ့ နှလုံးသားတွေကိုလည်း အသိအမှတ်ပြုပါဦးကွာ။

ပျို့ကို စစ်မှန်တဲ့ နှလုံးသားတွေနဲ့ ချစ်နေမိတာပါ။

ဘယ်လို ဖွင့်ပြောရမလဲ။

ကောင်မလေး ... သူ့အပေါ် သံယောဇဉ်တွယ်လာအောင်ပထမဆုံး စတင်ကြိုးစားရမှာပဲဖြစ်သည်။

"ဦးလေးကြီး ... "

"ဟင် ... "

"ညနေ လာခဲ့နော် ... "

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ပျို့ သွားတော့မယ် ... ဩော် ... ဖုန်းဆက်လိုက်ဦးမယ်နော် ဦးလေးကြီး ... "

"ဆက်လေ ... "

ပျို့ကို ဟမ်းဖုန်းပေးလိုက်သည်။

"အိမ်မှာ ဖုန်းမရှိတာ အရမ်းဒုက္ခရောက်တာပဲ ဦးလေးကြီးရယ် ... မမလုပ်ငန်းထဲ ငွေမြုပ်သွားလို့တဲ့ စိတ်ညစ်တယ်"

ပျို့ကို သူ စူးစိုက်စွာဖြင့် ကြည့်နေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ပျို့ကို ချစ်နေမိသည်။

ဘယ်လို ဖြစ်တာလဲ။

ပျို့မှ ပျို့ဖြစ်နေသည်။

သေဘ်သော်မှန်းကိုပင် ဘယ်လိုမှ စိတ်မဝင်စားဘဲဖြစ်နေ၏။

"ဗလ ... ပျို့တို့ အိမ်မှာညစာလာစားနော် ... မမနဲ့ မိတ်ဆက်ပေးမလို့ ... "

ဗလထံ ပျို့ ဖုန်းဆဲက်နေသည်။

"ဗလ အဲ့ဒီမကြီးကျယ်နဲ့ဗွာ ... မေမေက သမီးလေးတို့ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ပေးထားတယ် ... မေမေလည်းတို့ ထမင်းဝိုင်းမှာ ဝင်မပါပါဘူး ... လာဖြစ်အောင်လာနော်"

ဗလဆိုတဲ့ ကောင်လေးကို မရွှေးချယ်အောင်တော့ ပြောရမယ်။





ပျို့ကို ကိုယ်ပဲပိုင်ဆိုင်စေရမယ်။

"ဗလလာနော် ... ပျို့ကို တကယ်ချစ်တယ်ဆိုရင်လေ ... မမက ဆုံးဖြတ်မှာ ... "

ဗလဆိုတဲ့ ကောင်လေးကို အားကျသလို ဖြစ်လာရသည်။

ပျို့က အလေးအနက်ထားပုံပင်။

စိတ်လှုပ်ရှားနေတဲ့ အမူအရာတွေကို တွေ့နေရသည်။

"ဒါပဲနော် ဗလ ... ဘိုင့်ဘိုင်"

ပျို့ ...

ဒီကောင်လေးကို မင်း မချစ်ရပါဘူး။

ဦးလေးကြီးက ဗလထက် မင်းကိုအချစ်တွေအကြောင်းနာတွေ အယုယတွေနဲ့ ဝိုင်းရံထားနိုင်ပါတယ်။

"ဦးလေးကြီး ကျေးဇူးပဲနော် ... "

"ပျို့ ... "

"ဟင် ... "

"မင်း ဟမ်းဖုန်းလိုချင်တာလား ... "

"လိုချင်တာပေါ့ ဦးလေးကြီးရဲ့ ... စတိုင်လ်မိတယ်လေ ... ပျို့ အရမ်းလိုချင်တာပဲ ... မမလုပ်ငန်းကြောင့်မရတာ"

"ကိုယ်ဝယ်ပေးမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ဖျို့ အရမ်းလိုချင်နေတဲ့ ပစ္စည်းလေးဖြစ်နေလို့ပါ"

"မဟုတ်တာဘဲ ... ဦးလေးကြီးရယ် ... ဖျို့က အလွယ်တကူ ပြန်ဆပ်နိုင်စရာ မရှိသေးဘူးလေ ... "

"ဆပ်စရာမလိုပါဘူး ... "

"ဟင် ... "

"လက်ဆောင်ပေးမှာပါ ... "

"ဟင် ... "

ဖျို့ ...

အံ့ဩသွားရသည်။

သူမ အရူးအမူးလိုချင်နေတဲ့ ဟမ်းဖုန်းကို ဦးလေးကြီးက လက်ဆောင်ဝယ်ပေးမယ်တဲ့။

အင်းလေ ...

အရမ်းချမ်းသာတဲ့ ဦးလေးကြီးပဲ။

ဟမ်းဖုန်းဖိုးလောက်ကတော့ အသေးအမွှားနေမှာပါ။

"ဖျို့ကို ပျော်ရွှင်စေချင်လို့ပါ ... သူများ ဖုန်းတွေက ဆက်ရတာ ဖျို့စိတ်ညစ်နေတယ် မဟုတ်လား ... "

"ဟုတ်တယ် ဦးလေးကြီး ... အိမ်မှာက စီးပွားကျသလိုဖြစ်နေတယ် ... ဖေဖေကလည်း နေမကောင်းဘူး ... "





"ဟုတ်လား ... "

"မေမေ လိုက်သွားရမယ် ... ဖျို့တို့နဲ့တောင် အခေါ်တစ်ယောက်လာနေမှာလေ ... "

"ဟုတ်လား ... "

"မမတောင် အားငယ်နေတာလေ ... "

"ကိုယ့်ကို ဘာမှမပြောဘူး ... "

"မမက ရှက်တာယ်လေ ... ဖျို့လည်း မယူချင်ပါဘူး ... နေပါစေ ဦးလေးကြီးရယ် ... ဒီမှာလာဆက်လည်း ရတာပဲ"

"အားနာစရာ မလိုပါဘူးဖျို့ ... ဦးလေးကြီးက အမှတ်တရ ဝယ်ပေးတာပါ ... ဖျို့ကို ပျော်ရွှင်စေချင်လို့လေ ... "

"ဝမ်းသာလိုက်တာ ... ဖျို့ သူငယ်ချင်းတွေအားလုံး ဟမ်းဖုန်းတွေနဲ့လေ ... "

"ကောင်းပြီ ... ဖျို့ကို ကိုယ်လက်ဆောင်းပေးမယ် ... "

"ဦးလေးကြီးကို အရမ်းကျေးဇူးတင်တာပဲ ... ဖျို့မှာ ငွေကြေးအဆင်ပြေလာရင် ပြန်ဆပ်မှာပါ ... "

"မလိုပါဘူးဖျို့ ... ကိုယ်က အမှတ်တရဝယ်ပေးတာပါ"

"ဦးလေးကြီး အကူညီလိုအပ်ရင်လည်း ပြောနော် ... ဖျို့အစွမ်းကုန် ကူညီမယ် ... "

မမှုန်းနဲ့ အောင်သွယ်ပေးမည်ဟု စိတ်ကူးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျို ...

ဟမ်းဖုန်း အရမ်းကိုင်ချင်တာပဲ။

ဦးလေးကြီးကို အရမ်းကျေးဇူးတင်မိသည်။

"ဦးလေးကြီး ညစာလာစားနော် ... ဗလကို အကဲခတ်ပေးပါဦး ... ဦးလေးကြီး အဆုံးအဖြတ်ပဲ ပျိုလက်ခံမှာ"

ပျို ပြန်သွားသည်။

ဗလဆိုတဲ့ကောင်ကိုတော့ မင်း လုံးဝမရွေးချယ်ရပါဘူး။

ကန့်ကွက်ရမယ်။

ပျိုဆီက သံယောဇဉ်တွေကို ရအောင်ယူရမယ်။

ဟမ်းဖုန်းလေးတစ်လုံးဝယ်ဖို့အတွက် အဆက်အသွယ်တွေဆီ ဖုန်းဆက်နေမိသည်။





## အခန်း (၁၂)

ဗလရောက်မလာခင် ပျိုလက်ထဲသို့ ဟမ်းဖုန်းလေး အပ်လိုက်သည်။

"လှလိုက်တာ ဦးလေးကြီးရယ် ... ပျော်လိုက်တာ — ပျို အရမ်းလိုချင်နေတာသိလား ... "

ပျို ပျော်နေသည်။

သူ ... စိတ်ချမ်းသာနေသည်။

"ကျော်ကတော့ ... ဒီကောင်မလေးကို အရမ်းမြှောက်စားနေပြီပဲ ... မွန်းတို့လည်း လုပ်ငန်းမှာ ငွေတွေမြုပ်သွားလို့လေ ... "

"ပျိုကို ပျော်စေချင်လို့ပါ ... မျက်နှာငယ်ရမှာကို အရမ်းစိုးရိမ်နေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ပျို့ကတော့ အရမ်းပျော်နေပြီကျော်ရေ ... "

မွန်းကတော့ သူမကြောင့် ကျော်က လက်ဆောင်ဝယ်ပေးတာဟု ထင်မိနေသည်။

ကျော်က သူမကို စိတ်ဝင်စားလာပြီလား။

"ကျော် ... "

"တင် ... "

"ပျို့ကတော့ အရမ်းပျော်နေပြီ ... "

ပျို့က ပျော်ပြီး သူမ ဟမ်းဖုန်းရပြီဖြစ်ကြောင်း သူငယ်ချင်းတွေထံ ဖုန်းဆက်ပြောနေသည်။

ဖုန်းနံပါတ်တွေ ပေးနေ၏။

"ဗလ ... လာတော့လေ ... ဒီမှာစောင့်နေကြပြီ ... မမရော ဦးလေးကြီးရော ... "

ဗလထံ ဖုန်းနံပါတ်ပေးနေတာတော့ သူ အောင့်သက်သက် ဖြစ်နေသည်။

"လာတော့လေ ဗလ ... "

ပျို့ ဖုန်းဆက်ပြီး ဗလကို အကြိမ်ကြိမ်ခေါ်နေရသည်။

"ဗလက မဟုတ်သေးဘူး မွန်း ... ပျို့က အတင်းခေါ်နေရသလိုဖြစ်နေပြီထင်တယ် ... "

"ဟုတ်တယ်နော်. ကျော် ... ဒီကောင်လေးက ကြီးကျယ်ခမ်းနားတာလား ... "

ပျို့မကို သူ နည်းနည်းကျပ်ပေးလိုက်မိသည်။

"ဗလနားမှာက ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲ ပျို့ စိတ်ညစ်ရမယ် ... "

"ဗလကို ကျော် မြင်ဖူးတယ် မဟုတ်လား ... "

"မြင်ဖူးပါတယ်၊ ခပ်ကျောကျော ကောင်လေးတစ်ယောက်ပဲ မွန်း ... "

"ဟင် ... "

မွန်း လန့်သွားရသည်။

ဒီလိုကောင်လေးမျိုးနဲ့တော့ ညီမလေးကို သဘောမတူနိုင်ပေ။

"ပျို့ ... "

"ဟင်မမ ... "

"ပျို့ကောင်လေးက မလာသေးပါလား ... မမတို့ လူကြီးတွေကို အားနာဖို့ကောင်းတယ်နော် ... "

"လာမယ် မမ ... ဗလ ဒက်ဒီက အလုပ်ကိစ္စတစ်ခုခိုင်းနေလို့တဲ့ ... "

"ပျို့ကိစ္စက ပိုပြီးအရေးကြီးတယ်လေ ... "

ကျော်က မထောက်ခံတော့။ မွန်းလည်း မထောက်ခံချင်တော့ပေ။







www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးက ညီမလေးပျို့ဘက်က မိသားစု တွေကို အထင်သေးတဲ့သဘောလား။

"ဗလ လာမှာပါမမ ... သူ့ဒက်ဒီက အရေးတကြီးခိုင်းနေလို့ လေ ... "

"ပျို့တို့ဘက်ကို အထင်သေးပြီး မလေးမစားလုပ်တာတော့ မကောင်းဘူးနော် ... "

"မဟုတ်ပါဘူးမမရဲ့ ... ဗလက ပျို့ကို အရမ်းတောင်းပန် နေတယ်လေ ... "

ပျို့ အပြင်ထွက်သွားသည်။

"ကျော် ... "

"ဟင် ... "

"ဗလဆိုတဲ့ ကောင်လေးကို ပျို့ကနှစ်သက်နေပုံပဲနော် ..."

"ဒါကတော့ ပျို့မှာအတွေ့အကြုံမရှိသေးလို့ပါ ... မွန်း အဲ့ဒါ မျိုးက ဒုက္ခရောက်တတ်တယ် ... ဗလက ပျို့တို့မိသားစုတွေ ကို အထင်သေးတာပဲထင်တယ် ... "

သူ ...

ကန့်ကွက်စကားတွေပဲ ပြောမိသည်။

ပျို့ ...

ကိုယ်စိတ်မောတယ်ကွာ။

ရင်ထဲမှာ မွန်းကျပ်နေတယ်။





ပျို့ကို ချစ်တယ်လို့ ဘယ်သူ့ကိုရင်ဖွင့်ရမလဲ။

"ဗလက လာနေပြီတဲ့မမ ... ကားကို ဒလကြမ်းမောင်းပြီး လာနေတယ်တဲ့ ... "

ပျို့ကတော့ ပျော်ရွှင်တက်ကြွမှုတွေအပြည့်နှင့်ဖြစ် သည်။

သူ ဘယ်လို တားဆီးရမလဲဆိုတာပဲ စဉ်းစားနေရ

"ပျို့ အောက်မှာ ဆင်းကြိုလိုက်မယ်နော် မမ ... "

ပျို့ ဆင်းသွားသည်။

"ကျော် ... "

"ဟင် ... "

"ဘယ်လိုလုပ်မလဲ ... "

"ဗလနဲ့တော့ သဘောမတူသင့်ဘူးနော် မွန်း ... "

သူ ...

ပြတ်သားစွာပဲ ပြောမိသည်။

"ပျို့က အရမ်းနှစ်သက်နေပုံပဲကျော် ... "

"မွန်းက အကျိုးအကြောင်းရှင်းပြပြီး တားဆီးပေါ့ ... "

"အခြေအနေကို စောင့်ကြည့်ရမှာပဲလေ ... "

ဗလနှင့် ယှဉ်ပြိုင်ဖို့အတွက် ငယ်ရွယ်နုပျိုမှုတွေသူ့ တွင် လုံးဝမရှိတော့ဘူး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ယှဉ်ရမလဲ။

ပျို့သံယောဇဉ်တွေရအောင်ပဲ ကြိုးစားရမည်ဖြစ်သည်။

ဗလနှင့် ပျို တက်လာ၏။

"မမ ... ဒီမှာဗလ ... ဒါ တို့မမလေ ဗလ ... သော်သော်မွှန်းတဲ့ ... ဒါကတော့ ဦးလေးကြီး သိတယ်မဟုတ်လား ..."

ပျို့လေသံတွေက သူ့ကိုတော့ မမမွှန်းနှင့်ပတ်သက်ဆက်စပ်နေတဲ့သဘော မိတ်ဆက်ပေးနေသည်။

"ကျွန်တော် ... နောက်ကျသွားတာကို ခွင့်လွှတ်ပါမမ ... ဦးလေးကြီးရော ... အဲ ... အစ်ကိုရောပေါ့နော် ..."

သူကတော့ တင်းနေပြီ။

လူကြီးတစ်ယောက်ဖြစ်နေ၍ ဟန်ဆောင်ပြုံးနေသည်။

"ကဲ ... လာကြကွယ် ... ထမင်းစားရအောင်"

"ပျိုကတော့ ပြောပါတယ် ... မမက ဟင်းချက်လက်ရာ အရမ်းကောင်းတာတဲ့ ..."

"ဒီကောင်မလေးက ... ပြောတော့မယ် ... မမကတော့ အတတ်နိုင်ဆုံး လက်ရာကောင်းအောင်ချက်ထားတာပါကွယ် ... စားကြပါ ..."

ထမင်းပွဲမှာ ထိုင်မိသည်။





"မေမေက နယ်ကိုခဏသွားနေတယ်လေ ... မမတို့အခေါ်ကို သွားခေါ်တာ ... ဗလစားပါကွယ် ... အားမနာပါနဲ့နော်"

ဗလကို ညီမလေးက ပိုပြီးဂရုတစိုက်နှင့် ချစ်နေသလားဟု တွေးမိနေသည်။

ပျိုက ပျာယာခတ်အောင် ဧည့်ခံနေ၏။

ဟင်းတွေ ခတ်ထည့်ပေးနေသည်။

"ကျော်လည်း စားနော် ... မွှန်းလက်ရာကောင်းရဲ့လား"

သူ ...

မျိုချ၍မရ။

ပျိုက ဗလကို ဂရုတစိုက် ဧည့်ခံနေ၍ဖြစ်သည်။

ဗလ ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးနေ၏။

"မမလက်ရာတော့ အရမ်းကောင်းတာပဲ ... ဗလ တစ်ခါမှ တောင် ဒီလိုအရသာရှိတာမျိုး မစားဖူးဘူး ..."

"တကယ်လားကွယ် ..."

"တကယ်ပြောတာပါမမရယ် ... အရမ်းကောင်းပါတယ်"

ထမင်းဝိုင်းလေးက ရယ်မောသံတွေနှင့် စည်ကားနေသည်။

သူတစ်ယောက်တည်း နေမထိထိုင်မသာကြီး ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထသွားချင်နေမိသည်။

မကောင်းတတ်၍သာ ဆက်ထိုင်နေရ၏။

"ကျော်စားနော် ... "

မွန်းက သူ့ကို ညွှေ့ခံသည်။

ဖျိုက စပ်ဖြဖြနှင့် ပြုံးပြီးစနောက်ချင်သလို ကြည့်၏။

ဟင်းတွေရဲ့အရသာပင် ဘာမှန်းမသိအောင် ဖြစ်နေမိသည်။

ထမင်းစားပြီးတော့ ...

ဖျိုနှင့်ဗလက ဟမ်းဖုန်းလေးနှင့် အလုပ်ရှုပ်ရင်း ရယ်မောနေကြသည်။

သူ အလုပ်ကိစ္စကို အကြောင်းပြပြီး ပြန်လာခဲ့၏။

ရင်ထဲမှာ နုံးခွေခွေကြီး ဖြစ်နေသည်။





အခန်း (၁၃)

"ဖျို ... "

"ဟင် ... "

"ဗလကို ညီမလေး မရွေးချယ်သင့်ဘူး ... "

"ဘာဖြစ်လို့လဲ မမ ... "

မွန်း ဘာကိုထောက်ပြရမှန်းမသိ။

ကျော်က ကန့်ကွက်နေသည်။

ဗလကို ကျော်က လက်မခံတာပါ။

"ဒီကောင်လေးက လူငယ်မိန်းကလေးတွေလည်း အရမ်းစိတ်ဝင်စားတယ် ... ညီမလေး ဒုက္ခရောက်မယ်ကွယ်နော် "

"မမ ... "



www.burmeseclassic.com

www.burmeseclassic.com



"ပျိုရယ် ... မမစကားကို နားထောင်စမ်းပါ ... ညီမလေးက အရမ်းချောပြီး ချစ်စရာကောင်းပါတယ် ... ယောကျ်ား လေးတွေကို ရွေးချယ်နိုင်ပါတယ် ... "

ဗလကို ပျို ရွေးချယ်ထားသည်။

မမက လက်မခံပေ။

"ဘာဖြစ်လို့လဲ မမ ... ဗလက နည်းနည်းတော့ လူငယ် စတိုင်လေ ... ပျိုတောင် နေချင်သလိုနေတာပဲ ... "

"ပျို ... "

"ဟင် ... "

"ဗလကို ရွေးချယ်ဖို့ စဉ်းစားပါဦးကွယ် ... "

မွှန်း တားဆီးနေမိသည်။

ကျော်က လက်မခံပေ။

ဗလကို မကြိုက်ဘူးတဲ့။

မွှန်းတို့ကို အထင်သေးမှာမို့ ပျိုစိတ်ဆင်းရဲရမယ်တဲ့။

"ပျို ... "

"ဟင် ... "

"ဗလကို မရွေးနဲ့ ... "

မွှန်းကတော့ ကျော့်ရွေးချယ်မှုကို အလေးအနက် ထားရမည်ဖြစ်သည်။

ကျော့်ဆုံးဖြတ်ချက်ပဲ။





"မမပြောတာကိုလက်ခံပါ ... ဗလတို့က မမတို့မိသားစု အပေါ်မှာ အထင်သေးမှာပဲ ... "

"မမတို့သဘောမကျရင် ပျိုမရွေးချယ်ပါဘူး ... "

"ပျိုရယ် ... ညီမလေးက အရမ်းကိုချစ်စရာကောင်းတဲ့ မိန်း ကလေးပါ ... မမကတော့ တော်ရုံယောကျ်ားတစ်ယောက် နဲ့ သဘောမတူချင်ပါဘူး ... "

"ဟင်း ... ဟင်း ... ပျိုလည်း အပျိုကြီးဖြစ်ရတော့မယ်ထင် နော် ... "

"အပျိုကြီးဖြစ်ရတယ်ဆိုတာက ... မျှော်လင့်ချက်တစ်ခု ကြောင့်လေ ... "

"ဦးလေးကြီးကြောင့်လား ... "

"ပျိုနော် ... "

"ဦးလေးကြီးကတော့ မမကို အရမ်းကြိုက်နေပြီထင်တယ် နော် ... "

"ပျို ဘယ်လိုထင်လဲ ... "

"ပျိုကတော့ ကြိုက်နေတယ်ထင်တယ် ... ဒါကြောင့် အခိက ပျို့ကို ဖားနေတာ ... "

"ဟုတ်လို့လား ... "

မွှန်း ကျေနပ်သွားရသည်။

ကျော်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ အေးစက်နေတာလဲ။

"မမွန်း ... "

"ဟာင် ... "

"ပျို့ အပြင်သွားဦးမယ် ... "

"ပျို့ ... "

"ရှင် ... "

"မေမေမရှိဘူးနော် ... ညီမလေး လျှောက်မသွားနဲ့ ... "

"ပျို့ကို စိတ်ချပါ ... မမနဲ့ မေမေတို့ သဘောမပါဘဲ ဘာမှ မလုပ်ပါဘူး ... "

"ညီမလေးကို ယုံပါတယ်ကွယ် ... "

ပျို့ ထွက်လာခဲ့သည်။

ဟန်းဖုန်းလေးကို သူမ ရထားတာပဲ ဝမ်းသာနေရ၏။

ဦးလေးကြီးကို ကျေးဇူးတင်လိုက်တာ။

မမကြောင့်ပဲ ထင်သည်။

ပျို့ကို ဒီလောက်အထိ ဖားနေတာ။

"တီ ... တီ ... "

"တီ ... တီ ... "

သူမ ဖုန်းကိုဖွင့်ပြီး နားထောင်မိသည်။

"ပျို့ ... "





"ဟာင် ... ဗလ ... "

"အခု ဘယ်မှာလဲ ... "

"အပြင်မှာ ... "

"ပျို့ရှိတဲ့နေရာကို ပြောလေ ... ကိုယ်တွေ့ချင်လို့ ... "

"မတွေ့တော့ဘူးနော် ဗလ ... "

မမစကားကို ပျို့ နားထောင်ရဦးမည်ဖြစ်သည်။

ဗလကို စောင့်ကြည့်ဦးတဲ့။

"ပျို့ ... "

"ဟာင် ... "

"ကိုယ်တွေ့ချင်တယ်ကွာ ... ဘာလဲ ... ပျို့က ကိုယ့်ကို လက်မခံချင်တာလား ... "

"မဟုတ်ပါဘူး ဗလ ... ပျို့ မအားလို့ပါ ... "

"ပျို့ ဘာလုပ်နေလဲ ... "

"အလုပ်ရှိသေးတယ် ... မမဆိုင်ကိစ္စလေ ... "

ဗလကို ရှောင်နေမိသည်။

ပျို့ ဗလကို နှစ်သက်ပေမဲ့ ဗလက မာန်မာနရှိ၏။

မမမွန်းက စိတ်သဘောထားဖြူစင်တဲ့သူပါ။

ဗလကို မရွေးချယ်သင့်ဘူးတဲ့။

ဘာကြောင့်လဲ။

"ဗလ ပျို့အလုပ်ရှုပ်နေလို့နော် ... နောက်မှတွေ့တော့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဆို ကိုယ် အားကစားလေ့ကျင်တဲ့ ကန်တော်ကြီးစောင်းကို လာခဲ့မယ် ... "

"အင်း ... "

ဗလကိုလည်း ပျို့အပြတ်သားကြီး မငြင်းဆန်လိုပေ။

ပျို့တို့အုပ်စုတွင် ဗလရဲ့ချစ်ရေးဆိုခြင်းကို ခံရတာ ဂုဏ်ယူစရာတစ်ခုလိုဖြစ်နေရသည်။

"ပျို့ ... "

"ဟင် ... "

"ပျို့ ... ဘာဖြစ်နေလဲ ... "

"ဟင့်အင်း ... "

"တစ်မျိုးပဲ ... "

"ဗလ ... "

"ပြော ... "

"မနက်ကျမှ တွေ့မယ်နော် ... "

ဗလကို ပျို့ ငြင်းဆန်ဖို့အတွက် အင်အားတွေ မရှိတော့သလို ဖြစ်နေသည်။

ပျို့ ချစ်နေမိ၏။

ဗလရဲ့ချစ်ရေးဆိုခြင်း ခံရတာ အကြီးမားဆုံးဆုလာဘ်ကြီးတစ်ခုဟုပင် ထင်မှတ်နေမိသည်။

ပျို့ ဘယ်လိုငြင်းရမလဲ။





ရှင့်ကို ဥပေက္ခာပြုရမလား။

ပျို့ စိတ်ညစ်နေမိသည်။

ဗလကို ပျို့လက်ခံလိုက်ဖို့ ဆုံးဖြတ်ထားပြီးသားပဲဖြစ်၏။

ဖုန်းပိတ်ထားလိုက်သည်။

သူငယ်ချင်းညီမှိုအိမ်ကို ပျို့ထွက်လာခဲ့မိ၏။

"ရှင်က သိပ်ဟုတ်နေတာပါလား ... ပျို့ ဟမ်းဖုန်းလေးက အရမ်းလှနေတာပဲ ပျို့ ... "

ညီမှိုကတော့ အစောကြီးကတည်းက ဟမ်းဖုန်းကိုင်နိုင်သည်။

"ဦးလေးကြီးက တို့မကို ကြိုက်နေတာဟ ... ပျို့ကိုအပြတ်ဖားနေတယ် ... "

"ဟုတ်လား ... "

"နင့်ဦးလေးကြီးဆိုတာကို ပြကွာ ... "

"ဘာလုပ်မလို့လဲဟ ... "

"တွေ့ချင်လို့ ... "

"ဖြစ်တယ်ငှလေ ... "

"ပျို့ ... "

"ဟင် ... "

"ဗလကို အိမ်ခေါ်ပြီး ဆွေပြမျိုးပြလုပ်တယ်ဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... "

"ရှင် က်ကောင်းတာပဲ ... "

"အဟက် ... "

"ဗလက ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲနော် ... "

သူငယ်ချင်းတွေအားလုံးကလည်း ဗလကို အထင်ကြီးကြသည်။

မမက ဘာဖြစ်လို့ မရွေးချယ်စေချင်ရတာလည်း မသိပါဘူး။

"ဟဲ့ ပျို့ ... "

"ပြော ... "

"ဗလအနားမှာက ကောင်မလေးတွေ ဝိုင်းနေတာပဲနော် ရှင်နောက်ကျသွားမယ် ... "

ဗလ ...

ရှင့်ကို မမက ဘာဖြစ်လို့များ ကန့်ကွက်ရတာလဲ။

ပျို့ ဘာပဲလုပ်လုပ် မမက အမြဲတမ်းထောက်ခံနေကျ။

ဗလကို မရွေးချယ်သင့်ဘူးဆို၍ ပျို့စိတ်ညစ်သွားရသည်။

"ရှင့်ကို သူငယ်ချင်းတွေက ဝိုင်းပြီး အားကျနေကျတာပဲနော် ... "



ပျို့က စိတ်ညစ်နေတာ။

ဗလကို မငြင်းနိုင်ဘူး။

သူငယ်ချင်းတွေအလယ်မှာ လက်တွဲပြချင်နေမိသည်။

"ပျို့ ... "

"ဟင် ... "

"ဗလဆီ သွားရအောင် ... "

"မသွားတော့ပါဘူး ... ပျို့ ပြန်တော့မယ်နော် ... မနက်မှ ဗလနဲ့ တွေ့ဖို့ ချိန်းထားတာ ... "

ညီမှိုဆီမှာနေရတာလည်း ပျို့စိတ်ညစ်လာ၍ ပြန်လာခဲ့ပါသည်။

ဗလအကြောင်းတွေကို ပျို့ စဉ်းစားနေမိ၏။

မိန်းကလေးတွေက ဗလကိုစိတ်အဝင်စားကြီး ဝင်ကြသည်။

မမက မရွေးချယ်ရဘူးတဲ့။

လှေကားထစ်တွေအတိုင်း ပျို့ပြန်ပြီး တက်လာခဲ့သည်။

အခန်းဝတွင် ကိုမြခိုင်နှင့် တွေ့၏။

"မေပျို့ဖြူ ... တစ်ယောက်တည်း ဘယ်က ပြန်လာတာလဲ ခြေလှမ်းတွေက နေးကွေးလှချည်လား ... "

www.burmeseclassic.com

www.burmeseclassic.com



"အပြင်ကလေ ... "

ပျို ...

စိတ်ညစ်နေမိသည်။

ဗလကြောင့်ပါ။

ဘယ်လိုငြင်းဆန်ရမလဲ။

ရှင့်ကို ပျိုချစ်တယ် ဗလ။

မမက ဘာကြောင့်များ မရွေးချယ်နဲ့လို့ ပြောရတော့လဲ။

"ကောင်မလေး ဘာဖြစ်လာရတာလဲ ... "

"ဦးလေးကြီးရော ... "

"ရှိတယ်လေ ... "

ဦးလေးကြီးကို ရင်ဖွင့်ပြီး တိုင်ပင်ပြီး တိုင်ပင်ရကောင်းမလားဟု တွေးမိနေသည်။

ဟုတ်တယ်။

ဦးလေးကြီးနဲ့ တိုင်ပင်မယ်။

မမကို ဦးလေးကြီးက နိုင်သည်။

ဦးလေးကြီးဆီကို သူမ ရောက်လာခဲ့၏။

"ဦးလေးကြီး ... "

"ဟင် ... ပျို ... "

"တိုင်ပင်စရာတွေ ရှိလို့ ... ပျို လာတာလေ ... "





"ထိုင်လေ ပျို ... ပြော ဘာတိုင်ပင်စရာတွေရှိလို့လဲ"

သူမထိုင်သည်။

ဦးလေးကြီးကတော့ ပျို့ကို ခင်မင်၏။

"ပျို ... "

"ရှင် ... "

"ပြောလေ ... "

"ဦးလေးကြီး စိတ်ထဲမှာ ဗလကို ဘယ်လိုထင်လဲဟင်"

"ဗလ ... "

"အင်း ... "

"မိန်းကလေးတွေ စိတ်ဝင်စားလောက်တဲ့ အခြေအနေရှိတဲ့ လူတစ်ယောက်လို့ပဲ ထင်တယ်လေ ... "

"မမက ပျို့ကို မရွေးချယ်သင့်ဘူးလို့ ပြောနေတယ်လေ"

"ပျိုကရော ... "

"အဟက် ... "

ပျို ဘယ်လိုဖြေမလဲဆိုတာကို ကျော်ကျော်မောင် စိတ်ဝင်စားမိနေသည်။

"ပျို ... "

"ဟင် ... "

"ဗလကို ... "

"ပျိုက ချစ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"မမက မရွေးချယ်ရဘူးဆိုတော့ ... ပျို့ အရမ်းစိတ်ညစ်သွား သလိုပဲ ... "

ပျို့ကို ကြည့်မိသည်။

ပျော့ရှင်သွက်လက်နေတဲ့ ကောင်မလေးက မျက်နှာလေး ညှိုးငယ်နေ၏။

"မမကို ဦးလေးကြီးဝိုင်းပြောပေးပါဦး ... ပျို့လေ စိတ်ညစ်လို့ သူငယ်ချင်းအိမ်သွားတာ ... စိတ်ညစ်မပြေလို့ ပြန်လာတာ ... "

မွှန်းကို သူက ကန့်ကွက်ထား၍ လက်မခံခြင်းဖြစ်သည်။

"မမက လက်မခံနဲ့ဆို ပျို့ ငြင်းလိုက်ပေါ့ ... မမက ဘယ်တော့မှ မကောင်းပြောမှာ မဟုတ်ပါဘူး ပျို့ရယ် ... "

"အချစ်ဆိုတာ ... ဘာလဲဟင် ဦးလေးကြီး ... "

"အချစ် ... "

"အင်း ... "

ပျို့ ... မင်း ဗလကို ချစ်နေပြီပဲ။

သူ ...

ဆောက်တည်ရာမရအောင် စိတ်တွေလှုပ်ရှားသွားရသည်။





မချစ်ပါနဲ့။

ကိုယ့်ရဲ့ သံယောဇဉ်တွေကို ပျို့ နားလည်ပေးပါ။

"ပျို့ လူကြီးတွေကိုပြတယ်ဆိုကတည်းက ဗလကို ပျို့ရွေးချယ်ထားလို့ပဲလေ ... "

"မမကမှ သဘောမတူတာဘဲ ပျို့ရယ် ... လက်မခံဖို့ပဲ ကြိုးစားပါ ... "

သူကတော့ ပျို့ကိုပဲ ဗလနှင့် ဝေးသွားအောင် ပြောမိသည်။

"ပျို့ စိတ်ညစ်တယ် ... ဦးလေးကြီးရာ မမရှေ့မှာတော့ စိတ်ညစ်နေတဲ့ဟန် ဘယ်ပြလို့ဖြစ်မလဲ ... အခု အပြင် လျှောက်သွားနေတာလေ ... "

"ဘာပဲဖြစ်ဖြစ် ပျို့ရယ် ... လူကြီးစကားတွေကိုတော့ ပျို့ နားထောင်ပါ ... "

"ပျို့ ပြန်တော့မယ် ... "

ပျို့ ဦးလေးကြီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်.



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"တီ ... တီ ... "

"တီ ... တီ ... "

ဟမ်းဖုန်းလေးမှ မြည်လာ၍ ဖျို ဖုန်းဖွင့်နားထော လိုက်သည်။

ဖျိုနဲ့ မမက အခန်းထဲမှာ နှစ်ယောက်အတူအိပ်ြ ၏။

မမ စာဖတ်ရင်းကြည့်သည်။

"ဟဲလို ... "

"ဖျိုလား ... "

"ဗလ ... "





"ဖျို ... "

"ဟင် ... "

"ကိုယ် အိပ်လို့မရဘူး ... "

"ကြမ်းပိုးကိုက်လို့လား ဗလ ... "

"ဟာကွာ ... ဖျို့အကြောင်းတွေ စဉ်းစားနေလို့လေ ... "

မမ ရှိနေသည်။

ဗလကို မချွေးချယ်ရဘူးတဲ့။

ညီမလေးကို အလေးအနက်ထားပြီး ချစ်မှာမဟုတ် ဘူးတဲ့။

"ဖျို့ကိုချစ်တယ် ... အရမ်းချစ်တယ် ... ကိုယ်အလေးအနက် အထားရဆုံးပဲ ... မနက်ကျရင် ကိုယ်အစောကြီးလာခဲ့မယ် ဖျို စောင့်နေနော် ... "

"မနက်ဖြန် မမရော ... ဦးလေးကြီးရော ပါလာမှာ ဗလ"

"ဘာဖြစ်လဲကွာ ... ဦးလေးကြီးနဲ့ မမက တစ်တွဲ ... ကိုယ်နဲ့ ဖျိုနဲ့က တစ်တွဲပေါ့ ... "

မမက ဗလကို လက်မခံတာသာသိရင် အရမ်းစိတ် ကောင်းဖြစ်မှာဘဲ။

ဗလက မိန်းကလေးတွေရဲ့စိတ်ကို လှုပ်ခတ်အောင် ခဲ့ဆောင်နိုင်ဆုံး ယောက်ျားလေးတစ်ယောက်ပဲဖြစ်သည်။

"ဖျို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ကိုယ့်ကိုချစ်တယ်မဟုတ်လား ... "

မမ ရှိနေသည်။

ပျို့ဆန္ဒတွေကို အမြဲတမ်း ဖြည့်စွမ်းပေးတတ်သော မမ။

ဗလကို လက်မခံနိုင်ဟု အပြတ်ပြောနေခဲ့သည်။

ပျို့ စဉ်းစားလို့ မရ။

"ပျို့ ... "

"ဟင် ... "

"ကိုယ်မေးနေတယ်လေ ... "

"နောက်မှ အဖြေပေးမယ်နော် ဗလ ... ပျို့ မစဉ်းစားရသေးလို့ ... "

"ပျို့ ... ကိုယ့်ကို ချစ်တယ် မဟုတ်လား ... အဖြေတင်ပြပေးစမ်းပါ ... ကိုယ် အရမ်းကြားချင်ပြီကွာ ... "

"ဟို ... ဟိုလေ ... ဗလ ... "

မမရှေ့မှာ ပျို့ဘယ်လိုအဖြေပေးရမှန်း မသိဖြစ်နေသည်။

"ပျို့ လက်မခံနဲ့နော် ... အပြတ်ငြင်းလိုက် ... "

မမက ပြောသည်။

ဗလရယ် ...





ပျို့က ချစ်ပါတယ်။

မမက ကန့်ကွက်နေတယ်။

ပျို့ ... ဘယ်လိုပဲ နေထိုင်ချင်သလို နေပါစေ အိမ်ထောင်ရေးမှာတော့ လူကြီးမိဘတွေရဲ့စကားကို နာခံသင့်သည်ဟု ထင်မိထားသည်။

အစ်မကြီးတော့ အမိအရာပါ။

ဖေဖေနဲ့ မေမေက အဝေးမှာ ...

ကျန်းမာရေးမကောင်းတဲ့မိဘတွေကြောင့် ရန်ကုန်မှာ အခြေခံဖို့ ကြိုးစားကြခြင်းပင်။

"ပျို့ ... "

"ရှင် ... "

"အပြတ်ငြင်းလိုက်လေ ... "

"ဟုတ်ကဲ့ ... "

ပျို့ငြင်းဆန်ရမှာပင် တွန့်ဆုတ်နေ့ကြွေးနေမိသည်။

ဗလကို ပျို့ ချစ်တယ်။

ဒုက္ခပါပဲ။

"ပျို့ ... "

"ဟင် ဗလ ... "

"ဘယ်လိုလဲကွာ ... ကိုယ့်ကို ဘာဖြစ်လို့ စကားမပြောရတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဗလ ... ပျို့နောက်မှ အဖြေပေးမယ်နော် လောလောဆယ်တော့ ပျို့ဘာမှမစဉ်းစားရသေးလို့ပါ ဗလ"

"ပျို့ ... ဘာဖြစ်တာလဲကွာ ... ကိုယ့်ကို ပျို့ ချစ်ပါတယ် ကိုယ်သိတယ် ... ကိုယ့်နှလုံးသားတွေနဲ့ ပျို့နှလုံးသားတွေ က ထပ်တူထပ်မျှပဲဟာ ... "

"မဟုတ်သေးဘူး ဗလ ... ဒါက ပျို့ဘဝတစ်သက်တာ အိမ်ထောင်ရေးကိစ္စလေ ... ပျို့အသေအချာစဉ်းစားပါရစေဦး"

ပျို့ ...

မငြင်းနိုင်။

မမက ကြည့်နေသည်။

အချစ်ဆိုတာ ခက်တာပဲ။

မမက အပြတ်ငြင်းပါဆိုမှ ပျို့ဘက်က ငြင်းဖို့ ဝန်လေးနေမိသည်။

ပျို့ကို ချစ်တယ်ဆိုတာ ပျို့အတွက် အကြီးမားဆုံး ဆုလာဘ်တစ်ခုပါပဲ။

စွန့်လွှတ်လိုက်ရမလား။

"ဒါပဲနော် ဗလ ... နောက်နေ့မှ တွေ့ကြမယ်လေ ... "

ဖုန်းပိတ်လိုက်သည်။

"ဟို ... "

"ရှင် ... "





"ဗလကို မရွေးချယ်နဲ့လို့ မမပြောထားပြီးသားနော် ... ဘာဖြစ်လို့ အပြတ်မငြင်းရတာလဲ ... "

မှန်းကတော့ ကိုကျော်ကျော်မောင်ဆန္ဒကိုပဲ အဓိက ဖြစ်သည်။

ဗလကို မရွေးချယ်နဲ့တဲ့။

"မမ ... "

"ဟင် ... "

"ဗလက ပျို့ကို အလေးအနက်ချစ်ကြောင်း ပြောနေတာပါ"

ပျို့ဆန္ဒတွေက ဗလကို ရွေးချယ်လိုကြောင်း ပြောနေသည်။

ဗလဆိုတဲ့ ကောင်လေးကို ချစ်နေ၏။

မမ ...

လက်ခံပေးချင်ပါတယ်။

ပျို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ခဲ့။

"မမ ... "

"ဟင် ... "

"ဗလကို စဉ်းစားပေးပါနော် ... "

"အင်းလေ ... မမ စဉ်းစားထားပါတယ် ... ခဏနေဦးနော် မမပြန်ပြီး စဉ်းစားပေးပါ့မယ် ... "

"တကယ်လားဟင် မမ ... ပျို့ ဝမ်းသာလိုက်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ချီ ... "

"ရှင် မမ ... "

"ဗလကို ချစ်နေလား ... "

"အဟက် ... "

"ပြောလေ ... "

"အင်း ... "

"ဗလက နည်းနည်းကြီးကျယ်ခမ်းနားလားလို့ ... "

"မဟုတ်ပါဘူး မမ ... သူတကယ်ပဲ အရေးကြီးတဲ့ကိစ္စရှိလို့ပါ ... ဒါကြောင့် နောက်ကျတယ်ဆိုတာ ပျိုသိပါတယ်"

"အင်းလေ...ညီမလေးနစ်သက်တယ်ဆိုရင်လည်း မမပြန်ပြီး စဉ်းစားပေးပါ့မယ် ... "

ပျို့အိမ်ထောင်ဘက်အတွက် ... ပျို ချစ်မြတ်နိုးတဲ့ ယောကျာ်းတစ်ယောက်ပဲ ဖြစ်စေရမည်ဟု မွှန်းတွေးထားမိသည်။

"အိပ်တော့ ပျို ... နောက်မှ ထပ်စဉ်းစားကြမယ်လေ ... "

"ဟုတ်ကဲ့ ... "

မွှန်း အိပ်မရ ...

ကျော့်အကြောင်းတွေကို စဉ်းစားနေမိသည်။

ဖူးစာကြောင့်ပဲ မွှန်းနဲ့ကျော် ပြန်ပြီးတွေ့ကြတာလား။

ရှင်ကရော ... မွှန်းကို ဘာလို့မိတ်ဆွေသူငယ်ချင်း





အဆင့်ထက်ပိုပြီး မဆက်ဆံရတာလဲ ကျော်ရယ်။

အချစ်ဆိုတာရော ရှိရဲ့လား။

မနက်အစောကြီးထပြီး ကျော်နဲ့အတူလမ်းလျှောက်ဖို့အတွက် မွှန်း အိပ်ပျော်အောင် ကြိုးစားနေမိသည်။

ဗလကို ကျော်က လက်မခံတာ။

ကန့်ကွက်နေသည်။

မွှန်းကလည်း ကျော့်ဆန္ဒတွေကို အစိကထားချင်သည်။

ကျော်ဆုံးဖြတ်တာပဲ လက်ခံသင့်သည်ဟု ထင်မိ၏။

ပျိုကတော့ အိပ်နေပြီ။

ခေါင်းချတာနှင့် အိပ်ပျော်တတ်တဲ့ မိန်းကလေးဖြစ်သည်။

"မမ ... "

"မမ ... "

"ဟင် ... "

ပျို့အသံကြောင့် မွှန်းအိပ်မောကျနေရာမှ ဆတ်ခနဲနိုးလာရသည်။

"လမ်းလျှောက်မယ်ဆို ... "

"ဟင် ... မိုးလင်းပြီလား ... မမ အိပ်ချင်နေသေးတယ် ... မလိုက်တော့ပါဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ရောလေ … မမက အိပ်ရေးပျက်မှ မခံနိုင်တာဘဲ"

"အင်း … "

"ဦးလေးကြီးတောင် လမ်းမပေါ် ရောက်နေပြီ … "

"ဟင် … "

မွန်းမျက်လုံးတွေကို ပြူးပြဲဖွင့်ပြီး ထမိုကြီးစားမိသည်။

မရ … ။

"မမ အိပ်နေပါ … နောက်နေ့မှ လိုက်နော် … အခု ပျို့သွားပြီ … "

ဗလ လာမည်။

မမကို ထားခဲ့ပြီး ပျို့ အောက်သို့ဆင်းလာခဲ့သည်။

"မွန်းရော ပျို့ … "

"အိပ်ချင်လို့တဲ့ ဦးလေးကြီး … "

"မွန်းက အပျင်းမထူပါဘူး … အိပ်ရေးပျက်လို့ထင်တယ် ပျို့ … "

"ဟုတ်တယ် ဦးလေးကြီး … မမက ဗလကို သိပ်လက်မခံချင်ဘူး … ဘာဖြစ်လို့လည်း မသိဘူးထင်တယ်နော် … "

"မမလက်မခံရင် ပျို့လည်း လက်မခံနဲ့လေ … "

မွန်းကို သူကန့်ကွက်ထား၍ လက်မခံတာဘဲဖြစ်သည်။



ပျို့ကို မချစ်မိဖို့ သူဆုံးဖြတ်ထားပေမဲ့ မရပေ။

မချစ်ဘဲ မနေနိုင်ဘဲဖြစ်နေရသည်။

ပျို့ကို

ချစ်တယ် … ။

မြတ်နိုးတယ်။

ကိုယ် ရယူပိုင်ဆိုင်ချင်တယ်။

"ဦးလေးကြီး … "

"ဟင် … "

"မမကို ပြောပေးပါဦး … ဗလကို လက်ခံလိုက်ဖို့လေ … ပျို့ အမှန်အတိုင်းဝန်ခံရရင် ဗလကို ချစ်တယ် … "

"ဟင် … "

သူ …

လန့်သွားရသည်။

ဗလကို ချစ်တယ်တဲ့။

"ဗလကို ပျို့ စွန့်လွှတ်နိုင်မှာ မဟုတ်ဘူး … "

"မမကမှ သဘောမတူတာဘဲ ပျို့ရယ် … ဘာလို့ စွတ်ထိုးချင်ရတာလဲ … "

"အချစ်ဆိုတာကို ဦးလေးကြီးရော … မမရော သိမှာမဟုတ်ပါဘူးလေ … "

ပျို့ကိုကြည့်ရတာ ရှင်လန်းတက်ကြွမှုပင် မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဗလကို နှစ်သက်ပုံပဲ။

သူ ဘာလုပ်ရမလဲ။

ပျို့ကို ဘယ်လိုနည်းနှင့် အပိုင်သိမ်းပိုက်ရမှန်းပင် မသိတော့။

"ပျို ... "

"ရှင် ... "

"ကားမောင်းသင်မလား ... "

"ပျို့မှာ ကားမှမရှိတာဘဲ ဖေဖေက နေမကောင်းဘူး ... မမအလုပ်ကလည်း အခြေမခိုင်သေးဘူးလေ ... "

"ကိုယ်ရှိပါတယ် ... ပျို ဖြစ်စေချင်တာတွေဖြစ်အောင် လုပ်ပေးမယ် ... "

"ဦးလေးကြီး ... "

"ပြော ... "

"ပျိုလေ ဗလကို မစွန့်လွှတ်နိုင်ဘူး ... "

"ဟင် ... "

ပျို့မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေသည်။

ဗလဆိုတဲ့ ကောင်လေးအပေါ် နှစ်သက်မြတ်နိုးပုံပင်။

ကန်တော်ကြီးစောင်းရောက်တော့ ဗလရောက်နေသည်။





"ဦးလေးကြီး ခဏနော် ... ဗလနဲ့ စကားသွားပြောလိုက်ဦးမယ် ... "

ပျို့ ထွက်လာခဲ့သည်။

ဗလ စောင့်နေ၏။

"ပျို ... "

"ဟင် ... "

"မမရော ... "

"အိပ်ရေးပျက်နေလို့လေ ... မမက အိပ်ရေးပျက်ခံလို့ မရဘူး ... "

"နေပါဦးပျို ... မမက ကိုယ့်ကို လက်မခံတာလား ... "

"မမက ပျို့ကို ငယ်သေးလို့လေ ... အမြန်ကြီးတော့ မဆုံးဖြတ်စေချင်တာပါ ဗလရယ် ... ရှင်က ဘာဖြစ်လို့ အရေးကြီးနေတာလဲ ... "

"ပျို ... "

"ဟင် ... "

"ကိုယ်လည်း ပျို့ကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်တာ"

"ဗလနော် ... ရှင့်အနားမှာ မိန်းကလေးတွေ ဝိုင်းနေတာ ပျို မသိဘူးထင်လို့လား ... "

"ကိုယ်လည်း ကိုယ့်ကိုယ်ကိုယ် မယုံသလိုဘဲ ... ပျို့ကို အရမ်းချစ်နေမိပြီကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



ပျို့လက်လေးကို ဗလက တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

အကြည့်ချင်း ဆုံမိသွားရ၏။

ဗလရယ် ...

ရှင့်ကို ...

ပျို့ ချစ်ပါတယ်။

မမက ဘာကြောင့် လက်မခံရတာလဲ။

"ဟိုနေ့က ကိုယ်နောက်ကျတာ ... တကယ်ပဲ ဒက်ဒီက အရေးကြီးတဲ့ အလုပ်တစ်ခုခိုင်းလို့ပါ ... "

ဗလ တောင်းပန်စကားတွေ ပြောနေတာကိုပင် ပျို့ အားနာမိသည်။

ပျို့ထက်တောင် အဘက်ဘက်က ပြည့်စုံနေတဲ့ မိန်းမချောလေးတွေ ဗလအနားမှာ ရှိနေတာပါပဲ။

"ပျို့ ယုံပါတယ် ... "

"ပျို့ ... "

"ဟင် ... "

"ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင် ... "

"တစ်ပတ်လောက်တော့ ပျို့ကို အချိန်ပေးပါနော် ... ဗလ ဘက်က ချစ်မှန်းသိပါဘယ် ... လောလောဆယ် မအေ နေမကောင်းဖြစ်နေတယ် ... မမ စိတ်ရှုပ်နေလို့ပါ ... "





"ပျို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူး ပျို့နှုတ်ခမ်းလေးက ချစ်ပါတယ်လို့ ပြောတဲ့အထိ ... ကိုယ် စောင့်နေမယ်နော် ... "

"အင်း ... "

စကားကို အမြန်ဖြတ်ပြီး ဦးလေးကြီးကို အားနာ၍ ပြန်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဖလဆိုတဲ့ကောင်လေးကို ပျို့ချစ်နေပြီ။

သူ ...

ဘာဆက်လုပ်ရမလဲ။

ပျို့ကို အစွဲလမ်းကြီး စွဲလမ်းနှစ်သက်နေတာတော့ ဝန်ခံရမည်ဖြစ်သည်။

ချစ်တယ် ...

မင်းကို ချစ်တယ် ပျို့ ... ။

ဘယ်လိုရင်ဖွင့်ပြရမလဲ။

သူ့အပေါ် သံယောဇဉ်တွယ်အောင် ... ဘယ်လို အထောက်အထားပြရမလဲ။





ပျို့ သံယောဇဉ်တွေကိုရအောင်ယူရမှာပဲဖြစ်သည်။

"ပျို့ ... "

"ဟင် ... "

"ပြန်ကြမယ် ... "

ပျို့မျက်နှာလေးက ညှိုးနွမ်းနေသယောင် ဖြစ်နေသည်။

ဖလကို စွဲလမ်းနေ၏။

ချေဖျက်ပစ်ရမယ်။

ကိုယ့်အချစ်တွေကို မင်းအသိအမှတ်ပြုစေရမယ်။

"ဦးလေးကြီး ... "

"ပြော ... "

"မမကို ပြောပေးပါနော် ... ဖလနဲ့ ပျို့ အရမ်းချစ်နေမိကြပြီလို့ လက်ခံဖို့လေ ... "

သူကိုယ်တိုင်က မွန်းကို ကျပ်ထား၍ လက်မခံခြင်းသည်။

"မွန်းကမှ လက်မခံတာဘဲ ပျို့ရယ် ... ဘာလို့စဉ်းစားမှာလဲ ပျို့ အဖြေပေးလိုက်ပြီလား ... "

"ဟင့်အင်း ... "

"နေဦးလေ ... မွန်းမှ လက်မခံသေးတာဘဲ ... "

"စိတ်ညစ်လိုက်တာ ဦးလေးကြီးရယ် ... ဖလရဲ့အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ဆိုတာ မဟာကံထူးရှင်ပဲ ရနိုင်တာပါ ... ”

သူ ...

ဗလကို အားကျလာမိသည်။

ငွေကြေးချမ်းသာတာချင်း၊ ပညာတတ်ချင်း၊ သူ
သာပေမဲ့ ငယ်ရွယ်နုပျိုခြင်းတော့ မယှဉ်နိုင်ပေ။

ပျိုကတော့ ဗလကို နှစ်သက်နေပြီ။

ဘယ်လိုတားဆီးရမလဲ။

“ပျို ... ”

“ဟင် ... ”

“ကားမောင်းသင်ရအောင် ... ”

“ပျိုမသင်ချင်ပါဘူး ... စိတ်ထဲမှာ ရှုပ်ထွေးနေလို့ ... ”

ပျော်ရွှင်သွက်လက်စွာ နေတတ်တဲ့ ပျို။

မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေသည်။

“ဦးလေးကြီးက ပျို့ကို စိတ်ချမ်းသာစေချင်တယ်ဆို —

“အင်း ... ”

“ပျိုအချစ်ရေးမှာ ကူညီပါလား ... ”

ပျို ...

ကိုယ်က ပျို့ကို ထာဝရစိတ်ချမ်းသာအောင် ထား
နိုင်တာပါ။

အဲဒါ ပျိုသိရဲ့လား။





“ဗလကို ပျိုလေ ... ”

“ပျို ... ဒါတွေမပြောနဲ့တော့ ... ဘာမှလည်း မစဉ်းစားနဲ့
ပျို ... ကားနဲ့ သင်ပေးမယ် ... ”

“ဟင့်အင်း ... ”

“မွန်းကမှ သဘောမတူတာဘဲ ဘာလို့ရှေ့ဆက်တိုးမှာလဲ
ပျို နောက်ဆုတ်လိုက်တော့ ... ”

“ဟင် ... မဖြစ်ဘူးနော် ... ပျိုက ဗလလိုချင်နေတာ”

ထိုစကားကို သူ လုံးဝမကြားချင်တော့ပေ။

“သွားစို့ ... ”

သူ ...

ပြန်လာခဲ့သည်။

ပျို ...

ခြေလှမ်းတွေ နှေးကွေးစွာဖြင့် လှေကားထစ်တွေ
အတိုင်း တက်နေသည်။

သူ ဘာပြောရတော့မလဲ။

“ပျို ... ”

“ရှင် ... ”

“ကားမောင်းသင်မယ်ဆိုရင် ... ဦးလေးကြီးကားပေးမယ်
လေ ... ”

“ဟင့်အင်း ... ”



www.burmeseclassic.com

www.burmeseclassic.com



သူမ ...

တက်သွားသည်။

သူ အခန်းထဲ ဝင်လာခဲ့၏။

"အဲဒါစရိ ... "

"ဟင် ... "

"မျက်နှာမကောင်းပါလား ... ကေနှုတော့ မသော်သော်မွန်း မပါလို့ထင်တယ် ... "

ပျိုနှင့် အဆင်မပြေတာကို မြခိုင်မသိပေ။

"သော်သော်မွန်းကတော့ ဘုရားရှိခိုးနေတယ် ... "

ရုံးသွားဖို့အတွက် ပြင်ဆင်နေမိသည်။

ပျို ...

မင်းကို ပေးဆပ်ချင်တယ်။

စည်းစိမ်ဥစ္စာတွေကို မင်းခံစားစေချင်တယ်ကွာ

ကိုယ့်စေတနာတွေကို မင်းသိအောင် ဘယ်လိုလု ရမလဲ။

ရုံးသွားဖို့ ပြင်ဆင်နေမိသည်။

သော်သော်မွန်းကိုပဲ စဉ်းစားသင့်တာပါ။

ဘယ်လိုမှစဉ်းစားလို့မရ။

သော်သော်မွန်းကို မချစ်ပေ။

ဘယ်လိုမှ ချစ်မရ ...





ပျိုပဲ ... ။

ဒီမိန်းကလေးက သူ့ဖူးစာရှင်များလား။

စပြီး တွေ့တွေ့ချင်းပဲ ပျို့ကို ချစ်ခင်နှစ်သက်သွားရသည်။

"ကျော်ရေ ... "

ပျို့မမ သော်တာမွန်းရဲ့အသံပဲဖြစ်နေသည်။

သူ အပြင်ထွက်လာခဲ့၏။

"မွန်း ... "

"ပျို မှိုင်နေတယ် မျက်နှာသိပ်မကောင်းဘူး ကျော် ... ဘာဖြစ်လာလို့လဲ ... "

"ဗလဆိုတဲ့ကောင်လေးကြောင့်ထင်တယ် မွန်း ... မနက်က လာတယ်လေ ... ဒီကောင်လေးက ပျို့ကို အရမ်းလွှမ်းမိုးနေတယ် ... "

"မွန်း ဘယ်လိုလုပ်ရမလဲ ... ပျို စိတ်ညစ်နေတာလည်း မွန်း လုံးဝမကြည့်ရက်ဘူးလေ ... "

"လူငယ်တွေကို သိပ်အလိုမလိုက်နဲ့ ... ပျို တစ်ခုခုဖြစ်သွားမှာ စိုးရိမ်ရတယ် မွန်း ... ဗလက ခေတ်လူငယ် အရမ်းခေတ်ရှေ့ပြေးလွန်းတယ် ... "

"ကျော်က သဘောမတွေ့တော့ မွန်းလည်းလက်ခံရခက်နေတယ်လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတယ်လို့ ပျို့ကို သွားမပြောနဲ့နော် မွန်း ... "

"အင်းပါ ... "

"ပျို့ကို စိတ်မချလို့ပါ ... ငယ်သေးတယ်လေ ... ဗလက လည်း ငယ်တယ် ... တော်ကြာ ပျို့ ဒုက္ခရောက်ရလိမ့်မယ် မွန်း ... "

"ဟုတ်တယ် ကျော် ... ပျို့ချစ်သူတွေ ဘာတွေ မထားသင့် သေးပါဘူး ... မွန်းတားဆီးမယ် ... "

ကျော့်စကားတစ်ခွန်းက မွန်း လိုက်နာလုပ်ဆောင် ရမည့် စကားဟုသာ သတ်မှတ်ထားမိသည်။

"ဗလကို မိန်းကလေးတွေ အတော်များများက စိတ်ဝင်စား ကြတယ်လေ ... ပျို့အနာဂတ်အတွက် အလားအလာ မကောင်းဘူး ... "

"ပျို့က စိတ်ညစ်နေတယ် ... အိပ်ရာထဲမှာ ခွေနေလို့ အမြဲ တမ်း သွက်လက်ဖျတ်လတ်ပြီး ပျော်နေတဲ့ ညီမလေးပါ"

ညီမလေးကိုကြည့်ပြီး မွန်းစိတ်မကောင်းဖြစ်ရသည်

အမြဲတမ်း ...

ပျော်ရွှင်သွက်လက်နေတတ်တဲ့ ပျို့ပါ။

"မွန်းကတော့ ပျို့ကို စိတ်ချမ်းသာစေချင်တာပါပဲ ... "

"မွန်း ... "

"ဟင် ... "





"ပျို့ကိုချစ်တယ် မဟုတ်လား ... "

"အင်း ... "

"ချစ်ရင် ပျို့ကို နည်းနည်းတော့စည်းကမ်း တင်းကျပ်ထားမှ ပေါ့ ... ဗလနဲ့ လုံးဝသဘောမတူနဲ့ ... "

"ကျော်ဖျောင်းဖျပါဦး...မွန်းကတော့ စိတ်ညစ်နေပြီ ကျော်"

"ခဏပါ မွန်း ... အမှန်တရားဆိုတာ နောက်မှပေါ်လာမှာ ပါ ... "

"မွန်းကတော့ ဝင့်လည်မှာလည်း ကြောက်သေးပါတယ် နော် ... သူများချစ်ချင်းကို မခွဲချင်ပါဘူး ... "

ပျို့ ...

ဝင့်လည်ရင်လည်း မတတ်နိုင်ဘူး။

ကိုယ်ကတော့ ဗလနဲ့ ပျို့တို့ချစ်ချင်းကို ခွဲရမှာပဲ။

"ပျို့ကို ဖျောင်းဖျပါဦး ... "

"ကိုယ့်တာဝန်ထားပါ ... မွန်းကသာ လက်မခံနဲ့ ... ဖွတ် ပါကန့်ကွက် ... "

"မေမေရှိစေချင်တယ် ... ပျို့ကိစ္စ မေမေ့ဆီကို ဖုန်းဆက်ပြီး ပြောရင်ကောင်းမယ် ... "

"ဘာမှမဟုတ်သေးပါဘူး ... ဖုန်းဆက်မပြောပါနဲ့ ... လူကြီး တွေ စိတ်ဆင်းရဲသွားမယ်လေ ... "

"ကျော် မွန်းကိုကူညီပါဦးနော် ... "



www.burmeseclassic.com

www.burmeseclassic.com



"မွန်း ... "

"ဟင် ... "

"ကိုယ့်ကြောင့်လို့ မပြောနဲ့နော် ... ဒီကိစ္စက မိသားစုဝင်တွေ ကန့်ကွက်တာ ကောင်းတယ် ... "

"အင်းပါ ... "

"ကိုယ်ဝင်ပါလို့ မကောင်းဘူးလေ ... မွန်းအသာနေ ပျို့အားလုံးမေ့ပျောက်သွားအောင် ကိုယ်ကြိုးစားမယ် ... "

"ကျော့်ကိုပဲ အားကိုးရတော့မှာပါပဲ ... မွန်းတစ်ယောက်တည်း ပစ်မထားပါနဲ့နော် ... "

"စိတ်ချပါ မွန်း ... ပျို့ကောင်းစားရေးအတွက်ပဲဟာ ... ဒီလောက်တော့ လူကြီးတွေက အနစ်နာခံပေးရမှာပဲ ... "

"ကျော် ... "

"ပြော ... "

"ပျို့ကတော့ ဗလဆိုတဲ့ကောင်လေးက ပျို့ကို တကယ်ပဲ ချစ်မြတ်နိုးတာပါလို့ ပြောနေတယ် ... "

"မွန်းရာ ... ပျို့ကတော့ ပြောမှာပေါ့ ... ဗလကို ကိုယ်တော့ မယုံဘူး ... "

"အင်းလေ ... မွန်းတို့က ရန်ကုန်ကိုအခုမှရောက်တာပဲဟာ ကျော်က ပိုပြီးသိမှာပေါ့နော် ... "

"ကိုယ်ရုံးသွားတော့မယ် ... "





"ပျို့ကိုတော့ မွန်း အပြတ်သားဆုံး ပြောရမှာပဲ ... "

"မွန်းပြောထားပါ ... ပျို့ စိတ်ပြေသွားအောင် ကိုယ်စွမ်းဆောင်ပေးနိုင်ပါတယ် ... "

မွန်း ပြန်သွားသည်။

ပျို့ ...

မင်းအတွက်ပါ။

ဗလထက် ကိုယ်က မင်းရဲ့ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်မှာပါ။

ရုံးရောက်လာသည်။

ပျို့ကို ဘယ်လိုပျော်ရွှင်အောင်ထားရမလဲဆိုတာပဲ စဉ်းစားနေမိ၏။

"တီ ... တီ ... "

"တီ ... တီ ... "

သူ့ဟာမ်းဖုန်းက မြည်လာ၍ ဖွင့်နားထောင်လိုက်သည်။

"ဟဲလို ... "

"ဦးလေးကြီးလား ... "

"ဟင် ... "

ဗလ ...

"ဟဲလို ... ဦးလေးကြီးလား ... အဲ အစ်ကိုလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဗလ … ပြောပါ … "

"အစ်ကို … "

"ပြော … "

"ပျို့နဲ့ပတ်သက်ပြီး ပြောစရာရှိလို့ပါ … "

"ပြောလေ ဗလ … ဘာပြောစရာရှိလို့လဲ ပြောပါ … "

"ပျို့က … လူကြီးတွေကို သဘောမကျသလို ဖြစ်နေလို့ ကျွန်တော့်မှာ ဘာချို့ယွင်းချက်များရှိလို့လဲလို့ … အစ်ကိုက သိချင်သိမှာပေါ့လေ … "

"ကိုယ်တော့မသိဘူး ဗလ … ပျို့ကို ငယ်သေးလို့ဖြစ်မှာပေါ့ … မင်းလည်း စာကြိုးစားပါဦး … ငယ်ပါသေးတယ် ဗလရာ … "

"အစ်ကိုကလည်း … အခုခေတ်မှာ မဆန်းပါဘူး … ပျို့ကို တကယ်ချစ်တာပါ … သံသယမရှိနဲ့နော် … ကျွန်တော့်နှလုံးသားတွေထဲကနေ ချစ်တာပါ … "

"ပျို့ဘက်ကမှ လက်မခံတာဘဲ … လူကြီးတွေကတော့ ငယ်သေးတယ်လို့ ထင်ကြမှာပဲလေ … "

"အစ်ကိုဝင်ပြီး ဖျောင်းဖျပေးပါဦး … ကျွန်တော်တောင်းပန်ပါတယ် … ပျို့ကို ကျွန်တော်ချစ်တယ်ဗျာ … အရမ်းချစ်တယ် … ပျို့ဘက်က အမြဲတမ်းပျော်ရွှင်တက်ကြွမှုတွေ ပျောက်ဆုံးသွားသလိုပဲ … "





"ဗလ … "

"ပြောပါ အစ်ကို … "

"လောလောဆယ်တော့ ပျို့ကို မနှောင့်ယှက်ပါနဲ့ကွာ … ပျို့ဖေဖေကလည်း နေမကောင်းဘူး … ပျို့မမက တစ်ယောက်တည်းဖြစ်နေတာလေ … "

"ဟုတ်ကဲ့ပါ အခုဟာက ကျွန်တော် ရှင်းပြတာပါ … ပျို့ကို ကျွန်တော်ချစ်တယ် … ဘယ်တော့မှ အဆုံးရှုံးမခံနိုင်ပါဘူး"

"ဗလရေ … အစ်ကို အစည်းအဝေးရှိလို့ကွ … နောက်မှ ပြောမယ်နော် … "

ဖုန်းကို ပိတ်ပစ်လိုက်မိသည်။

မပြောချင်တော့။

မင်း ပျို့ကို အဆုံးရှုံးမခံနိုင်သလို ကိုယ်လည်း မခံနိုင်ဘူး ဗလရေ။

ပျို့ကို ပိုင်ဆိုင်ဖို့ အစွမ်းကုန် ကြိုးစားရမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

“ပျို့လား ... ”
“ဟုတ်တယ် ဦးလေးကြီး ... ”
“အသံက ပျော့နေပါလား ... ဘာဖြစ်လို့လဲ ... ”
“ဘာမှမဖြစ်ပါဘူး ... ပျို့ စိတ်ညစ်နေလို့ ... ”
“အဲဒါကြောင့် ပျို့ကို ဖုန်းဆက်ခေါ်တာလေ ... ”
“ဦးလေးကြီးဆီကို လာခဲ့ပါလား ... ”
“ဦးလေးကြီးက ရုံးမှာလားဟင် ... ”
“ဟုတ်တယ် ... အငှားကားနဲ့ လာခဲ့လေ ... ရုံးကိုပဲ လာခဲ့ ပျို့ကို ပျော်စရာတွေ ဖန်တီးပေးမလို့ ... ”
“အင်း ... လာခဲ့မယ်လေ ... ”





“ဒါပဲနော် ... ”
“ဟုတ် ... ”

ပျို့ ဖုန်းကိုပိတ်ပြီး မမမွန်းရှိနေတဲ့ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

“မမ ... ပျို့ အပြင်ထွက်မလို့ ... ”
“ဟင် ... ဘယ်သွားမလို့လဲ ပျို့ ... ”
“ဦးလေးကြီးဆီပါ ... ဖုန်းဆက်ခေါ်လို့ ... ”
“ဟုတ်လား ... ဒါဆိုရင် အတော်ပဲ ... မမလည်း လိုက်မယ်လေ ... ကျော့်ရုံးကို မရောက်ဘူးတာနဲ့ အတော်ပဲ ... ”
“လိုက်ခဲ့လေ ... ”
“မမအဝတ်အစား လဲလိုက်ဦးမယ် ... ”

ကျော် ...
မွန်းကိုတော့ ဖုန်းဆက်မခေါ်ဘူး။
ရှင်က ပျို့ကိုပဲ ဖားနေတာပေါ့လေ။
မွန်းကိုရှိဖို့ ပျို့ကို အစိကလို့ထင်နေတယ် မဟုတ်လား။

“မမ ... ”
“ဟင် ... ”
“အပျံစားပါပဲလား ... ”
“အပြင်သွားတာ ဒီလောက်တော့ ပြင်ဆင်ရမှာပဲလေ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီးဆီသွားမှာမို့ မဟုတ်လား ... "

"ဟုတ်နော် ... "

"မမ ... "

"ပြော ... "

"ဦးလေးကြီးကို ချစ်လား ... "

"ကျော့်ကိုရဖို့က မမရဲ့မျှော်လင့်ချက်တစ်ခု ဖြစ်ခဲ့ဖူးတယ်လေ ... "

"ဖိုလည်း ဒီလိုပဲပေါ့ မမရဲ့ ... ဖို့ကို ကိုယ်ချင်းစာပါလား လို့ ... "

ကျော်က ကန့်ကွက်နေလို့ မမကန့်ကွက်ရတာပါဟု မပြောချင်။

မှုန်းဘက်ကကျော့်ကိုဘယ်လောက်အလေးအနက်ထားကြောင်း ပြရမည်။

ဖို့ကို ပြောမပြတော့။

"ဗလကိုတော့ ညီမလေး ဘယ်နည်းနဲ့မှ ချစ်သူအဖြစ် ရွေးချယ်ဖို့ မစဉ်းစားပါနဲ့နော် ... "

"ဖိုက အရမ်းချစ်နေမိပြီဆိုရင်ရော ... "

"ဖို ... "

"ဗလကို ဖိုလည်း မျှော်လင့်ခဲ့ရတာပါ မမ ... ဦးလေးကြီးကို မမမျှော်လင့်သလိုပဲပေါ့ ... "





ဖိုရယ် ...

မမ ကိုယ်ချင်းစာပါတယ်။

ညီမလေးကမှ ကံကောင်းပါသေးတယ်။

မမကို ကျော်က စိတ်ဝင်စားတဲ့အရိပ်အယောင်လေးတောင် မပြခဲ့ပါဘူး။

ချစ်တယ်လို့ပြောဖို့ ဝေလာဝေးရော ...

မိတ်ဆွေသူငယ်ချင်းအဆင့်ထက်တောင် မကျော်ခဲ့ပါဘူး။

အခုမှ ...

နည်းနည်းလေး စိတ်ဝင်စားသလို ဖြစ်လာရတာပါ။

"သွားစို့ မမ ... "

ဖို ရှေ့မှဆင်းသွားသည်။

မှုန်းအား စိတ်မဆိုးသော်လည်း ဖို့မျက်နှာလေးက ရွှင်လန်းတော့။

ခွင့်လွှတ်လိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

ကျော်ကမှ လက်မခံတာ။

ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကျော်လက်မခံရင် မှုန်းလည်း လက်မခံဘူး။

ကျော့်ရုံးကို ရောက်သွားသည်။



www.burmeseclassic.com

"မမကပါ လိုက်ခဲ့မယ်ဆိုလို့လေ ဦးလေးကြီး ... အဟဲ ... ဦးလေးကြီး သဘောကျတယ် မဟုတ်လား ... "

ပျို့က ရယ်ကျဲကျဲနှင့် မွန်းမသိအောင် သူ့အနားကပ်ပြောသည်။

ဒုက္ခပါပဲ။

သူက ပျို့နဲ့နေမလို့။

ကားမောင်းလိုက်သင်ပေးမလို့ ခေါ်လိုက်တာပါ။

"ဒါဆိုရင်တော့ တစ်ခုခုသွားစားရအောင် ... ကိုယ်က ပျို့ကို ခေါ်တာ ကားမောင်းသင်ပေးမလို့ပါ ... "

"မွန်းကတော့ ကားမမောင်းရဲဘူး ကျော်ရေ ... ပျို့ကိုပဲ သင်ပေးပါ ... "

"ပျို့ သင်မယ်လေ ... "

"အခုတော့ တစ်ခုခုသွားစားကြရအောင် ... "

သူ ...

စိတ်ပျက်မိသည်။

မွန်းက နေရာတကာ ပါနေသလိုပဲဖြစ်နေ၏။

ပျို့နဲ့ လွတ်လွတ်လပ်လပ်ကို မတွေ့ရပါဘူး။

စားသောက်ဆိုင်ကို သွားကြသည်။

သူ့စိတ်ကူးယဉ်မှုတွေ လုံးဝပျောက်ကွယ်သွားမိသလိုပင်။





မွန်း ... မင်းကိုငါမချစ်ဘူး။

စိတ်ထဲမှာတောင် စိတ်ကူးလို့မရခဲ့ဘူးကွာ။

ကိုယ်ချစ်တာက ပျို့ပဲ။

ပျို့ကို လက်လွှတ်ဆုံးရှုံးမခံနိုင်လောက်အောင်ပဲ။

စားသောက်ဆိုင်ကိုရောက်တော့ ဗလ ဖုန်းဆက်တဲ့အကြောင်း ပျို့အားပြောပြလိုက်မိသည်။

ကိုယ် ...

သဘောကောင်းချင်ယောင်ဆောင်ရမှာပဲဖြစ်သည်။

"ဗလက ဦးလေးကြီးဆီကို ဖုန်းဆက်တယ် မဟုတ်လား ဘာပြောလဲဟင် ... "

ပျို့စိတ်ဝင်တစားနှင့် အမောတကော မေးနေတော့သည်။

"ပျို့ကို ချစ်တဲ့အကြောင်းတွေပေါ့ ... ကိုယ့်ကို ပြောပေးဖို့လေ ... "

"ပျို့ကို ဗလ တကယ်ပဲချစ်မြတ်နိုးတာပါ ဦးလေးကြီးရယ် မမက လက်မခံဘူးဖြစ်နေတယ်လေ ... "

"ပျို့ဘက်က တင်းမာလိုက်လို့ ဗလဟာ အသည်းအသန် လိုက်လာရတာပဲလေ ... "

"ပျို့ကတော့ အိုက်တင်ခံလွန်းရင် ... တခြားတစ်ယောက်နောက် ပါသွားမှာ အရမ်းစိတ်ပူတာပဲ ဦးလေးကြီး ... "

www.burmeseclassic.com



ဖျို ...

ဗလကို အတော်ချစ်တာပဲ။

နှစ်ယောက်လုံးက ကြီးမားတဲ့ ချစ်ခြင်းမေတ္တာ
နှင့် ချစ်နေကြသည်။

သူ စိတ်ခတ်ကျသွားရ၏။

ဖျို့ကိုချစ်တယ်။

ရင်ထဲမှာ ဘယ်လိုမှ ပယ်ဖျက်လို့မရနိုင်တဲ့ အချစ်
ပဲ။

ကိုယ် ဘယ်လိုလုပ်ရမလဲ။

"ဦးလေးကြီး ... "

"ဟင် ... "

"မမကို ဦးလေးကြီးက ပိုင်ပါတယ်နော် ... လက်ခံလာ
အောင် ပြောပေးပါလားဟင် ... "

ဖျို့ရဲ့တောင်းပန်တိုးလျှိုးနေတဲ့အသံလေးကို ကြား
နေရသည်။

မင်း ဗလကို ဒီလောက်တောင်မှပဲ ချစ်လား ဖျို
ရယ် ... ။

"ဖျိုနော် ... မမ လုံးဝလက်မခံဘူး ... ကျော်ပြောလည်း
မရဘူး ... ဗလနဲ့ လုံးဝသဘောမတူဘူး ... မမစကားတွေ
ကို ဖျို နားထောင်ရမယ် ... ဒါပဲ ... "





"ဦးလေးကြီးပြောတာလည်း နားထောင်ပါဦးမမရဲ့ ... နော်
ဦးလေးကြီး ... ဗလနဲ့ ဖျို့ကို သဘောတူတယ် မဟုတ်
လားဟင် ... "

ဖျိုက သူ့ဘက် မျက်စိမှိတ်ပြပြီး ပြောနေသည်။

ကိုယ် အဖြေရခက်နေ၏။

အဖြေမထွက်။

"မရဘူး ဖျို ... မရဘူး ... ဖျို ငယ်သေးတယ် ... ချစ်သူလုံးဝ
မထားရဘူး ... "

ကျော့်ရဲ့မျက်လုံးအမိပ္ပါယ်တွေကို မှန်းသိနေသည်။

လက်မခံချင်တဲ့သဘောပဲ။

ဖျို့စကားတွေ အားလုံးကို မှန်းပယ်ချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

သူ ...

သူ့ကို ချစ်သင့်လား။

မချစ်သင့်ဘူး။

သူ့ရဲ့ဂုဏ်သိက္ခာတွေအတွက် ပျို့ဆိုတဲ့ကောင်မလေးကို မချစ်သင့်ဘူး။

ကျော်ကျော်မောင် ...

မင်း ...

ဘာဖြစ်နေတာလဲ။

စဉ်းစားဆင်ခြင်တုံ့တရားတွေ ကင်းမဲ့လိုက်တာ တော်ပြီ။





ပျို့ကိုရှောင်မယ်။

မင်းချစ်မြတ်နိုးသင့်တာက မွန်းပဲ။

မွန်းကို လက်ထပ်သင့်တယ်။

အိမ်ရှင်မပီသပြီး အဘက်ဘက်က ပြည့်ဝနေတဲ့ မိန်းကလေး။

ရုပ်ရည်ကလည်း ချောမောသည်။

မင်းနဲ့ အလိုက်ဖက်ဆုံး မိန်းကလေးတစ်ယောက်ပဲ ကျော်ကျော်မောင်။

ပျို့ကို မချစ်မိဖို့ သူ ကြိုးစားရမည်။

"ဟင်း ... "

သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်ပစ်လိုက်ရသည်။

ပျို့ ...

ကိုယ့်နှလုံးသားတွေကို ကိုယ်အရမ်းအံ့သြမိနေတယ်။

နှလုံးသားတွေထဲမှာ ခံစားလို့ရတာ ပျို့ပဲဖြစ်နေသည်။

ဗလကို မနားလိုဝန်တိုဖြစ်နေရ၏။

ဒီကောင်လေးကို ဘယ်လိုယှဉ်ရမလဲ။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလူတွေနဲ့ ဘယ်လိုရင်ဆိုင်မလဲ။

လူးလိမ့်နေမိသည်။

ပျို့ကို ချစ်နေမိ၏။

ဘယ်လိုဖျောက်ဖျက်ရမလဲ။

ပျိုရယ် ...

ဦးလေးကြီး ခံစားနေရပြီ။

ဘယ်လိုမှ ဖြေဖျောက်လို့မရအောင် ဖြစ်နေရပြီ လေ။

ပျို့ကို ချစ်တယ်။

အရမ်းချစ်တယ်။

မြတ်နိုးတယ်။

ပိုင်ဆိုင်ချင်တယ်။

မဖြစ်နိုင်ဘူး။

ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးတစ်ယောက်အတွက် မင်္ဂလာသိက္ခာတွေ အကျခံတော့မလား။

မဟုတ်သေးပါဘူး။

ပျိုက ဗလကိုပဲ ရွေးချယ်မယ်။

သူ ...

ရင်ဖွင့်လိုက်ရင် ကောင်းမလား။

ပျို့ကို ရှောင်နေတာက အကောင်းဆုံးပါပဲလေ။





မထတော့။

ကျန်းမာရေးလေ့ကျင့်ခန်းတွေလည်း မလုပ်တော့ပါဘူး။

ပေအိပ်နေမိသည်။

"အာစရိ ... "

"အာစရိ ... "

"အာစရိ ... "

"ဟင် ... "

မြနိုင်အသံပဲ။

"ငါမထတော့ဘူးကွာ ... "

"ဟင် ... အာစရိ နေမကောင်းလို့လား အပြင်မှာ ပျိုရောက်နေတယ် ... အာစရိကို စောင့်နေတယ် ... "

"ဟင် ... "

ပျိုစောင့်နေတယ်ဆိုတော့ သူပျာပျာသလဲ ထလိုက်သည်။

မတွေ့ရင် မနေနိုင်တော့ဘူး။

ပျိုဆိုတဲ့ နာမည်လေးကြားရုံနှင့် သူ့စိတ်တွေ မမာကျောနိုင်တော့ပေ။

ထလိုက်သည်။

တံခါးဖွင့်ပေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အာစရိ ... နေမကောင်းဘူးလား ... "
"ကောင်းပါတယ် ... "
"ဧည့်ခန်းထဲမှာ ပျိုစောင့်နေတယ် ... "
"မွန်းရော ... "
"မပါဘူး ... "

တော်ပါသေးရဲ့ဟု သူ့စိတ်က ထင်လိုက်မိသည်။

ပျိုနဲ့ပဲ နှစ်ယောက်တည်း သွားချင်တာ။

"ခဏစောင့်လို့ ပြောနော် ... "
"ဟုတ်ကဲ့ ... "

သူ ...

မျက်နှာသစ် ကိုယ်လက်သန့်ရှင်းရေး လုပ်နေမိသည်။

အဝတ်အစားတွေကိုလည်း နပျိုစေမဲ့ အဆင်အသွေးတွေကို ရွေးဝတ်ရ၏။

ဗလနဲ့ ယှဉ်ပြိုင်ရမှာပါ။

အဝတ်အစားလဲပြီး အပြင်သို့ ထွက်လာခဲ့မိသည်။

"ဦးလေးကြီး အိပ်ပုပ်ကြီးနေပြန်ပြီလား ... ညဘက် အလုပ်တွေ လုပ်ပြန်ပြီထင်တယ် ... "
"အင်း ... "
"သွားမယ်လေ ... "





"မွန်းရော ... "

သူ ...

မကောင်းတတ်၍ မွန်းကို မေးလိုက်မိသည်။

"မမက မထနိုင်ဘူး ... ညကအိပ်လို့မပျော်ဘူးတဲ့ ... "
"မွန်းလည်း အိပ်ပုပ်ကြီးတာပဲ ... "
"ဦးလေးကြီးက တကယ့်ကို နပျိုလန်းဆန်းနေတာပဲ ... ပျိုကြောင့်နော် ... "
"ဟုတ်ပါတယ်ဗျာ ... "
"ဦးလေးကြီး ... "
"ဟင် ... "
"ပျို့ကို ကားမောင်းသင်ပေးလေ ... "
"သင်ပေးမယ် ... ဒီမနက်ပဲ သင်ကြရအောင် ... "
"ဦးလေးကြီး ကျေးဇူးတွေကို ပျိုမမေ့ပါဘူး ... လိုချင်တာရှိရင်လည်း ပြောနော် ... ပျိုတို့အိမ်က ဦးလေးကြီးလိုအပ်တာ ယူနိုင်တယ် ... "

မမွန်းကို ချစ်တယ်လို့ မပြောရဲမှာဆိုး၍ ရေလာမြောင်းပေး စကားတွေ ပြောလိုက်မိသည်။

ဦးလေးကြီးနဲ့ မမွန်း အရမ်းလိုက်ဖက်မှာပဲဟု ထင်မိ၏။

ပျို အောင်သွယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းချင်တယ်။

ဗလ အထင်သေးမှာကိုလည်း ပျို့ စိတ်ပူနေမိသည်။

ကားမောင်းသင်မယ်။

ပျို့ကိုယ်တိုင်ကားမောင်းပြီး သွားလာချင်မိသည်။

"ဦးလေးကြီးကူညီတာကို အရမ်းကျေးဇူးတင်တာပဲ ... ဦးလေးကြီးကိုသာ ဆွေမျိုးတော်ရရင် အရမ်းကောင်းမှာပဲ"

"ပျို့ ..."

"ရှင် ..."

"တကယ်ပဲ ဦးလေးကြီးကို အမျိုးတော်ချင်တာလား ..."

"အင်း ..."

မင်းအစ်မနဲ့ သဘောတူနေတာ မဟုတ်လား ပျို့ရယ်။

ကိုယ်ချစ်တာက မင်းပဲ။

"ဦးလေးကြီး ရင်ထဲမှာ ဘာတွေရှိနေလဲ ပြောလေ ... အားမနာနဲ့ ... ပျို့ ကူညီမယ် ..."

"နောက်မှပြောမယ်ကွာ ... ဦးလေးကြီး ဘာပဲတောင်းဆို တောင်းဆို ပျို့က တကယ်ပေးမှာနော် ..."

"အင်းပါ ... ဦးလေးကြီးကျေးဇူးတွေက ဒီလောက်များတာပဲ ... ဆပ်လို့တောင် မကုန်ပါဘူး ... ဦးလေးကြီးရယ်"

ပျို့ ...





ဦးလေးကြီးလို့ မခေါ်ပါနဲ့ကွာ။

ကိုကိုလို့ပြောင်းပြီး ခေါ်ပါလား။

သူ ...

ပြောချင်နေမိသည်။

နှုတ်ခမ်းတွေက လှုပ်ရှားလို့မရ။

ပြောလိုက်လို့ ပျို့စိတ်ဆိုးသွားမှာလည်း စိတ်ပူနေမိသည်။

မပြောဖြစ်တော့။

ပျို့ကိုပဲ ကားမောင်းသင်ပေးမိသည်။

"ဦးလေးကြီး ..."

"ဟင် ..."

"ကန်တော်ကြီးစောင်းဘက် မောင်းမယ်နော် ..."

ဗလရှိနေ၍ ပျို့သွားချင်နေတာ သိနေသည်။

မနက်စောစော ...

ကားကရှင်းနေ၍ ပျို့ကို သေသေချာချာ သင်ပေးနေမိသည်။

"ကန်တော်ကြီးစောင်းမှာ ဗလစောင့်နေလိမ့်မယ် ... ကျွန်မတွေ့ချင်လို့ ..."

ဗလကို မတွေ့ရဘူးလို့ သူပြောလိုက်ချင်မိသည်။

ပျို့စိတ်တွေ အနှောင့်အယှက်ဖြစ်မှာလည်းစိုးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး ... "
"ဟင် ... "
"ဗလနဲ့တွေ့တာ မမမွှန်းကို လုံးဝမပြောနဲ့နော် ... "
"ပျို ... "
"ရှင် ... "
"မမကမှ သဘောမတူတာဘဲနော် ... "
"ဗလကို ပျိုချစ်မိနေပြီ ဦးလေးကြီးရယ် ... "
"ဟင် ... "
"ဗလမှာ ဘာအပြစ်မှမရှိနိုင်ပါဘူး ဦးလေးကြီးရယ် ... ပျို့ကို တကယ်ချစ်တာပါ ... ပျိုယုံတယ် ... ဗလ ဘယ်မိန်းကလေးကိုမှ ဒီလောက်အောက်ကျတာမျိုး မရှိပါဘူး"

ပျိုကတော့ ဗလကို ငြင်းဆန်ဖို့ မစဉ်းစားပေ။

မမ ...

ဘာဖြစ်လို့ လက်မခံရတာလဲ။

ဗလက အဘက်ဘက်က ပြည့်စုံနေတဲ့ယောကျ်ားလေးပဲ။

"ဗလကို ဘာဖြစ်လို့ လက်မခံချင်ရတာလဲ ... "
"လူတွေက မသင့်တော်လို့ လက်မခံတာဘဲ ... ပျို့ခေါင်းထဲမှာ မထားပါနဲ့ ... "
"ဗလကို ပျိုချစ်တယ် ... ဘယ်လိုမှ အဝေးမခံနိုင်တာပါ"





ပျို့စကားတွေကို သူဘယ်လိုချေဖျက်ရမှန်းပင် မသိတော့။

ဗလနှင့် ကွဲသွားအောင် လုပ်ဖို့ ခက်နေသည်။

သူ့အချစ်တွေကို ရင်ဖွင့်ပြီး ပြောလိုက်ရမလား။

တွန့်ဆုတ်နေမိသည်။

ပျို လက်မခံမှာကိုဘဲ သူစိတ်ပူနေမိ၏။

"ပျို ကားပဲတတ်အောင်မောင်းစမ်းပါ ... တခြား ဘာတွေမှ မစဉ်းစားပါနဲ့ ... "
"ဗလကို ခဏပဲဖြစ်ဖြစ် ပျိုသွားတွေ့ချင်တယ် ... ဦးလေးကြီး လိုက်ပို့ပေးပါနော် ... "

ပျို တောင်းဆိုနေတော့လည်း ပျို့ဆန္ဒတွေကို သူဖြည့်စွမ်းပေးချင်သည်။

"တွေ့လေ ... ဦးလေးကြီး လိုက်ပို့ပေးပါ့မယ် ... "
"ဦးလေးကြီးကို ကျေးဇူးအရမ်းတင်ပါတယ်နော် ... ဗလ စောင့်နေတော့မှာမို့ပါ ... "

ဗလရှိနေတဲ့နေရာကို ပျို ရောက်လာတော့သည်။

"ဗလ ... "
"ဟင် ပျို ... "

သူ ...

အဝေးမှာ ကားရပ်ပေးပြီး စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗလနှင့် ပျို့က အတော်လေးချစ်နေကြတဲ့ပုံပင်။

ရင်ထဲမှာ လေးလံနေမိသည်။

ဦးလေးကြီး ဘယ်လိုလုပ်ရမလဲ။

ပျို့ ...

ဟာကွာ။

ဆောက်တည်ရာမရအောင် စိတ်တွေလှုပ်ရှားနေသည်။

ပျို့ကတော့ ဗလနှင့် တွေ့ရတာ ပျော်ရွှင်ကျေနပ်နေမိသည်။

"ဗလ ... "

"ပျို့ ... "

"ကျွန်မတို့ ဦးလေးကြီးကို ကျေးဇူးတင်ရမယ်နော် ... မမက အရမ်းကန့်ကွက်နေတာ သိလား ... "

"ပျို့ ... "

"ဟင် ... "

"ကိုယ့်ကို ဘာဖြစ်လို့ ပျို့မမက လက်မခံရတာလဲ ... "

"မသိပါဘူး ... မမတို့က အရမ်းချမ်းသာလို့ဖြစ်မှာပဲ ... "

"ပျို့ ... "

"ဟင် ... "

"ဦးလေးကြီးက ပျို့မမကို ကြိုက်နေတာလား ... "





"အင်း ... "

"မဆိုးပါဘူး ... ပျို့မမ မြန်မြန်အိမ်ထောင်ကျသွားရင်လည်း ကောင်းတာပဲ ... ပျို့ကို ကိုယ်လက်လွှတ်မခံနိုင်ဘူးနော်"

"ဗလ တကယ်ပြောတာလား ... "

"အင်း ... "

ပျို့လက်လေးကို ဗလ ဆုပ်ကိုင်ထားမိသည်။

"ပျို့ ကိုယ့်ကို ချစ်တယ်လို့ အဖြေပေးပါ ... ပျို့နှုတ်ခမ်းလေးဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေကို ကြားပါရစေ ... "

"ဗလရာ ... နောက်မှ ပျို့ ပြောမယ်နော် ... အခုလောလောဆယ်တော့ ပျို့ မပြောချင်သေးဘူး ... "

"ဘာပဲဖြစ်ဖြစ် ... ပျို့ပြောကွာ ချစ်တယ်ဆိုတဲ့စကားကြားရရင် ကိုယ်ကျေနပ်ပါပြီ ... "

ဗလကျေနပ်အောင် ပျို့ ချစ်တယ်ဆိုတဲ့စကားကို ပြောမိသည်။

"ပျို့ မင်းတကယ်ပဲ ကိုယ့်ကိုချစ်တယ်နော် ... ကိုယ်အမှန်အတိုင်း ဝန်ခံရရင် ပျို့ကို အချစ်ဆုံးပဲ ကိုယ်အရမ်းမြတ်နိုးတဲ့ မိန်းကလေးပါပဲကွာ ... "

ဗလကိုလည်း ပျို့ ချစ်မိသည်။

မစွန့်လွှတ်နိုင်တော့။

"ပျို့ရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗလရယ် ... "

ပျိုနှင့် ဗလကိုကြည့်ပြီး သူ နေမထိ ထိုင်မသာကြီး ဖြစ်နေမိသည်။

"တိ ... တိ ... "

"တိ ... "

ဟွန်းတီးပြီး ပြန်ဖို့အတွက် အချက်ပြလိုက်မိသည်

ဆက်ပြီး နားထောင်နိုင်စွမ်းမရှိ။

ပျို ရောက်လာသည်။

"ပျို ... ကိုယ်ရုံးသွားရဦးမယ်လေ ... "

"ဆောရီးနော် ... ဦးလေးကြီး ... "

ပျို ကားပေါ်ရောက်သည်နှင့် ကားမောင်းထွက်ခဲ့မိသည်။

"ဦးလေးကြီး ... "

"ဟင် ... "

"မမကို ဘာမှအသိမပေးပါနဲ့နော် ... "

"ပျိုနဲ့ ဗလက ချစ်သူတွေ ဖြစ်သွားကြပြီလား ... "

"အင်း ... "

"ဟင် ... "

"ပျို လူကြီးစကားကို မနာခံတာ မဟုတ်ပါဘူး ဦးလေးကြီး ဗလကို ချစ်မိသွားတာပဲ ... "





သူ ...

စိတ်သောကတွေ ကြီးမားစွာ ရောက်သွားမိသည်။

ပျိုနဲ့ ဗလက ချစ်သူတွေတောင် ဖြစ်နေပြီပဲ။

အံသွားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မွန်း ... "

"ရှင် ... "

"ပျို့နဲ့ ဗလ ချစ်သူတွေဖြစ်သွားပြီ ... "

"ဟင် ... "

သူ့ကို ပျို့က မပြောရဘူးပြောပေမဲ့ ပြောလိုက်သည်။
ပျို့ကို လတ်လွှတ်မခံနိုင်။
ဘယ်လိုပဲ ထိန်းချုပ်ပါစေ ပျို့ကို ချစ်မိနေသည်။
ပိုင်ဆိုင်ချင်နေ၏။

"ပျို့ကိုတော့ ကိုယ်ပြောတယ်လို့ မပြောစေချင်ဘူး မွန်း"

"စိတ်ချပါ မွန်း ... မပြောပါဘူး ကျော် သဘောမကျ





အလုပ် မွန်းဘယ်တော့မှ မလုပ်ဘူး ... "

"မွန်း ... "

"ဟင် ... "

"ဗလဆိုတဲ့ကောင်လေးကို ပျို့နဲ့ လုံးဝမပတ်သက်စေနဲ့တော့ ... "

"ဟုတ်ကဲ့ ကျော် ... မွန်း တားရမယ် ... ပျို့ ဘာလို့ အပြောရခက်နေရတာလဲ ... "

"ကိုယ်ပြောတယ်လို့ မပြောပါနဲ့နော် မွန်း ... မကောင်းဘူးလေ ... "

"မွန်း သိပါတယ် ... ကျော်က စေတနာနဲ့ ပြောတာပဲဟာ"

"ဗလနဲ့ဆိုရင် ပျို့ဒုက္ခရောက်လိမ့်မယ် ... လုံးဝကန့်ကွက်ပါ မွန်း ... "

သူ ...
တားဆီးရမှာပဲ။
ပျို့ကို လက်ထပ်မယ်။
ရင်ဖွင့်မယ်။
ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်တော့

"ပျို့အတွက်ပါ ဗလက မိန်းကလေးတွေနဲ့ ရှုပ်နေတာပဲ ... အဲဒါကို သိသိကြီးနဲ့ မွန်းညီမနဲ့ သဘောတူမလား ... "



www.burmeseclassic.com

www.burmeseclassic.com



"မတူပါဘူး ... ပျို့ကို ပြောရမယ် ... မေမေလည်း ဖေဖေ နေမကောင်းလို့ ပြန်မလာနိုင်ဘူး ... ပျို့တို့ လိုက်သွားရမယ် လေ ... "

"ဟင် ... ပျို့တို့လိုက်သွားမလား ... "

"အင်း ... "

"ကိုယ်လိုက်ပို့ပေးမယ်လေ ... "

"ကျော် တကယ်ပြောတာလား ... "

"ကိုယ့်ကားနဲ့ပေါ့ ... မွန်းတို့ အဖေကိုလည်း လိုအပ်တာတွေ ကို ကူညီဖို့လေ ... "

"ကျော်ရယ် ... ကျေးဇူးတင်လိုက်တာ တကယ်တမ်းပြော တော့ မွန်းရဲ့လုပ်ငန်းတွေကလည်း မအောင်မြင်ဘူး ... အရှုံးပေါ်နေတယ် ... ဖေဖေကလည်း နေမကောင်းဘူး ညီမလေးပျို့က ဒါတွေကို မသိဘူးလေ ... "

"အဲဒါကြောင့် ပြောတာပေါ့ ... ဗလဆိုတဲ့ကောင်လေးနဲ့ ပျို့ကိုလိုက်သွားရင် ... စိတ်သောကတွေ ရောက်ရမှာမို့ ကိုယ် တားတာပါ ... "

"မွန်းတားမှာပါ မရဘူး ... လုံးဝတားဆီးရမယ် ... "

မွန်းကတော့ ကျော့်စကားတွေကိုပဲ နာခံမည်ဖြစ် သည်။

ကျော်ရယ်။





ရှင့်ကို အားကိုးပါတယ်။

ကျော့်ဘက်က ဘာမှပွင့်ပွင့်လင်းလင်းမပြော၍ မွန်း ခက်နေရသည်။

မွန်းရဲ့စီးပွားရေးက မကောင်းပေ။

အရှုံးပေါ်နေ၏။

ဘာဆက်လုပ်ရမှန်းပင် မသိ။

ပျို့ကိုလည်း ရှုပ်ပွေတဲ့ ယောကျ်ားတွေနှင့် မတွေ့ စေလိုပေ။

ဗလက မိန်းကလေးတွေနဲ့ ရှုပ်ချင်သည်ဟု ကျော် က ပြောနေသည်။

ဟုတ်ဟုတ် မဟုတ်ဟုတ် ကျော့်စကားတွေက အမှန်ပဲဖြစ်၏။

"ကျော့်ကိုပဲ မွန်းအားကိုးရတော့မှာပါ ... "

ကျော်က မွန်းတို့မိသားစုအပေါ် ဂရုစိုက်မှုတွေ ရှိ လာသည်။

မွန်းကို စိတ်ဝင်စားလာပြီလား။

"မွန်းတို့မိသားစု အကျိုးအတွက် ကိုယ်ဆောင်ရွက်ပေးတာ ပါနော် ... ပျို့ကိုလည်း ကောင်းစေချင်လို့ပါ ... "

"မွန်းသိပါတယ် ကျော် ... ဘာပဲဖြစ်ဖြစ် မွန်းတို့ဘဝရှေ့ရေး အတွက်ပဲ အားလုံး ကျော်နဲ့တိုင်ပင်ဆွေးနွေးရမှာပါလေ"



www.burmeseclassic.com

www.burmeseclassic.com



မွန်းကတော့ ကျော်အကြံဉာဏ်တွေပဲ အလေး
အနက်ထားရမည်။

"ပျို့ကြောင့်ပဲ ရန်ကုန်ပြောင်းလာတာလေ ကျော် ... ဒီ
ကောင်မလေး ဒီမှာ ကဲချင်လို့ပဲ နေမှာ ... "

ရန်ကုန်ပြောင်းလာပြီးမှ စီးပွားရေးက မထင်မှတ်ဘဲ
ကျလာရသည်။

မကောင်းတော့။

"ဖေဖေက ကျန်းမာရေးမကောင်းတော့ ... အလုပ်ကနေ
အနားယူမယ်ထင်တယ် ... "

"ဘာမှမပူပါနဲ့ မွန်း ... ကိုယ်တစ်ယောက်လုံး ရှိပါသေး
တယ် ... မွန်းတို့အခက်အခဲ ဒုက္ခတွေအားလုံး ကူညီပေးရ
မယ် ... "

"အားကိုးပါတယ် ကျော်ရယ်နော် ... မွန်းမှာ အလိမ်ခံ
လုပ်ငန်းတွေက အရှုံးပေါ်နဲ့ တော်တော်လေးဒုက္ခရောက်
နေရတယ် ... ပျို မသိဘူး ... မေမေလည်း မသိဘူး ...
မွန်းတစ်ယောက်တည်း ကြိတ်မှိတ်ခံနေရတာလေ ... "

သူ့ကို အားကိုးတကြီး ပြောနေတဲ့သူက ပျိုဆိုရင်
ဘယ်လောက်ကောင်းမလဲ။

ပျို ...

မင်းကတော့ ချစ်သူရှိနေပြီ။





ဦးလေးကြီးအပေါ် ... နည်းနည်းလေးမှတောင်
သံယောဇဉ်မရှိဘူးလားကွာ။

ဇလကို ချစ်တာတဲ့။

"ဇလနဲ့တော့ ပျို့ကို လုံးဝသဘောမတူနဲ့ မတွေ့အောင်
မွန်းတားထားနော် ... "

"ဟုတ်ကဲ့ပါ ... "

ပျိုမရှိပေ။

အပြင်ပဲ ထွက်နေသည်။

ဇလဆိုတဲ့ကောင်လေးနဲ့ချိန်းတွေ့နေတာများလား။

"ကိုယ် သွားတော့မယ်နော် မွန်း ... "

"ကျော် ... "

"ပြော ... "

"ညနေ ဒီမှာ ထမင်းလာစားနော် ... ပျို့ကို ဆုံးမပါဦး ...
ဖေဖေ့ဆီလည်း လိုက်သွားဖို့ အစီအစဉ်ဆွဲရမယ် ... "

"လာမယ်လေ ... တစ်ခုတော့ရှိတယ်နော် ... မွန်း ပျို့ကို
ကိုယ်ပြောတယ်လို့ မပြောပါနဲ့ ... ကိုယ့်ကို မုန်းတီးသွားမှာ
စိုးလို့ပါ ... "

"စိတ်ချပါ ... မွန်းဟာ မွန်းပဲ သိတဲ့ပုံစံမျိုးနဲ့ ပြောမှာပါ"

"ကိုယ်ပြန်မယ် ... "

မွန်း ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြောတဲ့စကားတွေအတိုင်းပဲ လုပ်ဆောင်ရမည်ဖြစ်သည်။

မွန်းတို့မှာ စီးပွားရေးကျနေပြီ။

အားကိုးရာ ရှာနေမိသည်။

ပျို ...

လူကြီးစကားတွေကို နားမထောင်ဘူး။

ခုထိ ပြန်မလာပေ။

ဗလဆိုတဲ့ကောင်လေးနဲ့ လျှောက်များလည်နေလား။

ပျို့ကိုတော့ စိတ်ချပါတယ်။

ဗလကို စိတ်မချတာ။

ကျော်ပြောသလိုဆို ဗလက ရုပ်ပွေမဲ့ကောင်လေးပဲ။

တွေးမိပြီး စိတ်ပူလာကာ တစ်ဖက်အခန်းကူးလာခဲ့မိသည်။

"ဟင် ... မွန်း ဘာဖြစ်လို့လဲ ... "

"ပျို့မလာသေးဘူးလေ ... မွန်း စိတ်ပူနေလို့ ဖုန်းဆက်မလို့"

"ဆက်လေ ... ကိုယ်ဆက်ပေးမယ်လေ မွန်း ... "

ပျို့ဆီကို သူ ဖုန်းဆက်ကြည့်ချင်တာနဲ့ အတော်ပဲဖြစ်သွားရသည်။





ဖုန်းဆက်လိုက်၏။

"ဟဲလို ... "

ဗလအသံ။

သူ ...

ဒေါသတွေ ထွက်သွားရသည်။

ပျို့လက်ထဲမှာ မရှိဘဲ ဗလက ကိုင်ထား၏။

"မွန်း ရော့ ... "

ဗလနှင့် စကားမပြောချင်တော့သဖြင့် မွန်းကိုပေးလိုက်သည်။

"ပျို့နဲ့ ပြောချင်တယ် ဗလ ... "

ပျို့ ကောင်လေးတစ်ယောက်နဲ့ ချိန်းတွေ့နေတာကို ကျော် သိသွား၍ မွန်းမျက်နှာပူနေမိသည်။

"ပျို ... "

"ရှင် ... "

"ပြန်လာခဲ့စမ်း ... ဘာဖြစ်လို့ ဒီလောက်အထိ ကြာနေရတာလဲ ... "

မွန်းက လေသံမာမာနှင့် ဆူသလိုပြောလိုက်၍ သူ့အထိတ်တလန့်နှင့် တားလိုက်ရသည်။

ဗလနောက် ခိုးရာလိုက်သွားမှာလည်း စိုးမိ၏။

"မွန်း မဆူနဲ့လေ ... ပျို့ စိတ်ညစ်ပြီး ဗလနောက်လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ... ”

“အင်း ... ဟုတ်သားပဲ ... ”

မွန်းကတော့ သူပြောသမျှအားလုံး ခေါင်းညိမ့်တာပဲ ဖြစ်နေသည်။

“ပျို ညီမလေး ပြန်လာခဲ့ပါ ဖေဖေနေမကောင်းဘူးလေ — မမတို့ လိုက်သွားရမယ် ... ”

“ဟုတ်ကဲ့ ... ပျို ပြန်လာတော့မှာပါ မမ ... ”

“အခုပဲ ပြန်လာနော် ... ”

“မမ ... ”

“ပြော ... ”

“ဦးလေးကြီးကို ဖုန်းပေးလိုက်ပါဦး ... ”

မွန်းက ပျိုက ဖုန်းပြောချင်တယ်ဆိုပြီး လှမ်းပေးသည်။

“ဟဲလို ... ”

“ဦးလေးကြီး ... ”

“ဟင် ... ”

“မမကို ဖျောင်းဖျပေးထားပါဦးနော် ... ပျိုပြန်လာတော့မှာပါ ... မမက ဦးလေးကြီးစကားဆို တစ်ခွန်းပဲလေ ... ”

“မင်းပြန်လာပါ ... မွန်းမဆူစေရပါဘူး ... ပျို့ဖေဖေလည်း နေမကောင်းဘူး မဟုတ်လား ပျို ... ”





“ပြန်လာမှာပါ ... ဗလကတောင် ပျို့ကို ခိုးပြေးချင်နေပြီ သိလား ... ”

“ဘာ ... ”

“သဘောကို ပြောတာပါ ... ပျိုမလိုက်ပါဘူး ... လူကြီးမိဘတွေ သဘောတူတဲ့အထိ စောင့်မှာပါ ... ”

“ပျို ... ”

“ရှင် ... ”

“ပြန်လာခဲ့တော့ ... ”

“ဟုတ် ... ”

ပျို ဖုန်းပိတ်သွားသည်။

သူ ...

စိတ်ပူနေမိသည်။

ဗလက ခိုးပြေးချင်နေပြီတဲ့။

မဖြစ်ဘူး။

ပျို့ကို ဗလနှင့် ချိန်းတွေ့ဖို့ ခွင့်ပြုလို့ မဖြစ်ပါဘူး။

တားဆီးရမယ်။

စိတ်တွေလှုပ်ရှားပြီး ဘယ်လိုလုပ်ရမှန်းပင် မသိတော့။

“မွန်း ပျို့ကို လွှတ်မပေးနဲ့တော့နော် ... ယောကျ်ားယူတော့မလို့တဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ဗလနဲ့ နီးရာလိုက်ပြေးလိမ့်မယ် ... မွန်း ဂရုတစိုက်ကြည့်နေ ... အပြင်မထွက်စေနဲ့တော့ ... "

"အင်း ... မွန်းအလွတ်မပေးတော့ဘူး ... စောင့်ကြည့်ရမယ် ... မွန်း စိတ်တွေပူလိုက်တာ ကျော်ရယ် လုပ်ပါဦး"

"ဘာမှ စိတ်မပူနဲ့ ... မွန်း ပျို့ကိုသာ အပြင်မထွက်စေနဲ့တော့ ... "

"ဟုတ်ကဲ့ ကျော် ... မွန်း ပိတ်ပင်ရတော့မယ် ... ပျို့ကို လွှတ်ထားလို့ မဖြစ်တော့ပါဘူး ... "

မွန်း ပိုပြီးပျာယာခတ်သွားအောင် သူပြောလိုက်မိသည်။

ပျို ...

မင်းကို ချစ်တယ်။

ကိုယ်ပိုင်ဆိုင်ချင်တယ်။

ဂုဏ်သိက္ခာတွေ ဖဲ့ချွေပြီး မင်းကိုရယူဖို့ ကြိုးစားရမှာပါပဲ။

ကိုယ်ဆုံးဖြတ်ထားပြီးပြီ။

ပျို့ကို စိုက်ထပ်မယ်။

ဘယ်သူ့လက်ထဲမှ အပါမခံနိုင်တော့ပါဘူး ပျိုရယ်။

ကိုယ် ပျို့ကိုချစ်တယ်။





အရှိမ်းချစ်တယ်။

ကိုယ်ကလွဲပြီး တခြားသူ ဘယ်သူမှမပိုင်ဆိုင်စေရဘူး။

"မွန်း သွားတော့မယ်နော် ပျို့ကိုလည်း ဆုံးမပါဦး ... "

"မွန်း ... "

"ရှင် ... "

"ပျို့ကို အရှမ်းမဆူနဲ့ ချော့ပြီးပြောပါ ... တော်ကြာ စိတ်ညစ်ပြီး ဗလနောက် လိုက်သွားဦးမယ်လေ ... "

"မွန်း သိပါတယ် ... ပျို့ကို ဘယ်တုန်းကမှ စိတ်အနှောင့်အယှက်ဖြစ်အောင် မွန်းတို့မလုပ်ခဲ့ဖူးဘူး ... လွတ်လပ်ခွင့်တွေ အပြည့်ပေးထားမိခဲ့တာ မှားတာပဲ ... စိတ်ပူလိုက်ရတာ ကျော်ရယ် ... ဒုက္ခပါပဲ ... "

"စိတ်အေးအေးထားပြီး ပြောနော် မွန်း ... အပြင်တော့ မွန်းမပါဘဲ ... ထွက်ခွင့်မပေးနဲ့ဦး ... ဗလနဲ့ မတွေ့လေကောင်းလေပဲ ... "

"အင်း ... မွန်းတားမယ် ... ပျို့ကို ပြောရမယ် ... နောက်မှပဲ အေးအေးဆေးဆေး ပြောကြတာပေါ့နော် ကျော် ... မွန်း ပြန်မယ်နော် ... "

"အင်း ... "

မွန်း ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ ပျိုတက်လာမဲ့ ခြေသံတွေကို နားစွင့်နေမိ ၏။

ပျိုရယ် ...

အချစ်ဆိုတာ ပူလောင်ခြင်းလား။

ကြီးမှ ဝက်သက်ပေါက်တာမျိုးများ ဖြစ်နေပြီလား မသိ။

ပျိုဆိုတဲ့ ကောင်မလေးကို စွဲလမ်းစွာ ချစ်ခင်မြတ်နိုး နေမိသည်။





## အခန်း (၁၉)

"မမ ပျို့ကို အဲဒီလောက်အထိ မချုပ်ချယ်ပါနဲ့ ... ပျိုတောင်းပန်ပါတယ် ... ဗလက မမတို့အပေါ် အလေးအနက်ထားတာ ပျို အသိဆုံးပါပဲ ... "

"ဒီကောင်လေးကို လုံးဝမပတ်သက်ရ ဘူးလို့ မမပြောထားပြီးပြီနော် ပျို ... "

"ဘာဖြစ်လို့လဲ မမရာ ... "

"ဘာပဲဖြစ်ဖြစ် မမ သဘောမတူလို့ ... "

ပျိုတို့က ချစ်သူတွေဖြစ်နေကြပြီဖြစ်သည်။

မမ ဘာလို့ တားရတာလဲ။

ဗလက အဘက်ဘက်ကပြည့်စုံနေတဲ့ ယောကျ်ားပဲ။



www.burmeseclassic.com

အပျိုကြီး ဇီဇာကြောင်နေတာပဲ။

"ပျို ... "

"ဟင် ... "

"မမတို့ ဖေဖေတို့ဆီကို သွားရမယ် ... "

"ဟင် ... "

"ဖေဖေ နေမကောင်းဘူး ... မေမေလည်း ပြန်မလာနိုင်သေးဘူး မဟုတ်လား ပျို ... "

"ပျိုတို့ လိုက်သွားမယ်လေ ... "

"အဲဒါကြောင့် ပျိုလိမ္မာပါ ... မမတို့မှာ တဖြည်းဖြည်း အခြေအနေမကောင်းတော့ဘူး ... "

"ဗလက လူဆိုးလူမိုက် ကလေကချေတစ်ယောက် မဟုတ်ပါဘူး မမရယ် ... "

"ဘာပဲဖြစ်ဖြစ် မမသဘောမတူဘူး ... "

ပျို ...

စိတ်ညစ်နေမိသည်။

ဗလနဲ့က ချစ်သူတွေဖြစ်နေကြ၏။

"မမရယ် ... ဗလက ပျို့ကို တကယ်ပဲချစ်တာပါ ... မမ လက်ခံပါနော် ... "

"ဟင့်အင်း ... ပျို့ကို မမပြောထားပြီးပြီနော် ... ပျို ဘယ်မှ မသွားရဘူး ... ဗလနဲ့လည်း မတွေ့ရတော့ဘူး ... "





"ဟင် ... "

"ဗလနဲ့တွေ့ဖို့ မမလုံးဝလက်မခံဘူးနော် ... "

မမကို ပျို ဆန့်ကျင်ပြီး ပြောဆိုခြင်းမပြုတော့။

အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"ပျိုနော် ... ဖေဖေ နေမကောင်းဘူး ... မမလည်း လုပ်ငန်းတွေ အရှုပ်ပေါ်နေတဲ့ အချိန်မှာ မမတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်ပါနဲ့ ... "

"ပျို ဘာလုပ်လို့လဲ မမ ... "

"ဘာပဲဖြစ်ဖြစ် ... ဗလဆိုတဲ့ကောင်လေးနဲ့ အဆက်အသွယ်ဖြတ်ပါ ... "

ပျို့အိပ်ခန်းထဲဝင်လာပြီး စိတ်ပျက်စွာ ထိုင်နေမိသည်။

ဗလမှာ ဘာအပြစ်ရှိလို့ လက်မခံရတာလဲ။

ပြောစမ်းပါ။

ပျို့ကို တကယ်ချစ်မြတ်နိုးတာဟု ပျိုယုံကြည်နေမိသည်။

မမ လွန်တယ်။

မစွံတိုင်း ...

အပျိုကြီးဆိုတော့ စွံတဲ့လူကို မနာလိုဖြစ်နေတာပဲဟု တွေးမိသည်။

စေတနာ၁၀၁၆ပေ

www.burmeseclassic.com



"တီ ... တီ ... "

"တီ ... တီ ... "

ဖုန်းသံမြည်လာသည်။

နားထောင်လိုက်၏။

"ပျို ... "

"ဟင် ... ဦးလေးကြီး ... "

"စိတ်ညစ်နေလား ... "

"ဟင် ... ဦးလေးကြီးက ပျိုစိတ်ညစ်နေတာကို သိနေတယ်ပေါ့လေ ... "

"သိတယ်လေ ... ကိုယ့်စိတ်ထဲမှာ ထင်နေတယ် ... ပျိုတော့ စိတ်ညစ်နေပြီလို့ ... "

"အရမ်းစိတ်ညစ်နေတာပဲ ဦးလေးကြီးရယ် ... မမက ပျို့ကို အပြင်တောင် ထွက်ခွင့်မပေးတော့ဘူး ... "

"ဟုတ်လား ... ပျို ဘယ်သွားချင်လို့လဲ ဦးလေးကြီးလိုက်ပို့ပေးမယ်လေ ... "

"ပျို ဘယ်မှာလည်း မသွားချင်ပါဘူး ... စိတ်ညစ်နေလို့ ဗလနဲ့လည်း တွေ့ခွင့်မရတော့ဘူးလေ ... "

"ပျို ... "

"ဟင် ... "

"အပြင်ထွက်မလား ... "





"ဦးလေးကြီး လာခေါ်မလို့လား ... "

"အင်း ... "

"မထွက်တော့ပါဘူး ... ဦးလေးကြီးရာ ပျိုစိတ်ညစ်နေလို့ပါ အခန်းထဲမှာပဲ နေတော့မယ် ... "

"ပျိုစိတ်ညစ်နေတာ ဦးလေးကြီးကြည့်မနေနိုင်ဘူးကွာ ... ပျိုစိတ်တွေ ပျော်ရွှင်အောင် ဘယ်လိုလုပ်ပေးရမလဲ ... "

"ဦးလေးကြီး ... "

"ပြော ... "

"မမက ဗလကို လက်မခံတာဘဲ ပျိုစိတ်ညစ်နေတာသိလား ... "

"ပျို အပြင်ထွက်ခဲ့မလား ... "

"အင်း ... ပျိုရင်ဖွင့်ချင်တယ် ... "

"ဦးလေးကြီး နားထောင်မယ်လေ ... "

"အင်း ... "

"ဦးလေးကြီး အောက်ကနေ စောင့်နေမယ် ... "

"ပျိုလာခဲ့မယ် ... "

ပျို ...

အပြင်ထွက်လာခဲ့သည်။

"ပျို ဘယ်လဲ ... "

"ဦးလေးကြီးနဲ့ အပြင်လိုက်သွားမလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



မမ ...

ဘာမှမပြောတော့။

ဦးလေးကြီးဆိုရင် မမက စိတ်ချထားပြီးသားဖြ[စ်]သည်။

အောက်ထပ်ဆင်းလာခဲ့၏။

"ကားပေါ်တက်လေ ပျို့ ... မင်းပဲ မောင်း ... "

"လိုင်စင်မှမရှိသေးတာပဲ ဦးလေးကြီး ... "

"ရော့ ... "

"ဟင် ... "

ပျို့လိုင်စင်။

"လိုင်စင်ရပြီလား ဦးလေးကြီး ... "

"ဟုတ်တယ်လေ ... "

"ပျို့ ဝမ်းသာလိုက်တာ ဦးလေးကြီး ... "

"ပျို့ ဘာမှစိတ်ညစ်စရာမရှိတော့ဘူး ပျော်ပျော်နေစမ်း[ပါ] ပျို့ရယ် ... "

ပျို့ ...

ကားပေါ်စိတ်ဝင်စားသွား၍ တခြားကိစ္စတွေ[ကို] မေ့သွားသည်။

"ဦးလေးကြီး ... "

"ဟင် ... "





"ပျို့ အရမ်းစိတ်ညစ်နေတဲ့အချိန်မှာ အခုလိုအားပေးနှစ်သိမ့်တာ ကျေးဇူးတင်ပါတယ်နော် ... "

"ကျေးဇူးတင်စရာမလိုပါဘူး ... ပျို့ကို စိတ်ချမ်းသာစေချင်တယ် ... "

"တကယ်ပဲ ပျို့ကို စိတ်ချမ်းသာစေချင်တာလား ဦးလေးကြီး ... "

"အင်း ... "

"ပျို့ အကူအညီတစ်ခုတောင်းလို့ရမလား ... "

"တောင်းလေ ... ရပါတယ်ကွာ ... ကိုယ်က ပျို့ဆန္ဒဆိုအားလုံးဖြည့်စွမ်းပေးချင်တာပါ ... "

"တကယ်နော် ဦးလေးကြီး ... "

"တကယ်ပါ ပျို့ရယ် ... "

"မမက ဦးလေးကြီးစကားကို အရမ်းလက်ခံတာပါ ... ဗလနဲ့ ပျို့ကို လက်ခံသဘောတူအောင် ဦးလေးကြီးပြောပေးပါလား ... "

"ပျို့ ... "

"ဟင် ... "

"ဗလကို ပျို့က ဘာဖြစ်လို့ ချစ်ရတာလဲ ... "

"မသိဘူး ... ဗလကိုတော့ ပျို့ချစ်တယ် ... ဗလနဲ့ အဝေးမခံနိုင်ဘူး ... ဗလက ပျို့ကို ခိုးပြေးမယ်လို့ ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ နေမကောင်းသေးလို့ ပျို့လိုက်မသွားတာပါ ...

"ပျို့ အဲဒီ့လိုမလုပ်နဲ့နော် ... ဦးလေးကြီး တောင်းပန်ပါတယ် မိဘတွေ စိတ်သောကရောက်အောင်တော့ ... မလုပ်ပါနဲ့ ကွယ် ... "

ပျို့ရယ် ...

ကိုယ် ဘယ်လိုရင်ဖွင့်ရမလဲ။

သူ ...

ပျို့ကို ချစ်နေမိသည်။

မြတ်နိုးနေမိ၏။

ရင်ဖွင့်ဖို့ အကြိမ်ကြိမ်ကြိုးစားကြည့်မိသည်။

ဦးလေးကြီး ဘယ်လိုလုပ်ရမလဲ။

မင်းကို အရမ်းချစ်တယ်ကွာ။

သော်သော်မွန်းကို မိတ်ဆွေတစ်ယောက်အဖြစ်သာ သူခင်မင်နေမိသည်။

ချစ်၍ မရခဲ့။

ပျို့ပဲ။

ကိုယ်ချစ်တာ ပျို့။

"ပျို့ ... "

"ဟင် ... "

"ဖေဖေ နေမကောင်းဘူး မဟုတ်လား ... မိဘစိတ်သော





ရောက်အောင် ပျို့မလုပ်နဲ့နော် ... ပျို့ ဒီအချိန်မှာ စိတ်ကို အလိုလိုက်ရင် မှားမယ်နော် ... "

"ဦးလေးကြီး ... "

"ပြော ... "

"ပျို့ ဗလကို ချစ်တယ် ... ဘယ်လိုမှ အဆက်အသွယ်ဖြတ်လို့ မဖြစ်ဘူး ... မမက ဘာလို့ကန့်ကွက်နေရတာလဲ ... ပျို့ မကျေနပ်ဘူး ... ဦးလေးကြီးပြောတာတောင် မရဘူး ဆိုတော့ ... ပျို့စဉ်းစားလို့တောင် မရဘူး ... "

သူ့ကြောင့်သာ မွန်းက ကန့်ကွက်နေကြောင်း ပျို့ သိသွားရင် ...

ပျို့ ... ဘယ်လောက်ခံစားရမလဲ။

သူ့ကို ငြင်းဆန်မလား။

မုန်းတီးသွားမလား။

ချောက်ချားနေမိသည်။

ပျို့ဆိုတဲ့ မိန်းကလေးကို ဘယ်လိုမှ လက်လွှတ်မခံနိုင်ဘူး။

ပျို့ကို ကိုယ့်နှလုံးသားတွေထဲက နှစ်သက်မြတ်နိုးတာပါ။

ကိုယ့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကို ပျို့အတွက်ပဲ ဖြစ်စေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပျို ခံစားပါ။

ဗလကို ... မင်းစွန့်လွှတ်ဖို့ ကိုယ် ဘယ်လိုပြော ရမလဲ။

“ပျို ဘယ်တော့မှ ဗလကို မစွန့်လွှတ်နိုင်ဘူး ... ပျိုတို့ နှစ်ယောက်က ဘာမဟုတ်တဲ့အကြောင်းကိစ္စလေးနဲ့ အကွဲ မခံနိုင်ဘူးနော် ...”

“ပျို ...”

“ဦးလေးကြီးရာ ပျိုစိတ်ညစ်တယ် ... ဗလနဲ့ မတွေ့ရဘူးလို့ ပြောတာတော့ မမလွန်တယ် ...”

“မွန်းက စိတ်ပူလို့ ပြောတာပါ ... ပျို့အတွက်ပါ ...”

“ပျို လက်မခံဘူး ...”

“ပျို ...”

“ဟင် ...”

“ကားမောင်းပြီး ဘယ်မှာနားမလဲ ...”

“ဗလနဲ့ တွေ့ချင်တယ် ...”

“မဖြစ်နိုင်ဘူး ...”

“ဦးလေးကြီးရယ် ကူညီပါနော် ... ဗလနဲ့ ခဏလေးပဲဖြစ်ဖြစ် တွေ့ချင်လို့ ...”

“တီ ... တီ ...”

“တီ ... တီ ...”





“ဟော ... ဗလ ထင်တယ် ...”

ပျို ...

ဖုန်းဖွင့်ပြီး နားထောင်လိုက်သည်။

“ပျို ...”

“ဟင် ဗလ ...”

“အရမ်းသတိရတယ်ကွာ တွေ့ချင်တယ် ... ဘယ်လိုလုပ်မလဲ ... ပျို့မမက ကိုယ့်ကို ဘာလို့သဘောမတူတာလဲ”

“ပျို့ကို ငယ်သေးလို့တဲ့ ... စိတ်ပူတာမျိုးပေါ့ ဗလရယ်”

“ကိုယ့်မှာ အနာဂတ်ရှိပါတယ် ... ကိုယ့်ဒက်ဒီကုမ္ပဏီမှာ ကိုယ်ဝင်လုပ်တော့မယ် ... ဘာမှပူစရာမရှိဘူး ... ကိုယ် အရင်လို ကလေးစိတ် လုံးဝမရှိတော့ပါဘူး ... ပျို့အတွက် လေ ...”

“ဗလရယ် ...”

“ပျို ...”

“ဟင် ...”

“ကိုယ် ပျို့အတွက် ဘယ်လောက်အထိ ကြိုးစားနေလည်း ဆိုတာလေ ပြောပြချင်တယ် ... ကိုယ် ညက ပျို့တို့တိုက် အောက်ကိုတောင် လာသေးတယ် ...”

“ဗလလာတယ် ဟုတ်လား ... ဖုန်းဆက်လိုက်ရောပေါ့ ပျို ဆင်းတွေ့မယ်လေ ...”



www.burmeseclassic.com

"ပျို့မမကြောင့်ပါ ... ကိုယ် လူကြီးတွေကို စိတ်အနှောင့်အယှက်မပေးချင်တာပါ ... "

"ဗလ ... ပျိုလည်း တွေ့ချင်တယ် ... ဘယ်လိုလုပ်ရမလဲ အရမ်းတွေ့ချင်တယ်ကွာ ... "

သူ ...

အခက်တွေ့နေရသည်။

တားဆီးခွင့်မရ။

ပျို့ကို မပိုင်ပေ။

စိတ်တွေ ယောက်ယက်ခတ်ပြီးနေလို့ မရတော့။

"ဗလ ပျိုတွေ့နိုင်အောင် ကြိုးစားမယ် ... ဗလကို မစွန့်လွှတ်နိုင်ဘူးကွာ ... မမက ဘာဖြစ်တာလဲ မသိဘူး ... အရင်က ပျို့မှာ ဆုံးဖြတ်ပိုင်ခွင့် ပေးထားတာပါ ... အခု ဦးလေးကြီးပြောပေးတာတောင် မရဘူး ... မမ ဘယ်လိုဖြစ်တာလည်း မသိပါဘူး ... "

ပျို ဖုန်းပြောနေတဲ့အနားကနေ သူထွက်လာခဲ့မိသည်။

ဆက်ပြီး နားမထောင်လိုတော့။

သူ ...

ပျို့ကို စွန့်လွှတ်လိုက်ရင် ကောင်းမလား။

မဖြစ်သင့်ပါဘူး။





ဖုန်းပြောပြီး ပျို့ ပြန်ရောက်လာသည်။

"ပြန်မယ် ဦးလေးကြီး ... ကားကို ပျို့မမောင်းချင်တော့ဘူး စိတ်ညစ်သွားလို့လေ ... "

သူ ...

ကားမောင်းပြီး ပြန်လာခဲ့မိသည်။

www.burmeseclassic.com



## အခန်း (၂၀)

…

"ကျော် … "
"ဟင် … "
"ပျို့ အရမ်းစိတ်ညစ်နေပုံပဲ … ဖေဖေ့ဆီ မလိုက်တော့ဘူးတဲ့ ပျို့ကို တစ်ယောက်တည်းထားခဲ့လို့ မဖြစ်တော့ဘူးထင်တယ်နော် … "
"မဖြစ်ဘူး ပျို့ ဘယ်ဖြစ်မလဲ … ပျို့ ဗလနဲ့ လိုက်ပြေးလိမ့်မယ် … အခုတောင် အလွတ်ပေးလို့ မဖြစ်ဘူး … ပျို့ကို တစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ … "

သူ …

ပျာပျာသလဲ တားမိသည်။





ပျို့ကို တခြားသူတစ်ယောက်ယောက် လက်ထဲပါသွားမှာကိုပဲ စိုးရိမ်ပူပန်နေမိသည်။

တားဆီးကာကွယ်နေမိသည်။

"ပျို့လည်း စိတ်သောကတွေ ရောက်နေတာ ကြည့်ပြီး မွန်းသနားလာတယ် … ပျို့ အမြဲတမ်း လွတ်လွတ်လပ်လပ်နေတတ်တာမှလေ … "
"မွန်း အလိုမလိုက်နဲ့ … မွန်းညီမ ဒုက္ခရောက်မှာကိုလည်း ကြည့်ဦး … ဗလနဲ့ လုံးဝသဘောမတူလိုက်ပါနဲ့ … "
"မွန်းကတော့ ကျော့်စကားပဲ နားထောင်မှာပါ … ကျော့်ကိုပဲ အားကိုးရမှာ မဟုတ်လား … ပျို့ကလည်း ကျော်ပြောမှ ရတာပါ … "

ကျော်ရယ် … ။

မွန်း ကျော့်ကို မျှော်လင့်နေမိတာပါ။

ကျော့်ဘက်ကနေ ထူးခြားတဲ့ တုံ့ပြန်မှုတွေ မရှိ၍ အခက်တွေ့နေရသည်။

"မွန်း … "
"ဟင် … "
"ပျို့ကို လိုက်အောင်ခေါ်ပါ … ကိုယ်လိုက်ပို့မယ် … "
"မွန်းခေါ်ရမယ် … ဒီကောင်မလေး အခုတလော ခေါ်ခေါ်ချင်နေတယ် … မွန်းကိုတောင် တစ်မျိုးထင်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ကောင်းစားရေးအတွက်ပဲ မွန်း ... မင်း ... ဒီလောက်တော့ အမုန်းခံလိုက်ပါ ... "

"ကျော့်သဘောပါပဲ ... မွန်း အမြဲတမ်း လိုက်နာပါ့မယ်နော်"

မွန်း ...

သူ့အတွက် အကောင်းဆုံးက သော်သော်မွန်းပါပဲ။

သက်တူရွယ်တူ ...

မိန်းမကောင်းပီသတဲ့ သော်သော်မွန်းကို ဘာဖြစ်လို့ မချစ်နိုင်ရတာလဲ။

လက်မထပ်ရတာလဲ။

ပျို့ကို ချစ်မိနေသည်။

ရယူပိုင်ဆိုင်လိုတဲ့ဆန္ဒတွေ ပြင်းပြနေ၏။

ပျို့ကို-လက်ထပ်မယ်။

အကြီးမားဆုံးဆန္ဒပဲ။

ဗလနှင့် ဝေးသွားအောင် ကြံစည်ရမယ်။

ပျို ... မင်းကို ချစ်မြတ်နိုးတယ်။

သူ့ဘဝတွင် မိန်းကလေးတွေ အများကြီး တွေ့ဆုံပတ်သက်ခဲ့ဖူးပေမဲ့ အချစ်ဆိုတာကို မရှိခဲ့။

လူပျိုသက်ကြီးဘဝနဲ့ နေလာခဲ့သည်။

ပျို့ကို တွေ့မှ ... ။

"ကျော် ... "





"ဟင် ... "

"မေမေ့ဆီ ဖုန်းဆက်မယ်နော် ... "

"ဆက်လေ မွန်း ... "

သူ ...

မွန်းအတွက် ဘာတစ်ခုမှဖြည့်စွမ်းပေးဖို့ မစဉ်းစားခဲ့။

ပျို့ကိုပဲ သူ့အပေါ် သံယောဇဉ်တွယ်တာအောင် လုံးပန်းနေမိသည်။

"ပျို့စကား သိပ်နားမထောင်ဘူး မေမေ ... သူ့ဆီဖုန်းဆက်ပြီး ပြောပါဦး ... မေမေ နေကောင်းလား ... "

မွန်း ဖုန်းပြောနေသည်။

ပျို့နှင့်အစဉ်မပြေ၍ မွန်းအတော်လေး စိတ်သောကရောက်နေပုံပင်။

"မွန်းတို့လာခဲ့မယ် မေမေ ... ပျို့ခေါင်းမာတယ် ... မွန်းကိုတောင် ဂျစ်ကန်ကန်လုပ်နေတယ် ... "

မွန်း ပြောပြီးသွားသည်။

"ဖေဖေ့အခြေအနေ မကောင်းဘူး ... မွန်းတို့ လိုက်သွားမှဖြစ်မယ် ကျော် ... "

"လိုက်မယ်လေ ... ပျို့ကို ခေါ်ရမယ် ... "

"မွန်းရအောင် ခေါ်မယ် ... မနက်ဖြန်လောက်ပဲ ခရီးထွက်ရအောင်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပျို့နဲ့ မွှန်းတို့ အဆင်သင့်လုပ်ထားလေ ..."

"အင်း ... "

မွှန်း ပြန်သွားသည်။

"အာစရိ ... "

"ဟင် ... "

"မသော်သော်မွှန်းက သနားစရာကောင်းတယ် ... အာစ[illegible] စကားတစ်ခွန်းပဲ ... ကျွန်တော့်အမြင်တော့ အာစရိနဲ့ သော် သော်မွှန်း လက်ထပ်သင့်ပြီ ... ပျို့ဆိုတဲ့ ကောင်မလေး အတွက်လည်း တရားဝင်ပြောဆိုပိုင်ခွင့်ရှိတာပေါ့ ... "

"ငါ သော်သော်မွှန်းကို လက်မထပ်ချင်ဘူး ... "

"ဟင် ... "

"ချစ်လို့လည်း မရဘူး မြနိုင် ... "

မြနိုင်ကို ရင်ဖွင့်လိုက်ရင် ကောင်းမလားဟု စဉ်းစား မိသည်။

မဖြစ်သေးပါဘူး။

ကိုယ့်အရွယ်၊ ကိုယ့်သိက္ခာတွေက ရှိသေးတယ်။

ပျို့ရယ်။

ကိုယ့်အချစ်တွေက ပျို့အပေါ်မှာပဲ ရှိနေတယ်။

အမှားအမှန်တွေကိုတောင် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့ပါဘူး။





"အာစရိ ... "

"ဟင်း ... "

"မသော်သော်မွှန်းကို မချစ်ဘူးဆိုတော့ ... "

သူ ... မြနိုင်ကို ဆတ်ခနဲကြည့်မိသည်။

"ကျွန်တော့် အာစရိစိတ်ဝင်စားနေတာက မပျို့ဖြူထင် တယ် ... "

"မဟုတ်တာကွာ ... "

သူ ဝန်မခံချင်။

ရှောင်လွှဲဖို့ ကြိုးစားလိုက်သည်။

"ပျို့အတွက်ဆိုရင် အာစရိ ပျာယာခတ်အောင် ဖြည့်စွမ်းပေး နေတာပဲ... ပျို့ ချစ်သူထားတဲ့ကိစ္စ ကန့်ကွက်နေတာကိုက"

"သော်သော်မွှန်းတို့မိသားစုအတွက်ပါ ... ငါက မိတ်ဆွေ ကောင်းတစ်ယောက်အနေနဲ့ ကူညီတာပါ မြနိုင် ... "

ပြောပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့မိသည်။

"ဟင်း ... "

သက်ပြင်းမောကြီးကို ပြင်းပြစွာဖြင့် မှုတ်ထုတ်ပစ် လိုက်မိ၏။

ပျို့ကြောင့် စိတ်သောကတွေ အရမ်းခံစားနေရ သည်။

"ပျို့ရယ် ... မင်းကိုမှ ဘာဖြစ်လို့ ချစ်မိသွားရတာလဲကွာ"



www.burmeseclassic.com

မြနိုင်ပင် ရိပ်မိနေသည်။

ပျို့နှင့်ပတ်သက်ပြီး သူ ဟန်မဆောင်နိုင်လော အောင်ပဲ ဖြစ်ရ၏။

အသက်အရွယ်နဲ့ ဂုဏ်သိက္ခာတွေကိုပင်မငဲ့ကွက် တော့။

ဘာဆက်လုပ်ရမလဲ ကျော်ကျော်မောင်။

သော်သော်မွန်းကိုပဲ ရွေးချယ်လိုက်ရမလား။

သူ့စိတ်တွေက လက်မခံနိုင်လောက်အောင် နေသည်။

ပျို့ကို အရမ်းချစ်တယ်။

ရယူပိုင်ဆိုင်ချင်တယ်။

ပိုင်ဆိုင်ခွင့်ရအောင် ဘယ်လိုနည်းနဲ့မဆို ကြိုး နေမီသည်။





## အခန်း (၂၁)

… 

"ဖေဖေ့ကျန်းမာရေး အရမ်းချို့တဲ့နေပြီတဲ့ ပျို့ … မမတို့ လိုက်သွားရမယ် … ပျို့လိုက်ခဲ့ရမယ် … "

"ပျို့ လိုက်မှာပါ မမ … ဒါပေမဲ့ ဗလနဲ့တော့ ခဏလေး ဖြစ်ဖြစ် တွေ့ခွင့်ပေးပါနော် … "

"မတွေ့ရဘူး ပျို့ … မမ သဘောမတူဘူးလို့ ပြောထားပြီး ပြီပဲ … ဖေဖေ နေမကောင်းဘူး … ဒီအကြောင်းတွေ ထပ် မပြောနဲ့တော့နော် … "

"မမ … "

"ထပ်မပြောနဲ့တော့ … "

"ဗလမှာ ဘာအပြစ်တွေ ရှိလို့လဲ … "

www.burmeseclassic.com



"ဘာအပြစ်ပဲရှိရှိ မမလက်မခံနိုင်ဘူးလို့ ပြောထားပြီးပြီပဲ"

"ဖျို့ဘက်ကလည်း နည်းနည်းပါးပါးငဲ့ညှာပေးပါဦး မမ"

"တော်ပြီ ဖျို ... ခရီးသွားဖို့ ပြင်ပေတော့ ... ကျော်လိုက်ပို့မယ်တဲ့ မေမေနဲ့တွေ့မှ ... ဖျိုတောင်းဆိုချင်တာတွေကို တောင်းဆိုတော့ ... "

မွန်း မပြောချင်တော့။

မေမေပဲ ဆုံးဖြတ်ပါစေ။

ဖျို့ကိုလည်း မွန်းစိတ်ထဲမှာ သနားနေမိသည်။

ဗလနှင့် တွေ့ခွင့်ပေးလိုက၏။

ကျော်က လက်မခံ။

ယောက်ျားလေးချင်းဆိုတော့လည်း ကျော်က ပိုသိမှာပဲ။

မွန်း ဘယ်လိုဆုံးဖြတ်ရမှန်းပင် မသိ။

ညက ...

ပြတင်းပေါက်ဖွင့်လိုက်တော့ ကောင်လေးထိုင်နေတာ တွေ့ရသည်။

ဖျို့ရဲ့အခွင့်အရေးတွေကိုလည်း မွန်းတားဆီးပိတ်ပင်လိုခြင်းမရှိပေ။

ကျော့်စကားတွေကို မွန်းနားထောင်နေမိတာပါ။

"ဖျို အဝတ်အစားတွေ ထည့် ... မနက်ဖြန် ခရီးထွက်ရမယ်"





မမ ထွက်သွားသည်။

ဖျို ...ဘယ်လိုလုပ်ရမလဲ။

ဗလရယ်။

ဖျို ထွက်ပြေးလာချင်စိတ်တွေ ပေါက်လာပြီ။

ဖေဖေနေမကောင်းဘူးတဲ့။

ဖျို လုပ်ချင်တိုင်းလုပ်လို့ မဖြစ်သေးပါဘူး။

စိတ်တွေကို ထိန်းနေရသည်။

မနက်ဖြန် ...

ဖေဖေ့ဆီကို သွားရမယ်။

အဝတ်အစားတွေကို ထည့်နေတာပင် စိတ့်ထဲမှာ င်အားတွေ မှဲ့နေသည်။

ဖျိုသိထားတာကတော့ ဗလမှာ ဘာအပြစ်မှမရှိတာ ဘဲ။

ဗလရဲ့ ချစ်သူဖြစ်ချင်တဲ့ မိန်းကလေးတွေ အများ ကြီးရှိသည်။

ဖျို့ကို ဗလချစ်ပါတယ်။

မမက ဘာကြောင့် လက်မခံရလည်းဆိုတာ စဉ်းစား ရ။

ညက ...

မှောင်မိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို ထည့်ရင်း ပျို ဗလများ အောက်မှာ ရောက်နေမလားလို့ တွေးမိလာ၏။

ပြတင်းပေါက်ဖွင့်လိုက်သည်။

ပျိုတို့တိုက်ရှေ့ပလက်ဖောင်းဘေးမှာ ဗံဒါပင်ကြီးရှိ၏။

ခုံတန်းလေးရှိသည်။

ပျိုတို့ ပြတင်းပေါက်ကနေ မြင်နေရ၏။

ဗလများ ရှိနေမလား။

"ဟင် ... "

ဗလ ... ထိုင်နေသည်။

ပျို့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

ဗလကို တွေ့ချင်လာမိသည်။

မမက မီးဖိုခန်းထဲမှာ ရှိနေသည်။

ပျို အောက်ဆင်းသွားရင် ကောင်းမလားဟုစဉ်းစား နေမိသည်။

ဗလမှာလည်း အပြစ်မရှိပါဘူး။

မမ ...

ဘာဖြစ်နေတာလဲ။

ဗလ ထိုင်နေသည်။

ဘယ်အချိန်အထိ ထိုင်နေမှာလည်းဆိုတာ စဉ်းစား





မိပြီး စိတ်တွေပူနေမိ၏။

"တီ ... တီ ... "

"တီ ... တီ ... "

"ဟင် ... "

ဗလ ဖုန်းဆက်နေပြီထင်တယ်။

သူမဖုန်းကို ဖွင့်ပြီး နားထောင်လိုက်မိသည်။

"ပျို ... "

"ဟင် ဗလ ... "

"ကိုယ်အောက်မှာ ရောက်နေတယ် ... "

"ဗလ ... "

"ဟင် ... "

"ပြန်နော် ... "

"မပြန်ဘူးကွာ ... "

"မနက်ဖြန် ပျိုတို့ ခရီးထွက်ရတော့မယ် ... ဖေဖေ နေမကောင်းဘူးတဲ့ ... "

"အခုခဏလေးဖြစ်ဖြစ် ပျိုဆင်းတွေ့ပါလား ... ကိုယ်အရမ်းတွေ့ချင်နေလို့ပါ ... "

"မဖြစ်ဘူးထင်တယ်... မမရှိနေတယ် ... ဖေဖေနေမကောင်းဖြစ်နေတဲ့အချိန်မှာ မမကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှာတယ်လေ ... ပျိုမတွေ့လည်း ကိုယ်ထိုင်နေမှာပါ ... အေးအေးဆေးဆေးပြန်မယ် ... "

"မနေပါနဲ့ ဗလရယ် ... ပျိုစိတ်ပူလို့ပါနော် ပြန်ပါ ... "

"ဗလ ထိုင်ချင်နေသေးတယ်ကွာ ... "

ဗလ ဖုန်းပိတ်လိုက်သည်။

"ဗလ ... "

ဒုက္ခပါပဲ။

ဗလ ဆက်ထိုင်နေမှာပဲ။

ပြန်နိုင်းလို့ မရ။

အောက်ကိုခဏဆင်းပြီး ဗလကိုတွေ့ရင် ကောင်းမလား။

တွေ့လိုက်မယ်။

မမအလုပ်တွေ ရှုပ်နေသည်။

ပျို အောက်ဆင်းလာခဲ့သည်။

"ဗလ ... "

"ဟင် ... ပျို ... "

ပျို့လက်လေးကို ဗလက တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ပျို ဆင်းလာတယ်နော် ... ဗလ အရမ်းတွေ့ချင်နေတာကွာ ... "





"ပြန်နော် ဗလ ... ပျို မနက်ဖြန် ဖေဖေ့ဆီ သွားမလို့ အိပ်တော့မယ် ... "

"ခဏလေး တွေ့ရအောင်ပါ ပျိုရာ ... ကိုယ်အပေါ်တက်ပြီး မမနဲ့ တွေ့မယ် ... "

"မတွေ့ပါနဲ့ ဗလရယ် ... မမကာ ပြောလို့ရမှာမဟုတ်ဘူး ဦးလေးကြီးတောင် ပြောလို့ မရတာ ... "

"ဒါဆို ကိုယ် ဦးလေးကြီးနဲ့တက်ပြီးတော့ တွေ့မယ် ... အကျိုးအကြောင်းရှင်းပြမယ် ... "

"ဗလရယ် ... ပြန်ပါ ဦးလေးကြီးလည်း ဗလ ပျို့ကို ဘယ်လောက်အထိ ချစ်တဲ့အကြောင်း သိပါတယ် ... မမကိုက ဘာဖြစ်လို့ ကန့်ကွက်နေမှန်း မသိဘူး ... "

"ပျို ... "

"ဟင် ... "

"ကိုယ့်ကို ချစ်လား ... "

"ချစ်ပါတယ် ... ဗလရယ် ... ပျို့ကို ယုံပါနော် ... "

"ကိုယ် စိတ်ပူနေတယ် ... ပျိုနဲ့ ဝေးရမှာ စိုးရိမ်နေတယ်ကွာ ... "

"မဝေးပါဘူး ... စိတ်ချပါ ဗလရယ် ... ပျို ဗလကလွဲပြီး တခြား ဘယ်သူ့ကိုမှ မချစ်ပါဘူး ... ဗလလည်း သစ္စာရှိပါနော် ... "

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ပျို … ကိုယ့်ဘဝမှာ ပျိုက အချစ်ဦးပါ … ပျိုယုံပါကွာနော် … "

"ပျိုယုံပါတယ် ဗလ … တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ အခြေအနေတစ်ခုကို စောင့်နေကြရအောင် … "

"ပျို … ကိုယ်စိတ်ပူတယ်ကွာ … အရမ်းကို စိတ်ပူတယ်"

"ပျို့ကိုလည်း စိတ်ချပါ … ဗလကလွဲပြီး ပျို ဘယ်သူ့ကိုမှ မချစ်ဘူး … "

"ပျိုရယ် … "

ပျို့လက်လေးကို ဗလ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ပျို … "

"ဟင် … မမ … "

မမနှင့် ဦးလေးကြီး။

"ခဏလေး ဗလနဲ့ လာတွေ့တာပါ မမ … "

"တက်စမ်း … "

"မမ … "

"ဗလ … မင်းပြန်ပါ … ပျို့ကို နောက်ထပ်ဘယ်တော့မှ မပတ်သက်စေချင်ဘူးကွာ … "

"ဗလ ရှင်းပြပါရစေ မမ … ပျို့ကို ဗလစစ်မှန်တဲ့ မေတ္တာတွေနဲ့ ချစ်တာပါ … မမတို့ဘက်က ဖြစ်စေချင်တဲ့ ဆန္ဒတွေ





အတိုင်းပဲ ကျွန်တော့်ဘက်က လိုက်လျောပါ့မယ် … "

"မွန်း အထဲဝင်တော့ နောက်မှ ညှိကြလေ … ညမိုးချုပ်ကြီး ပတ်ဝန်းကျင်မှာ မကောင်းဘူး … ပျို တက်တော့ … ဗလ ဒီညတော့ ပြန်ပါကွာ … ပျို့ဖေဖေလည်း နေမကောင်းဘူး … "

သူ …

တားဆီးလိုက်သည်။

ပျို အောက်ဆင်းသွားကတည်းက သူ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး မွန်းကို အသိပေးခဲ့၏။

"အစ်ကို … "

"ဗလ အစ်ကိုသိပါတယ် … လောလောဆယ်တော့ မင်းပြန်ပါ … မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာက ရှိနေသေးတယ်လေ … "

မမပြန်သွားသည်။

"ပျို တက်လေ … "

ပျို အပေါ်ထပ်သို့ တက်သွားတော့သည်။

"မမ ပျိုတို့ချစ်ခြင်းကို မခွဲပါနဲ့နော် … ဗလက လူကောင်းတစ်ယောက်ပါ … ပျို့ကိုလည်း 'အရမ်းချစ်တာပါ … "

"ပျိုစကားမရှည်နဲ့ ညည်းမိန်းကလေးဖြစ်ပြီး ဒီလောက် အရှက်မရှိဘူးလား … ပတ်ဝန်းကျင်က ဘာပြောမလဲ …



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနေမကောင်းဘူးလို့ ပြောထားတယ်မဟုတ်လား ပျို”

သော်သော်မွန်းက ပျို့ကို ဒေါသတကြီးဆူနေသည်။

သူက ပြောရှုဖြစ်၏။

“မမ ပျို့ကို အဲဒီ့လောက်အထိ မပြောပါနဲ့ ဗလအောက်မှာ ထိုင်နေလို့ ပြန်ဖို့သွားပြောတာပါ ... ”

“မေမေသာသိရင် စိတ်သောက ဘယ်လောက်ရောက်ရမလဲ နင့်ကို ဗလနဲ့ မပတ်သက်ပါနဲ့လို့ ငါပြောထားတယ်မဟုတ်လား ... ”

ဖေဖေ နေမကောင်းရတဲ့အထဲ ပျို့က ပြောမရ၍ သော်သော်မွန်း စိတ်ညစ်နေမိသည်။

ကျော် စိတ်ကွက်သွားမှာလည်း စိုးရိမ်နေရ၏။

ပျို့ကြောင့် မွန်းတို့မိသားစုအပေါ် အထင်မသေးစေလိုပေ။

စိတ်ကောက်ပြီး ပျိုအခန်းထဲဝင်သွားတော့သည်။

“ပျို့ကြောင့် အရမ်းစိတ်ညစ်ရတယ် ကျော်ရယ် ... မွန်း အရမ်းစိတ်သောကတွေ ရောက်နေရတယ် ... ”

သူ့ကြောင့် သော်သော်မွန်း စိတ်အနှောင့်အယှက် ဖြစ်နေတာကိုလည်း သူသိနေသည်။

သော်သော်မွန်း မျက်နှာတွေက ညှိုးရော်နွမ်းလျ နေ၏။





အားပေးနှစ်သိမ့်စကားတွေပြောဖို့အတွက် ဝန်လေး နေမိသည်။

သူ့စိတ်တွေက ပျို့ဆီပဲ ရောက်နေ၏။

ဒီကောင်လေးအပေါ် ပျို စွဲလမ်းနှစ်သက်နေသည်။

သူ့အပေါ် အစ်ကိုတစ်ယောက်ပုံစံမျိုးပဲ ရှိနေ၏။

“ကျော် ... ”

“ဟင် ... ”

“ပျို့ကို စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်နော် မွန်းအားကိုးပါရစေ ကျော်ရယ် ... ”

“မွန်း ... ”

“ဟင် ... ”

“ပျို့ကို အလွတ်မပေးနဲ့နော် ... တော်ကြာ ဗလဆိုတဲ့ ကောင်လေးက ဖုန်းဆက်ပြီး ခေါ်နေဦးမယ် ... ပျိုတစ်ခုခုဖြစ်သွားရင် မွန်းဖေဖေက နေမကောင်းဘူး မဟုတ်လား”

“မွန်း သိပါတယ် ကျော်ရယ် ... ဒီကောင်မလေးကိုတော့ စောင့်ကြည့်ထားရမှာပဲ ... ”

“ဗလမိဘတွေက ချမ်းသာကြတယ်လေ ... ပျို့နဲ့ သဘော မတူဘူးဆိုရင် ... ဘယ်လိုလုပ်မလဲ ... အားလုံး စိတ်သောကရောက်ရမယ် ... မွန်း ဂရုစိုက်ကြည့်ထားနော်”

“အင်း ... မွန်းကြည့်ထားမယ် ... အခန်းတံခါးကို အပြင်က



www.burmeseclassic.com

www.burmeseclassic.com



နေ စိတ်ထားမယ် … ကျော့်ကိုလည်း အားနာစရာကောင်း
နေပါပြီ … "

"ကိစ္စမရှိပါဘူး မွန်း … ကိုယ် စောင့်ရှောက်ပေးမှာပါ …"

"ကျေးဇူးပဲနော် … "

သော်သော်မွန်းရဲ့ မျက်ဝန်းတွေက အားကိုးတကြီး
နှင့် သူ့ကိုကြည့်နေသည်။

သူ …

ကျောခိုင်းလိုက်သည်။





## အခန်း (၂၂)

…

ပျို …

ကိုယ်ချစ်တယ်။

ဦးလေးကြီးချစ်တယ်ကွာ။

ရင်ထဲမှာ မွန်းကျပ်နေပြီ။

ဘယ်လိုရင်ဖွင့်ပြောရမလဲ။

သူ့ခံစားမှုတွေကို ပျိုသိသွားရင် ဒေါသဖြစ်မလား။

ပျို့မျက်ဝန်းလေးတွေက ခရမ်းကိုကြေကွဲနေ
သည်။

ကိုယ်က ပျို့ကို ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ။

ပျို သိလား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဆန်းကြယ်တယ်လို့ပဲ ပြောရမလား ပျို။

ကိုယ် မိန်းကလေးတွေကို ဘယ်တော့မှ စိတ်ဝင်စားခဲ့တာ မဟုတ်ပါဘူး။

မခံစားတတ်ခဲ့ဘူး။

သော်သော်မွန်းလို မိန်းကလေးကိုတောင် ကိုယ့်စိတ်တွေ လုံးဝမလှုပ်ရှားခဲ့ဘူး ပျို။

ပျို့ကိုတွေ့မှ ...

မထင်မှတ်ဘဲ သူ့မြင်ကွင်းထဲသို့ ကောင်မလေးတိုးဝင်လာပြီး ဓွဲလမ်းနှစ်သက်မြတ်နိုးသွားရသည်။

ကိုယ် ... ပျို့ကို ချစ်တယ်။

အရမ်းချစ်တယ်။

မြတ်နိုးတယ်။

သူ ...

ကားကို မောင်းနေသည်။

ပျို့အား ဗလနှင့် ဝေးရာသို့ ခေါ်ဆောင်လာရတာပင် စိတ်ထဲမှာ အေးချမ်းမှုရှိနေခဲ့ရ၏။

ကားရှေ့ခန်းမှာ သော်သော်မွန်း ထိုင်နေသည်။

နောက်ခန်းမှာက ပျို ...

မှိုင်ဝေကြေကွဲတဲ့ မျက်ဝန်းလေးနှင့် ထိုင်နေသည်။





ပျို အတော်လေး ကြေကွဲနေပုံပင်။

ကိုယ် စိတ်မကောင်းပါဘူး ပျို ... ။

မတတ်နိုင်ဘူး။

မင်းနဲ့ ဗလကို ဝေးသွားအောင် ကိုယ်အတတ်နိုင်ဆုံး ခွဲပစ်ရမှာပဲ။

မတရားတာ မဟုတ်ဘူး။

ချစ်လို့ပါ ပျို ... ။

မင်းကို ရယူပိုင်ဆိုင်လိုတဲ့ ဆန္ဒတွေ ပြင်းပြနေမိတယ်။

ကိုယ့်အချစ်တွေကို ပျိုလက်ခံမလား။

ပျို မှိုင်တွေစွာ ငြိမ်သက်တိတ်ဆိတ်နေတာပင်။ သူ့စိတ်တွေက တုန်လှုပ်ချောက်ချားနေရ၏။

မင်း ဘာတွေ ကြံစည်နေမလဲ။

ဗလကို သတိရနေတာလား။

"ပျို ... "

"ဟင် ... "

"ငြိမ်လှချည်လား ... ဗိုက်ဆာလား ... "

ပျို ဗလအကြောင်းတွေးနေတာပင် သူ့စိတ်က မနာလို ဝန်တိုသလို ဖြစ်နေမိသည်။

အတွေးတွေကို ဖျက်ဆီးပစ်ဖို့ ကြိုးစားလိုက်မိ၏။

ဓ စ တ န ၁ စ ၁ ဓ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... "

"သာလိကာမလေး အခုမှဘာဖြစ်လို့ငြိမ်သက်နေရတာလဲ"

"ဇလအကြောင်း စဥ်းစားနေတာလေ ... "

"ပျို ... "

သော်သော်မွန်းက လှမ်းပြီးဟန့်တားသလို အော်လိုက်သည်။

ပျိုက ရွှဲတတ်၏။

"နင်မရွှဲနဲ့နော် ... ဖေဖေနေမကောင်းဘူးလို့ ပြောထားတယ်နော် ... "

"ပျိုရွှဲတာ မဟုတ်ဘူး ... တကယ်ပြောတာ ... "

"ပျို ... "

"မမက ပျို့အတွေးကိုတောင် လက်မခံနိုင်တော့ဘူးလား ဘာလဲ ပျို့မှာ အဲဒီလောက်အထိတောင် အခွင့်အရေးမရှိတော့ဘူးလား ... "

"သော်သော်မွန်း ပျိုနေချင်သလို နေပါစေ မတားပါနဲ့ကွာ"

သူ ...

သော်သော်မွန်းကို ဟန့်လိုက်သည်။

သဘောကောင်းချင်ယောင်ဆောင်ရပေမဲ့ ပျို့ရင်ထဲက ဇလကို ဘယ်လိုခွဲထုတ်ပစ်ရမလဲ။

ပျိုရယ် ... ကိုယ့်ကို ချစ်ပါလား။





လက်ထပ်ပါရစေ။

ကိုယ်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ အားလုံး မင်းယူပါ။

မင်း ပျော်သလိုနေပါ။

ဇလကို မေ့ပစ်လိုက်စမ်းကွာ။

မင်းနှလုံးသားတွေထဲကနေ အပြီးအပိုင်ဖယ်ထုတ်လိုက်စေချင်တယ်။

"ကျော် ... "

"ဟင် ... "

"ပျိုအရမ်းခေါင်းမာလို့ မွန်းစိတ်ညစ်တယ် ... "

"ဆိုးတယ်လေ ... "

"မွန်း ... "

"ဟင် ... "

"ပျိုနေချင်သလိုနေပါစေ ... "

ပျို ရှေ့မှာ တမင်အမှတ်ယူနေခြင်းဖြစ်သည်။

တကယ်တော့ ...

မွန်းကို လက်မခံဖို့ သူပဲ ကျပ်ထားတာဖြစ်သည်။

"ဦးလေးကြီး ... "

"ပြောလေ ပျို ... "

"ဗိုက်ဆာတယ် ... "

"ဗိုက်ဆာလား ရတာယ် ... ရှေ့နားက ဆိုင်မှာရပ်ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



နော် – ပျို့ ဆာပြီပေါ့ ကိုယ်ကားရပ်ပေးမယ် ... ”

ပျို့ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ အဆင်သင့်ဖြစ်နေသည်။

ကားကို ရပ်လိုက်သည်။

“ဆင်းလေ ပျို ... ”

ပျိုဆင်းပြီး ဆိုင်ထဲသို့ ဝင်သွားသည်။

“ပျို အရင်ကနဲ့ လုံးဝမတူဘူး ကျော် ... ဗလဆိုတဲ့ကောင်လေးကြောင့် ကလန်ကဆန်လုပ်ချင်တယ် ... ”

မွန်း စိတ်ညစ်နေမိသည်။

ပျိုက စားစရာတွေမှာပြီး အေးဆေးစွာ စားနေ၏။

“ဆင်းလေ မွန်း ... ”

“မဆင်းတော့ပါဘူး ... မွန်း စိတ်ပူပြီး ရင်ပြည့်နေတယ်”

“ဒါဆို မွန်း ကားပေါ်မှာပဲ ထိုင်နေလေ ... ကိုယ်လည်း ဆာနေတယ် ... ပျို့ကိုလည်း ချော့မော့ဖျောင်းဖျစကားတွေ ပြောရဦးမယ်လေ ... ”

သော်သော်မွန်းကတော့ ... သူ့စကားတစ်ခွန်းက အတည်ပဲ ဖြစ်သည်။

သူ့ကံကြမ္မာပဲလား။

သော်သော်မွန်းကို ချစ်၍မရ။

စိတ်တွေက တည်ငြိမ်နေတာပဲဖြစ်သည်။





ပျိုပဲ။

ကိုယ်ချစ်တာ ပျိုပါ။

“ပျို ... ”

“ဟင် ... ”

“ကိုယ်လည်း ဆာလို့ ... ”

“စားလေ ... ”

သူ ထိုင်နေသည်။

“မမရော ... ”

“မစားဘူးတဲ့ အဖေ့အတွက် စိတ်သောကတွေ ရောက်နေတယ် ... ပျို့အတွက်ရောပဲ ... ”

“ပျိုက ဘာဆိုင်လို့လဲ ... မိန်းကလေးတစ်ယောက်အနေနဲ့ သင့်တော်တဲ့ အိမ်ထောင်ဘက်ယောကျ်ားတစ်ယောက်ကို ရွေးချယ်ပိုင်ခွင့်မရှိဘူးလားဟင် ... ဦးလေးကြီး ... ”

ပျို့စကားတွေက မှန်နေ၍ ငြင်းရခက်နေသည်။

ထောက်ခံဖို့ကလည်း မထောက်ခံလိုပေ။

“ဗလမှာ ဘာအပြစ်ရှိလို့လဲ ဦးလေးကြီးရယ် ... ချမ်းသာတယ် ... ပညာတတ်တယ် ... စီးပွားရေးလုပ်နေပြီ ... ပျို့ကိုလည်း အရမ်းချစ်တယ် ... ပျို မရွေးချယ်သင့်ဘူးလား ... ”

“ပျို ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"မမက ပျို့ကို ပိုချစ်မြတ်နိုးတယ်ဆိုတာ ယုံပါ ... ဗလက ကောင်မလေးတွေနဲ့ နာမည်ပျက်ထားတာရှိတော့ ... "

"ဒါက အရင်ကပါ အခုနောက်ပိုင်း ပျို့ကိုပဲ တန်ဖိုးထားပြီး အရမ်းချစ်ခဲ့တာပါ ... "

ခက်တာပဲ။

ပျို့ကို ဘယ်လိုဖျောင်းဖျရမှန်းပင် မသိတော့။

"တစ်နေ့ကျရင် ပျို့ကို ဗလထက်ချစ်တဲ့သူတွေ လာနိုင်တာပဲ ... ပျို့ဘက်က မိဘတွေဆန္ဒကိုပဲ ဦးစားပေးသင့်တယ်လေ ... "

"ပျို ဗလကိုပဲ ချစ်တယ် ... မမအနေနဲ့ အခုလိုလုပ်တာ ပျို့အပေါ် ရက်စက်တာပဲ မဟုတ်လား ... "

"မဟုတ်သေးဘူး ပျို ... ဖေဖေ နေမကောင်းတဲ့အချိန်မှာ ပျိုစိတ်လိုက်မာန်ပါ မလုပ်သင့်ဘူးလေ ... "

"ဒါကြောင့် ပျိုမလုပ်တာပေါ့ ... ဦးလေးကြီး ဗလမိဘတွေကလည်း ပျို့မိဘတွေ စိတ်တိုင်းကျ စီစဉ်ပေးပါ့မယ်လို့ ပြောထားပြီးပြီပဲ ... "

"ဒီလောက်ကြီး လောကြီးစရာမလိုပါဘူး ပျိုရယ် ... ခေါင်းအေးအေးထားပါ ... ပျို့အပေါ် ဗလထက် ချစ်မြတ်နိုးတဲ့သူ ရှိလာမှာပါ ... "





"ဦးလေးကြီးအတိအကျ ပြောနိုင်မလား ... ဗလနဲ့ ပျိုက သက်တူရွယ်တူ သူငယ်ချင်းတွေ ... ပြီးတော့ ဦးလေးကြီး သိထားဖို့က ဗလက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ ..."

ကိုယ်လည်း ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါပဲ ပျိုရယ်။

ပျို့ကို ချစ်မြတ်နိုးတဲ့သူပါ။

တန်ဖိုးထားပြီး ချစ်တာ သိစေချင်တယ်။

သူ ... မစားချင်တော့။

ပျိုဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်မိပြီး စိတ်သောကတွေ ကြီးမားစွာ ခံစားနေရသည်။

အသိတရားတွေက သူ့ကို ဆင်ခြင်တုံတရားရှိဖို့ သတိပေးနေပေမဲ့ သူ့နှလုံးသားတွေက လက်မခံခဲ့။

ပျို့ကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားချင်နေမိသည်။

"ဦးလေးကြီး ... "

"ဟင် ... "

"မမမွန်းကို လက်ထပ်ပါလား ... "

"ဟင် ... "

"မမမွန်းက အဘက်ဘက်ကနေ ပြည့်စုံနေတာပါ ... ဦးလေးကြီးသာ မမမွန်းကို လက်ထပ်လိုက်ရင် ပျို့အတွက် အခွင့်အရေးရမှာပါ ... "



www.burmeseclassic.com

ပျို့ဆဲ့ ...
မလိုက်လျောနိုင်ဘူး။
သော်သော်မွန်းတို့ကို ကိုယ်လုံးဝမချစ်ဘူး။
ကိုယ်ချစ်တာ ပျို့ပဲ။
ပျို့ကို ချစ်တယ်။

"ဦးလေးကြီးနဲ့ မမွန်းက အရမ်းလိုက်ဖက်ပါတယ် ... "

"ပျို ... "

"ဦးလေးကြီးက မမွန်းကို ချစ်နေတာ မဟုတ်လား"

"မချစ်ပါဘူး ... ကိုယ်ရိုးရိုးသားသား ကူညီတာပါ ပျို ... သော်သော်မွန်းကို မိတ်ဆွေတစ်ယောက်အဖြစ်ပဲ ခင်တာပါ ... "

"ဒုက္ခပါပဲ ဒီအပျိုကြီး ယောက်ျားရမှ ပျို နားအေးမှာ ... "

မမွန်းကို ဦးလေးကြီးက မချစ်ဘူးတဲ့။
စိတ်ပျက်လိုက်တာ။
အပျိုကြီးပိပိ တစ်ယောက်တည်း ကျန်ခဲ့မှာစိုးပြီး ပျို့ကို နှောင့်ယှက်တာပဲ။

"ပျိုက ဦးလေးကြီးကို မမွန်းနဲ့ အရမ်းသဘောတူတာပဲ စဉ်းစားလိုက်ပါလား ဦးလေးကြီးရယ် ... ပျိုဦးလေးကြီးကို အမျိုးတော်ချင်တာ ... "

ပျို ...





မင်းကို ချစ်တယ်။
ကိုယ်ပြောလိုက်ရင် မင်း ဘယ်လိုတုံ့ပြန်မလဲ။
မုန်းတီးသွားမှာလား။
ကျော်ကျော်မောင် ...
မင်း ... ဘာလို့ သတ္တိမရှိရတာလဲ။
ဦးလေးကြီးလည်း ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါပဲ ဖြစ်ရယ်။

"သွားမယ် ... "

ပျို ...
ထသည်။
ဒီကောင်မလေး စိတ်မြန်ကိုယ်မြန်ဖြင့် ထသွား၏။
သူ့ခြေလှမ်းတွေက လေးလံသလိုကြီးဖြစ်နေသည်။
သော်သော်မွန်းကိုတော့ သူဘယ်တော့မှ လက်ထပ်ပါဘူး။
ကားဆီ ရောက်လာသည်။

"ကျော်လည်း ဒီကောင်မလေး နှိပ်စက်သမျှ ခံနေတော့မှာလား ... အလိုမလိုက်နဲ့ ... "

သူ ... ဘာမှမပြောတော့။
ပျိုကလည်း နောက်မှာငြိမ်သက်စွာ ထိုင်နေသည်။
ကားကိုပဲ ဂရုတစိုက်မောင်းနေမိ၏။

www.burmeseclassic.com



ရင်ထဲမှာ နာကျင်စူးရှနေသည်။

ကိုယ့်ရင်ထဲက အချစ်တွေကို ပျိုသိစေချင်လိုက်တာကွာ။

သော်သော်မွန်းကို လက်ထပ်ဖို့ ဘယ်လိုမှ စိတ်ကူးလို့ မရတာပါ။

သူတို့ရောက်သွားတော့ သော်သော်မွန်းဖခင် ဆုံးသွားသည်။

မိခင်နှင့် သမီးနှစ်ယောက် ကြေကွဲစွာ ငိုကြွေးနေကြ၏။

"ကျွန်မတို့မှာ အားကိုးရာမဲ့ပါပြီ ... ကျွန်မတို့သားအမိကို ရှင်စိတ်ချပြီး ထားခဲ့ပြီလား ... "

ပျို့ကို ချော့မော့အားပေးနှစ်သိမ့်ပေးနေချင်မိသည်။





## အခန်း (၂၃)

ပျို့ကို ဖွင့်ပြောလိုက်တော့မယ်။

ကိုယ့်ချစ်တွေကို ရင်ထဲမှာ သိမ်းထားရတာ မွန်းကျပ်နေပြီကွာ။

ပျို့ကို လက်ထပ်မယ်။

ကိုယ်ပိုင်ဆိုင်ချင်တယ်။

ဘယ်လိုလုပ်ရမလဲ။

ပျိုသိအောင် ကိုယ် ဘယ်လိုရင်ဖွင့်ပြောရမလဲ။

ကိုယ်နေလို့ မရတော့ဘူး။

ပျို့မိခင်ကတော့ သော်သော်မွန်းနှင့် သူ့ကို လက်ထပ်စေချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းကို ပြန်ရောက်လာတော့ ရင်ထဲမှာ ပူလောင်နေရ၏။

ပျို့ကို ဘယ်လိုဖွင့်ပြောရမလဲဆိုတာ စဉ်းစားမရပေ။

"ကျော် ... "

သော်သော်မွန်း ရောက်လာသည်။

"မေမေက ကျော့်ကို တိုင်ပင်စရာရှိလို့တဲ့ ... အိမ်မှာ ထမင်းလာစားနော် ကျော် ... "

"ကိုယ့်ကို တိုင်ပင်စရာရှိလို့ ... "

"အင်း ... "

"ဘာများလဲ ... "

"ကျော်လာခဲ့လေ ... မေမေပြောလိမ့်မယ် ... "

ဘာအကြောင်းတွေလဲ။

သော်သော်မွန်းနဲ့ လက်ထပ်ပေးဖို့ပဲ ပြောမှာလား။

ငြင်းရမယ်။

ကျွန်တော်ချစ်တာက ပျို့ပါ။ ပျို့ကို လက်ထပ်ပါရစေလို့ ပြောမယ်။

သတ္တိရှိဖို့ လိုအပ်သည်ဟု ထင်၏။

မင်း ပျို့ကို ချစ်တယ်မဟုတ်လား။

ဘာဖြစ်လို့ သတ္တိကြောင်နေရတာလဲ။





အန်တီ့ဆီမှာ ပျို့ကိုချစ်တဲ့အကြောင်းနှင့် လက်ထပ်ခွင့်ပြုဖို့ ပွင့်ပွင့်လင်းလင်း တောင်းဆိုရမည်ဖြစ်သည်။

"ကိုယ်လာခဲ့မယ် မွန်း ... "

"အင်း ... "

မွန်း ပြန်သွားသည်။

သူပြင်ဆင်ပြီး ပျို့တို့အခန်းဘက် ရောက်လာခဲ့၏။

"လာလေ ... မောင်ကျော်ကျော်မောင် ... "

"အန်တီက ခေါ်တယ်ဆိုလို့ပါ ... "

"အေးကွယ် ... အန်တီတို့မှာလည်း မောင်ရင့်ကိုပဲ တိုင်ပင်စရာရှိတယ်လေ ... မွန်းကလည်း မောင်ရင့်ဆန္ဒတွေအတိုင်းပဲ ဖြစ်စေချင်လို့ပါ ... "

သော်သော်မွန်းနှင့်များ လက်ထပ်ဖို့ ပြောမှာလား။

သူ ငြင်းရမှာပဲ။

မပြောပါရစေနဲ့။

ပျို့ကိုပဲ လက်ထပ်ခွင့်ပြုဖို့ တောင်းရန် စိတ်ကူးထားပြီးသားဖြစ်နေသည်။

"မောင်ကျော်ကျော်မောင် ... "

"ပြောပါ အန်တီ ... "

"သမီးလေးပျို့ကိစ္စပါ ... "

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗလတို့ဘက်ကနေ တင့်တင့်တယ်တယ်ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးမဲ့အကြောင်း ... လူကြီးချင်း ကမ်းလှမ်းလာတယ်လေ ... "

"ဗျာ ... "

ပျို့ကို ... ဗလတို့ဘက်က တောင်းဆိုလာသည်ဟု ပြောလိုက်သည်။

သူ ...

ဖောချွေးတွေ ပြန်လာပြီး တုန်လှုပ်ချောက်ချားသွားရသည်။

ပျို့ကို ကျွန်တော်လက်ထပ်ပါရစေ။

ဗလထက်သာတဲ့အနေအထားတွေကို ဖန်တီးပေးနိုင်ပါတယ်။

သူ့နှုတ်ခမ်းတွေက လှုပ်မရ။

တင်းကျပ်စွာ စေ့ကပ်နေသည်။

အရှက်တွေ ...

သိက္ခာတွေ ...

ပြောဖို့အတွက် ဝန်လေးတွန့်ဆုတ်နေမိသည်။

"သူတို့ဘက်က တစ်ဦးတည်းသောသားဆိုတော့ သားဆန္ဒတွေအတိုင်း လိုက်လုပ်ပေးပါ့မယ်တဲ့ မိန်းကလေးရှင်ဘက်ကိုလည်း လုံးဝမျက်နှာမငယ်စေရပါဘူးတဲ့ ... အန်တီက





တော့ ... စည်းစိမ်ဥစ္စာတွေထက် သမီးလေးကို ချစ်တဲ့ယောက်ျားတစ်ယောက်ဖြစ်နေလို့ စဉ်းစားနေတာပါ ... "

အန်တီကပါ သဘောတူနေပြီဆိုတော့ သူ အထိတ်တလန့်ဖြစ်သွားရသည်။

တားဆီးဖို့လည်း အသိတွေ ဝင်လာ၏။

"လောလောဆယ်တော့ အလွယ်တကူ လက်မခံသင့်ဘူးလို့ ထင်ပါတယ် အန်တီ ... အန်ကယ်ကလည်း ဆုံးသွားတာ မကြာသေးဘူးလေ ... နည်းနည်းတော့ စဉ်းစားစေချင်သေးပါတယ် ... "

"ဟုတ်ပါတယ် ... အန်တီကလည်း လက်မခံသေးပါဘူး သမီးတို့အဖေ ဆုံးသွားတာ မကြာသေးဘူးမဟုတ်လား"

"ဟုတ်တယ် ... မေမေ ကျော်ပြောတာ လက်ခံသင့်တယ် သမီးတို့က အဆင်းရဲကြီးမဟုတ်ပေမဲ့ သူတို့ထက် နိမ့်ကျတယ်လေ ... အထင်သေးစရာကြီးဖြစ်နေမယ် ... "

သော်ယော်မှုန်းကတော့ သူ့ဘက်ကပဲဖြစ်သည်။

"အန်တီက မောင်ကျော်ကျော်မောင်ကို တိုင်ပင်တာပါ ... အန်တီတို့က မိန်းမသားတွေဆိုတော့လေ ... "

"ဖျို့ကရော ... "

"မေမေ လက်ခံပေးပါတဲ့ ... ဖျို့တို့ချစ်ခြင်းကို မခွဲပါနဲ့တဲ့ အန်တီက နိုးရာလိုက်ပြေးသွားမှာ စိတ်ပူနေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဖျို ...

မင်းက ဗလကို ချစ်နေပြီပဲ။

ကိုယ်တားဆီးရမလား။

ကန့်ကွက်ရမလား။

"ကျော် ... "

"ဟင် ... "

"ဗလကို ကျော် သဘောမကျဘူးလား ... ယောက်ျားလေး ချင်းဆိုတော့ ကျော်က ပိုသိမှာပဲလေ ... "

သော်သော်မွှန်းရဲ့ မျက်ဝန်းတွေက သူ့အလိုဆန္ဒတွေ အတိုင်းပဲ ဖြစ်စေချင်တဲ့ သဘောတွေရှိနေသည်။

"မမေ ... မွှန်းတို့ဆုံးဖြတ်လို့ မဖြစ်ဘူး ... ကျော်က ယောက်ျားလေးချင်း အကဲခတ်တတ်တယ် ... ဖျို့ရှေ့ရေး အတွက် သေသေချာချာတော့ စဉ်းစားသင့်ပါတယ် ... "

"အေးကွယ် ... ထပ်ပြီး တိုင်ပင်ကြသေးတာပေါ့ ... အန်တီ ကတော့ သမီးတွေကို စိတ်ချယုံကြည်ရတဲ့သူတွေ လက်ထဲ အပ်ချင်တာပါပဲကွယ် ... "

သော်သော်မွှန်းအမေက စကားပြောကြဦးဆိုပြီး ထွက်သွားသည်။

ထမင်းစားခန်းထဲမှာ သူနှင့် သော်သော်မွှန်းပဲ ကျန် ခဲ့၏။





"ဖျိုရော ... "

"အခန်းထဲမှာလေ ဖုန်းပြောနေမှာပေါ့ ကျော် ... ဒီကောင် မလေးကို ဖုန်းပေးထားတာ ရည်းစားစကားပြောဖို့ဖြစ်နေ ပြီ ... ကျော် ပြန်သိမ်းထားလိုက်ပါလားဟင် ... "

"နေပါစေ ... ဖျိုနေချင်သလို နေပါစေ မွှန်း ... "

"ကျော် ... "

"ဟင် ... "

"ဗလနဲ့ ဖျို့ကိစ္စကို ကျော်ဘယ်လိုဆုံးဖြတ်မလဲ ... "

ကိုယ်ဘယ်လိုစဉ်းစားဆုံးဖြတ်မှန်းမသိအောင်ပါပဲ ဖျို။

ဖျို့ကို လက်ထပ်ပါရစေလို့ ပြောဖို့ ကိုယ်ဝန်လေး နေမိတယ်။

ကိုယ့်အသက်အရွယ်၊ ကိုယ့်ဂုဏ်သိက္ခာတွေကြောင့် ပဲ။

မင်းက ဗလချစ်သူ ...

ငယ်ရွယ်တဲ့ဗလကို ကိုယ်ဘယ်လိုယှဉ်ပြိုင်ရမလဲ။

ရှုံးနိမ့်မှာပါပဲ။

ပြီးတော့ ...

ဖျိုချစ်မြတ်နိုးနေတာက ဗလ ... ။

"ကျော် သဘောမကျဘူးမဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ပျိုက ချစ်နေတော့ ခက်တယ် မွန်း ... "

"မွန်းကန့်ကွက်မယ် ... ဗလကို ကျော်သဘောမကျဘူး ဆိုရင် ပြော ... "

"လောလောဆယ်တော့ ... မွန်းကန့်ကွက်ထားပါ ... ဗလကို လေ့လာစရာရှိတာ လေ့လာရအောင်လေ ... "

"အင်း ... ကျော်က ကန့်ကွက်တယ်လို့မပြောပါဘူး ... မွန်းပဲ ကန့်ကွက်မယ် ... ပျို့ရှေ့ရေးပဲ ... ပျို ဘယ်လောက်မှန်းပါစေလေ ... ကျော့်ဆုံးဖြတ်ချက်ကိုပဲ မွန်းတို့လက်ခံမယ်"

ကိုယ် ...

ကန့်ကွက်မယ်။

မင်းကို ဗလလက်ထဲ ဘယ်တော့မှ မထည့်နိုင်ဘူး

ကိုယ်ပဲ ပိုင်ဆိုင်စေရမယ်။

"ပျို့ကိုလည်း ကျော် ဖျောင်းဖျပေးပါဦးနော် ... "

"ကိုယ်ပြောရင် ... မကောင်းဘူး မွန်းပဲ ကန့်ကွက်ပါ ... နောက်မှ ဖြည်းဖြည်းချင်း ကိုယ်ပြောပါ့မယ် ... "

သော်သော်မွန်းကတော့ သူထားရာနေ စေရာသွားမဲ့ မိန်းကလေးပဲ။

ဒါပေမဲ့ ...

အချစ်တော့ မရှိ။

သူ့နှလုံးသားတွေထဲမှာ ပျိုပဲရှိသည်။





ထမင်းစားပြီး သူ ပြန်ထွက်ဖို့ ပြင်လိုက်သည်။

"ဦးလေးကြီး ... "

"ဟင် ... "

"ပျို့နဲ့ ဗလအကြောင်း မေမေပြောပြလား ... "

"အင်း ... "

"ဗလဘက်က ဒီလောက်လိုက်လျောနေတာ ပျိုတို့ ခိုက်တင်ခံနေလို့ မဖြစ်သေးဘူးလေ ... မမွန်းက ခုထိ လက်မခံဘူးဖြစ်နေတယ် ... ဦးလေးကြီးပြောပေးပါနော် ... "

ပျိုက မျှော်လင့်တကြီး မျက်ဝန်းလေးနှင့် ပြောနေသည်။

"ဦးလေးကြီး ... "

"ဟင် ... "

"ပျို့ကို စိတ်ချမ်းသာစေချင်တယ်ဆို ... "

"အင်း ... "

"ဗလတို့ဘက်က တောင်းဆိုမှုတွေကို လက်ခံလိုက်ဖို့ ပြောပေးပါနော် ... "

"ကိုယ် ဖြည်းဖြည်းတော့ ပြောပေးပါ့မယ် ပျို ... ကိုယ်သွားတော့မယ် ... "

သူ ...

ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းရောက်တော့ ... ။

"အာစရိ ... "

"ဟင် ... "

"အလုပ်တွေကိုလည်း ပစ်ထားတယ်ဆိုပြီး ရုံးက ဖုန်းဆက်ခေါ်နေတယ် ... "

သူ ဘာမှမပြောဘဲ အိပ်ခန်းထဲဝင်ဖို့ ပြင်မိသည်။

"အာစရိ ... "

"ဘာလဲ မြနိုင် ... "

"ပျို့ဆိုတဲ့ ကောင်မလေးအတွက် အာစရိ ခံစားနေရတာလား ... "

မြနိုင်ကို ဘယ်လိုအဖြေပေးရမှန်းပင် မသိတော့။

"ဒါဆိုရင် ... အာစရိစိတ်တွေကို အတတ်နိုင်ဆုံး ဖျောက်လိုက်ပါ ... မဖြစ်နိုင်ဘူး ... ဒီမိန်းကလေးမှာ ချစ်သူရှိတယ် အာစရိအသက်အရွယ်နဲ့ ဂုဏ်သိက္ခာအတွက်ပါ ... "

မြနိုင်အနားကနေ ထွက်လာခဲ့ပြီး အခန်းထဲ ဝင်လာခဲ့မိသည်။

အိပ်ရာပေါ် လှဲအိပ်လိုက်၏။

ပျို့ ...

မင်းကြောင့် ကိုယ့်အလုပ်တွေလည်း လစ်ဟင်းနေတယ်။





စိတ်တွေ ယောက်ယက်ခတ်ပြီး မတည်မငြိမ်ဖြစ်ရသည်။

ကိုယ်အရမ်းခံစားနေရတယ် ပျို့။

ပျို့ကို ချစ်တယ်လို့ ဖြောင့်ပဲဖွင့်ပြောလိုက်ရင် ကောင်းမလား။

အန့်တီ ကျွန်တော် ပျို့နဲ့လက်ထပ်ပါရစေလို့ ပြောလိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

သူ အိပ်ပျက်တဲ့ညတွေ များပြားနေပြီဖြစ်သည်။

စိတ်တွေ လှုပ်ရှားနေ၏။

မြနိုင်ပင် သူ့စိတ်တွေကို ရိပ်မိနေပြီဖြစ်သည်။

"မဖြစ်နိုင်ဘူး အာစရိ ... အာစရိအသက်အရွယ်နဲ့ ဂုဏ်သိက္ခာအတွက်ပါ ... "

အိပ်ရာပေါ်မှ ထလိုက်သည်။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စိတ်သောကတွေ ကြီးမားစွာ ဖိစီးနေရ၏။

"ပျို့ရယ် ... "

ရင်ထဲမှာ နာကျင်စူးရှစွာဖြင့် ညည်းညူနေမိသည်။

ဘာပဲဖြစ်ဖြစ်ကွာ။

ကိုယ်ရင်ဆိုင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖျို့ကို မစွန့်လွှတ်နိုင်ဘူး။

ချစ်တယ်လို့ ပြောမယ်။

လက်ထပ်မယ်လို့ ပြောမယ်။

ကိုယ့်မှာ တောင်းဆိုပိုင်ခွင့်တွေ ရှိနေတာပဲ။

လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်။

သတ္တိရှိရမယ်။

ဖျို့ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး ဆိုရင်တော့ ချစ်တဲ့အကြောင်းတွေကို ဖွင့်ပြောရမှာပဲ။

အိပ်စက်ဖို့အတွက် ... အတော်လေး ကြိုးစားနေမိသည်။





## အခန်း (၂၄)

"ဖျို့ကို ကိုယ်ချစ်တယ် ... လက်ထပ်ပါရစေ ဖျို့ရယ် ..."

သူ ...

ပြောလိုက်သည်။

ဖျို့မျက်ဝန်းတောက်တောက်လေးတွေက ဒေါသမျက်ဝန်းအဖြစ် ရုတ်ခြည်းပြောင်းလဲသွားတော့၏။

"ဘာပြောတယ် ... ဖျို့ကို ချစ်တယ် ... လက်ထပ်ပါရစေ ဟုတ်လား ... ရှင်က ကျွန်မကို ကျိတ်ကြိတ်စည်နေတာကိုး ကျွန်မချစ်သူနဲ့ ကျွန်မကိုခွဲဖို့ ရှင်အကောက်ကြံခဲ့တာပဲ ... လူယုတ်မာကြီး ... ရှင့်ကို မုန်းတယ် ... မုန်းတယ် ... ဘယ်တော့မှ လက်မထပ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖျို -- ဖျို ... "

"ထွက်သွား ... အခု ကျွန်မအနားကနေ ထွက်သွားပါ ... ရှော့ ရှင့်ဟာနဲ့ဖုန်း ... ရှင်နဲ့ လုံးဝမပတ်သက်တော့ဘူး ... ရှင်က ... ကျွန်မတို့မိသားစုကို ရိုးရိုးသားသားဖြူစင်စင် စောင့်ရှောက်နေတာမှ မဟုတ်တာဘဲ ... အကြံပက်စက် တာပဲ ... ဘယ်တော့မှ မချစ်ဘူး ... မုန်းတယ် ... မုန်း တယ် ... "

သူ ...

လန့်နိုးသွားသည်။

တစ်ကိုယ်လုံး တုန်ရီလှိုက်ဖိုပြီး ချွေးချေးတွေနှင့် စိုရွှဲနေ၏။

အိပ်မက်ပါလား။

မုန်းတီးနာကြည်းမှုတွေနှင့် ခက်ထန်နေတဲ့ ဖျို့မျက်ဝန်းတွေကို သူမမေ့နိုင်အောင် ဖြစ်နေရသည်။

အိပ်မက်ထဲမှာတောင် ဒီလောက်ဖြစ်နေရင် ...

"ဟင် ... "

အိပ်ရာမှ ထလိုက်သည်။

စိတ်တွေကို တည်ငြိမ်အောင် ပထမဆုံးကြိုးစားရ၏။





"မုန်းတယ် ... မုန်းတယ် ... ရှင့်ကို မုန်းတယ် ... လူယုတ်မာကြီး ... "

"အား ... "

သူ ...

မကြားနိုင်တော့။

ဖျိုက ...

သူ့ကို ရိုးသားစွာဖြင့် ခင်မင်တွယ်တာနေတာပါ။

"မမမွန်းကို လက်ထပ်လိုက်ပါလားဟင် ဦးလေးကြီး ... "

အစ်မနှင့်ပင် အောင်သွယ်ပေးနေသော ဖျို။

သူ ...

ဖျို့ကို လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

ကိုယ့်ဂုဏ်သိက္ခာ ...

အသက်အရွယ် ...

စီးပွားရေးလုပ်ငန်းတွေအတွက် ... ဖျိုဆိုတဲ့ မိန်းကလေးကို လက်ထပ်ဖို့ လုံးဝ မသင့်တော်တဲ့ကိစ္စဖြစ်ကြောင်း သဘောပေါက်သွားရသည်။

ဖျို့မှာ ချစ်သူရှိနေ၏။

ငယ်ရွယ်နုပျိုသော ယောကျ်ားလေးတစ်ယောက်ပဲ။

ဖျို --



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်မှာပဲလေ။

သူ ...

မှားယွင်းနေတာပါ။

မချစ်သင့်တဲ့ မိန်းကလေးတစ်ယောက်ကိုမှ ရွေးချယ်ချစ်မိသည်။

စွန့်လွှတ်လိုက်တော့မယ်။

သူက စီးပွားရေးမှာ အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်။

ဘာကြောင့် အသိမဲ့ခဲ့ရတာလဲ။

အချစ်တွေကို ကလေးကလားခံစားနေခဲ့မိသည်။

ပေးဆပ်ခဲ့၏။

အရှက်သိက္ခာမဲ့ခဲ့သည်။

ပျို့နှင့် ဗလအပေါ် အကောက်ကြံပြီး ခွဲပစ်ဖို့ကြိုးစားခဲ့မိ၏။

သော်သော်မွန်းနှင့် ပျို့တို့သာသိလျှင် ...

"ကျော်ရယ် ... ဘာပဲဖြစ်ဖြစ် မွန်းကတော့ ကျော့်အဆုံးအဖြတ်အတိုင်းပဲ ဖြစ်စေရမှာပါ ... ပျို့ကို ဗလနဲ့ သဘောမတူရင် ... မွန်းလုံးဝကန့်ကွက်မယ် ..."

သော်သော်မွန်းပြောတဲ့ စကားတွေကို ပြန်၍ကြားယောင်လာမိသည်။





မဖြစ်ဘူး။

မဖြစ်ဘူး။

ပျို့ကို သူချစ်မြတ်နိုးနေကြောင်း ဘယ်သူ့ကိုမှ အသိပေးလို့မဖြစ်ပါဘူး။

အရှက်သိက္ခာမဲ့ရမဲ့အဖြစ်တွေပဲ မဟုတ်လား။

စောင့်ထိန်းရမယ်။

တော်သေးသည်။

မိုက်မဲစွာဖြင့် ဖွင့်ဟတောင်းဆိုမှုတွေ မလုပ်ခဲ့ပါ။

သူ့စိတ်တွေကို အချိန်မီ ထိန်းချုပ်ထားလိုက်တော့မည်။

နောက်နေ့တွင် ...

ပျို့နှင့် ဗလကို သဘောတူလက်ခံလိုက်ဖို့ ပြောမိသည်။

"ဦးလေးကြီးရယ် ... ပျို့ ဝမ်းသာလိုက်တာ ... ကျေးဇူးအရမ်းတင်ပါတယ်နော် ... တစ်နေ့ကျရင် ဦးလေးကြီးကျေးဇူးကို အကြီးအကျယ်ဆပ်ပါ့မယ် ..."

ပျို့မျက်ဝန်းလေးများက ရွှန်းလဲ့တောက်ပပြီး ပျော်ရွှင်ဝမ်းမြောက်မှုတွေ ပြည့်နှက်နေသည်။

အိပ်မက်ထဲကနေ့ တခြားစီပဲ။

တော်ပါသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဂုဏ်သိက္ခာတွေအတွက် ထိန်းသိမ်းနိုင်လို့။

"ပျို ... "

"ရှင် ... "

"ပျိုတို့မင်္ဂလာပွဲအတွက် ပျို့အတွက်ပေးထားတဲ့ ဟမ်းဖုန်းနဲ့ ကားတစ်စီး ကိုယ်လက်ဖွဲ့ခဲ့မယ် ... "

"ဟင် ... ဦးလေးကြီးက ဘယ်သွားမလို့လဲဟင် ... လက်ဖွဲ့တွေက အရေးမကြီးပါဘူး ... ဦးလေးကြီးကိုပဲ ရှိနေစေချင်တာပါ ... "

"ကိုယ် နိုင်ငံခြားကို သွားရမယ် ... လုပ်ငန်းအတွက်သွားဖို့ စီစဉ်ထားတာ ကြာပြီလေ ... အခုသွားဖို့ ဖြစ်လာလို့ ... "

"ဟင် ... "

သော်သော်မွန်း မျက်ဝန်းလေးတွေက ရီဝေညှိုးမှိုင်းသွားပြီး သူ့ကို အထိတ်တလန့်ကြည့်သည်။

"ကျော်က ဘယ်လောက်တောင် ကြာမှာမို့လဲ ... "

"ပြောလို့ မရသေးဘူး မွန်း ... ဟိုမှာ လုပ်ငန်းအခြေချမှာလေ ... "

"ဟင် ... "

"စီစဉ်ထားတာ ကြာပါပြီ ... ကိုယ်မသွားလို့ မဖြစ်တော့ဘူးလေ ... "





"ဟာကွာ ... မွန်းတို့နှစ်ယောက် ပြန်ဆုံပြီးမှ ပြန်ဝေးသွားရတော့မှာလား ... "

သော်သော်မွန်းရဲ့ မျှော်လင့်ချက်တွေနဲ့ ပြည့်နေတဲ့ မျက်ဝန်းတွေကို သူဥပေက္ခာပြု မသိကျိုးကျွံနေလိုက်သည်။

နိုင်ငံခြားခရီးက စီစဉ်ထားတာ ကြာပါပြီ။

တမင် မသွားတာပါ။

ပျို ...

ကိုယ့်နှလုံးသားဒဏ်ရာတွေကို ကုစားရဦးမှာပါ။

နိုင်ငံခြားမှာ ကြာမယ်ထင်တာပဲ။

ကိုယ်တောင်းပန်ပါတယ် သော်သော်မွန်း ... ။

သော်သော်မွန်းကို လက်ထပ်ဖို့အတွက် ကိုယ့်နှလုံးသားတွေက လုံးဝလက်မခံနိုင်သေးလို့ပါ။

အရာရာပြည့်စုံနေတဲ့ ကိုယ် လက်ထပ်ဖို့အသင့်ဆုံးအနေကလေးဆိုတာသိပေမဲ့ ကိုယ့်နှလုံးသားတွေက မိုက်မဲစွာ ငြင်းဆန်နေဆဲဖြစ်နေတယ်။

"ကိုယ်သွားဖို့ကိစ္စလုပ်ရဦးမယ်နော် ... ပျို့နဲ့ ဗလ ချစ်ခင်ကြင်နာစွာ ရာသက်ပန် ပေါင်းဖက်ကြရပါစေ ... "

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ... ဦးလေးကြီးရယ် ... "

သူ ...

အားလုံးကို ကျောခိုင်းခဲ့သည်။



www.burmeseclassic.com

သော်သော်မွန်းကို လက်ထပ်နိုင်ဖို့တော့ ကိုယ့်ဘက်က မဖြစ်နိုင်တော့ဘူးလို့ သိနေ၏။

မေပျိုဖြူဆိုတဲ့ကောင်မလေးကို မေ့ပစ်နိုင်ဖို့အတွက် အချိန်တွေ အကြာကြီးပေးဆပ်ရင်းနှီးပြီး ကြိုးစားရမှာပဲဖြစ်သည်။

အားလုံးကို ချစ်ခင်လေးစားစွာဖြင့်

တာဝရဲ့သပ်ကျော့ကျော့နေရာတင်လျက်ပါပဲလို့...။

မိကျိုရှူးဇင်